# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၇၉)

Established in 1914

**Myanma Alinn Daily**

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့။


## နိုင်ငံတော်သမ္မတဦးသိန်းစိန် ကာတာနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော်　ဒီဇင်ဘာ　၁၈**

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ကျရောက်သော ကာတာနိုင်ငံ၏ အမျိုးသားနေ့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ကာတာနိုင်ငံ ဘုရင် ရှိတ်ခ် ဟာမက် ဘင် ခါလီဖာ အယ်လ် သာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## ပညာရေးကဏ္ဍအတွက် လူသားအရင်းအမြစ်များ အရည်အသွေးမြှင့်တင်ပေးရေး ဆွေးနွေး

စာမျက်နှာ-၃

## နိုင်ငံတကာလှေလှော်ပြိုင်ပွဲများမှ ရွှေ၊ ငွေ၊ ကြေးတစ်ခုစီ မြန်မာရရှိ

သတင်း-ခင်ရတနာ

**နေပြည်တော်　ဒီဇင်ဘာ　၁၇**

နေပြည်တော် ငလိုက်ဆည်တွင် နိုင်ငံတကာလှေလှော်ပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက်တွင် မြန်မာလှေလှော်ကစားသမားများက ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခု ဆွတ်ခူးပေးနိုင်ခဲ့ကြောင်း သိရသည်။

ပထမဦးစွာ နိုင်ငံတကာလှေလှော်ပြိုင်ပွဲ မီတာ ၂၀၀၀ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲအတွင်း မြန်မာလှေလှော်အားကစားမယ် ရွှေဇင်လတ်က မြန်မာအသင်းအတွက် ကြေးတံဆိပ်ဆုကို ဆွတ်ခူးပေးနိုင်ခဲ့ပြီး အဆိုပါပြိုင်ပွဲတွင် စင်ကာပူအသင်းက ရွှေနှင့် အင်ဒိုနီးရှားအသင်းက ငွေဆုများ အသီးသီးဆွတ်ခူးခဲ့ကြသည်။

အမျိုးသမီးနှစ်ယောက်တွဲလှေလှော်ပြိုင်ပွဲ မီတာ ၂၀၀၀ ပွဲစဉ်များတွင်လည်း မြန်မာလှေလှော် *စာမျက်နှာ ၃ ကော်လံ ၁* ✳

## ဆီးဂိမ်းရွက်လှေပြိုင်ပွဲများ ပြည်သူများအနီးကပ်အားပေးကြည့်ရှုနိုင်

**ပုသိမ်　ဒီဇင်ဘာ　၁၇**

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ပင်လယ်ကမ်းခြေတွင် ကျင်းပလျက်ရှိသည့် ဆီးဂိမ်းရွက်လှေပြိုင်ပွဲများကို ပြည်သူများအနီးကပ်အားပေးကြည့်ရှုနိုင်ကြောင်း သိရသည်။

“ပြိုင်ပွဲကို ကမ်းခြေကနေ ရေမိုင် ၁၅ မိုင်လောက်ဝေးတဲ့နေရာမှာ ပြုလုပ်ရတဲ့အတွက် ပရိသတ်တွေကြည့်ဖို့ အခက်အခဲရှိပါတယ်။ မူလကတော့ ကျွန်မတို့အနေနဲ့ အခုလိုစီစဉ်ပေးဖို့ အစီအစဉ်မရှိပါဘူး။ ပရိသတ်က တောင်းဆိုတဲ့အတွက် မဖြစ်မနေ ဘုတ်တွေစီစဉ်ပေးရခြင်း ဖြစ်ပါတယ်” ဟု လက်မှတ်ရောင်းချနေသူတစ်ဦးက ပြောပြသည်။

အဆိုပါ ငွေဆောင်ကမ်းခြေတွင် ကျင်းပလျက်ရှိသည့် ရွက်လှေပြိုင်ပွဲနေရာနှင့် အနီးကပ်ဆုံးသွားရောက်ကြည့်ရှုနိုင်ရန် သတ်မှတ်ပေးထားသည့် ရေမိုင်အတွင်းသို့ ဘုတ်ဖြင့်လှည့်လည်အားပေးလိုသည့် ပရိသတ်များအနေဖြင့် လက်မှတ်တစ်စောင်လျှင် ကျပ်တစ်သောင်းနှုန်း သို့မဟုတ် ၁၀ ဒေါ်လာနှုန်းဖြင့် ဝယ်ယူအားပေးနိုင်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၃* ✳

သတင်းနှင့်ဓာတ်ပုံ
သူဇာနွယ်(ဖျာပုံ)

## ယနေ့ မာတိကာ


ဇန်နဝါရီလနှောင်းပိုင်းတွင် ဒါပို့စီးပွားရေးဖိုရမ်သို့ အာဘေးတက်ရောက်မည် — စာ-၄

နိုင်ငံတကာပွင့်လင်းမြင်သာမှု ရရှိရေးအဖွဲ့ အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ ပွင့်လင်းထင်သာမြင်သာမှု အဆင့်တိုးမြင့် — စာ-၇

အင်းတော်ဦး ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်း (၂၁)ကြိမ်မြောက် ကျန်းမာရေးစောင့်ရှောက်မှုပေး — စာ-၁၃

ချန်ပီယံလိဂ် ၁၆ သင်းပြိုင်ပွဲ မန်စီးတီးနှင့် ဘာစီလိုနာ တွေ့မည် — စာ-၁၄


### ကြော်ငြာအချပ်ပိုလေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပိုလေးမျက်နှာ ပါရှိပါသည်။

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မျှားချိတ်နှင့် ငါး အနေနီးသော်

ငါးမျှားချိတ်နှင့်နီးသောငါးသည် ငါးမျှားချိတ်ကို အစာထင်မှတ်တတ်ကြပါသည်။ ငါးစာကိုသာမြင်ပြီး မျှားချိတ်ကိုမမြင်သော ငါးအပေါင်းတို့သည် ကိုယ်ကျိုးနည်းကြရပါသည်။ ငါးမျှားသူတို့၏ လက်တွင်းသို့ အရှင်လတ်လတ် သက်ဆင်းကြရပါသည်။ မျှားချိတ်သည် ငါးတို့အတွက် အစာဟုထင်ရသော်လည်း အန္တရာယ်ပင်ဖြစ်ပါသည်။ မျှားချိတ်နှင့်နီးသော ငါးအပေါင်းတို့သည် တစ်ချိန်ချိန်တွင် အန္တရာယ်စက်ကွင်း သက်ဆင်းကြရလေ့ရှိပါသည်။

ယနေ့ခေတ်တွင် ပုရိသယောကျ်ားမိုက်အချို့သည် အမျိုးသမီးများအပေါ် သွေးဆောင်ဖြားယောင်း နည်းမျိုးစုံအသုံးချလာသည်ကို သတိပြုမိသည်။ တို့ဆေး၊ မှုတ်ဆေး၊ ခတ်ဆေးစသော မူးယစ်ထုံထိုင်းမေ့မြောသွားစေသည့် ဆေးဝါးများအသုံးချပြီး ကာမအကြမ်းဖက်မှုများပြုလုပ်လာသည်ကို ကြားသိနေရသည်။ ဤအချက်သည် မိန်းကလေးငယ်များနှင့် အမျိုးသမီးများအတွက် သတိပြုဖွယ်ဖြစ်သည်။ ရုပ်ရှင်ဇာတ်လမ်းဆန်ဆန် ကာမဂုဏ်အသုံးချရန် ဆေးဝါးများ အသုံးချလာသည်မှာ ကြောက်ဖွယ်လိလိဖြစ်လာသည်။ အနံ့ရှူရှိုက်မိရုံဖြင့် မေ့မြောသွားနိုင်သော ဆေးတစ်မျိုးအကြောင်း ဖေ့စ်ဘုတ်စာမျက်နှာတစ်ရပ်တွင် ဖော်ပြထားသည်။ ယင်းဆေးကို လိပ်စာကတ်များ၊ လက်ဆောင်ပစ္စည်းများတွင် သုတ်လိမ်းထားတတ်ကြသည်။ လိပ်စာကတ်သို့မဟုတ် ပစ္စည်းတစ်ခုခုပေါ်တွင် ဆေးသုတ်လိမ်းပြီး အသုံးချလိုသူ ပုရိသ အချို့က လိပ်စာကတ်ကို အမျိုးသမီးများအား ပေးခြင်းဖြင့် ထိုအမျိုးသမီးမှာ လိပ်စာကတ်မှတစ်ဆင့် ပျံ့နှံ့လာသောဆေးကြောင့် တစ်ခဏအတွင်း မူးမေ့သွားစေနိုင်သည်။ ဤနည်းဖြင့် ကာမတိုက်ခိုက်ရန် ကြိုးစားလာမှုမှာ အမျိုးသမီးများအတွက် သတိပြုဖွယ်ဖြစ်သည်။

ရင်းနှီးကျွမ်းဝင်မှုကို အခွင့်ကောင်းယူပြီး ဤကဲ့သို့ လူမဆန်စွာပြုလုပ်ခြင်းမှာ အထူးသတိပြုသင့်သည်။ အချို့က ရင်းနှီးမှုကို အခွင့်ကောင်းယူသည်။ အချို့က မရင်းနှီးသော်လည်း ရင်းနှီးအောင်ကြိုးစားသည်။ ရင်းနှီးသည်ဖြစ်စေ၊ မရင်းနှီးသည်ဖြစ်စေ သတိပြုသင့်သည်။ သတိလက်လွတ်သွားသည်နှင့် အန္တရာယ်သည် ဆိုင်းမဆင့်ဗုံမဆင့် ကျရောက်လာနိုင်သည်။ ငါးသည် မျှားချိတ်နှင့်နီးလျှင် မျှားချိတ်အန္တရာယ်ကျရောက်တတ်သည်။ ငါးစာကိုသာမြင်ပြီး မျှားချိတ်မမြင်သော ငါးကဲ့သို့မဖြစ်သင့်ပါ။ မျှားချိတ်သည် ငါးတိုင်းအတွက် အန္တရာယ်ကိုသာ ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် အမျိုးသမီးများအနေဖြင့် မသိမကျွမ်း၊ မရင်းနှီးသောသူများနှင့် ဆက်ဆံရာတွင် သတိပြုသင့်ပါသည်။ သတိနှင့် ဝီရိယသည် ပိုသည်မရှိပါ။ လောက၌ အတုအယောင် အလိမ်အကောက်များ ပေါပါသည်။ အန္တရာယ်ပြုနိုင်သည့် မျှားချိတ်ကို မြင်အောင်ကြည့်တတ်ဖို့လိုပါသည်။ မျှားချိတ်နှင့်ငါး အနေနီးသော် ငါးသာလျှင် ကိုယ်ကျိုးနည်းဖို့ရှိပါသည်။ ။

## ပြည်တွင်းသတင်း

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဓမ္မရာဇကစေတီတော်မြတ်ကြီးနှင့် ပညာသိပ္ပံဓမ္မရုံသီစေတီတော်တို့၏ ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားအမှတ် (၉၄၇)ဓမ္မရာဇက စေတီတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၇ နာရီ ၁၅ မိနစ်က ဘုရားပရိဝုဏ်အတွင်းရှိ မဏ္ဍပ်၌ ကျင်းပရာ အခမ်းအနားသို့ ပြည်တွင်းပြည်ပသာသနာပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ အရိယာဝံသ အလိုတော်ပြည့် ဆရာတော်အမှူးပြုသော သံဃာတော်များ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် အလှူရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင် Asia Metal Construction ကုမ္ပဏီ ဥက္ကဋ္ဌ ဦးရန်ဟော် ဇနီးဒေါ်ခင်ခင်ထက် မိသားစုတို့က ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဓမ္မရာဇကစေတီတော်မြတ်ကြီး၏ ဖောင်းလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် အလှူ ငွေကျပ် ၉၅၀ သိန်းကို ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်ထံ ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်မိသားစုမှ ဘုရားအမှတ် (၉၉၅) ပြုပြင်ရန် အလှူ ငွေကျပ်သိန်း ၂၀၊ ဘုရားအမှတ် (၁၂၁၉) ပြုပြင်ရန် အလှူငွေကျပ် ၁၅ သိန်း၊ ဘုရားအမှတ် (၁၆၅၃) ပြုပြင်ရန် အလှူငွေကျပ် ၁၈ သိန်း၊ ဓမ္မရာဇက စေတီတော်မြတ်ကြီးနှင့် အရံဂူဘုရားငါးဆူပြုပြင်ရန် အလှူငွေကျပ် ၂၇၁ သိန်း၊ အလိုတော်ပြည့် စာသင်တိုက်အတွက် ဆန်အိတ် ၅၀၊ ဆီပိဿာ ၅၀ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နံနက် ၈ နာရီတွင် ဘုရားအမှတ် (၉၈၀ ဃ) ပညာသိပ္ပံဓမ္မရုံသီစေတီတော်မြတ်၏ ဒသမအကြိမ် ဗုဒ္ဓါဘိသေက အနေကဇာတင် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကိုရင်းဘုရားပရိဝုဏ်အတွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဓမ္မရာဇကစေတီတော်မြတ်ကြီးအတွက် ဒဂုံတက္ကသိုလ် သင်္ချာကျောင်းသားဟောင်းများနှင့် မြန်မာသံတော်ဆင့်ဂျာနယ်မိသားစုဝင်များ၏ လှူဒါန်းငွေကျပ်သိန်း ၅၀၊ သာသနာရေးဝန်ကြီးဌာနက လှူဒါန်း ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိရေးဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဗဟန်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ မြို့နယ်အတွင်းပြည်သူများ ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရေးအတွက် ယခင်က ဗို့အားကျဆင်းလျက်ရှိသော ရွှေတောင်ကြား(၁/၂)ရပ်ကွက်အတွင်းရှိ နေရာများတွင် (၂၀၁၃-၂၀၁၄)ဘဏ္ဍာရေးနှစ် System Improvement လုပ်ငန်းအဖြစ်(11-6.6/0.4)KV,315 KVA ထရန်စဖော်မာသုံးလုံး တပ်ဆင်ခြင်းလုပ်ငန်းနှင့် လိုအပ်သော (6.6)KV ဓာတ်အားလိုင်းနှင့် (400) V ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းကို ဒီဇင် ဘာ ၁၃ ရက်မှ ၁၄ ရက်အထိ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ရပ်ကွက်များအတွင်း လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိပြီး ဓာတ်အားပျောက်ဆုံးမှုများ လျော့နည်းလာသည့်အပြင် ဗို့အားတိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။ မြို့နယ်အတွင်းရှိ အခြားရပ်ကွက်များကိုလည်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။

**လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**

# မြန်မာ-တရုတ် စီးပွားရေးလုပ်ငန်းရှင်များ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာရေးထိုး

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်တုန်းပြည်နယ်မှ ဒုတိယမြို့တော်ဝန် Madam Zhao Yufang ဦးဆောင်သော ကွမ်တုန်းကုန်သည်များအသင်း CCPIT မှ စီးပွားရေးလုပ်ငန်းရှင် ၅၃ ဦးတို့သည် မြန်မာ-တရုတ်(ကွမ်တုန်း) စီးပွားရေးလုပ်ငန်းရှင်များ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ ရေးထိုးပွဲနှင့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက ကုန်သည်/စက်မှုအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**ဆွေးနွေး**

အခမ်းအနားတွင် ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်ဝင်းမင်း ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Yang Hou Lan၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးသန်းမြင့်နှင့် ကွမ်တုန်းဒုတိယမြို့တော်ဝန် Madam Zhao Yufang တို့က အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် နှစ်နိုင်ငံကုန်သည်များအကြား နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။ ဆက်လက်၍ မြန်မာ-တရုတ်စီးပွားရေးလုပ်ငန်းရှင်များသည် မိမိတို့သက်ဆိုင်ရာ စီးပွားရေးကဏ္ဍများအလိုက် အခွင့်အလမ်းများအကြောင်းကို မွန်းလွဲ ၁ နာရီအထိ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်**

# အိုင်ဒင်ကျေးရွာ၌ စာပေဟောပြောပွဲကျင်းပ

**ပုဏ္ဏားကျွန်း ဒီဇင်ဘာ ၁၇**

နတ်တော်လ စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် အိုင်ဒင်ကျေးရွာတွင် ပထမအကြိမ်မြောက် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၁၄ ရက် ညနေ ၇ နာရီက ကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးငလုံးအောင်က စာပေဟောပြောပွဲ ပြုလုပ်ရခြင်း အကြောင်းအရင်းများကို ရှင်းလင်းပြောကြားသည်။

ဟောပြောပွဲတွင် စာရေးဆရာ စစ်တွေညိုသန့်၊ လေးဝတီခိုင်ကျော်၊ လွမ်းပြေအောင်၊ အရှင်ပညာစာရ၊ သူမြတ် (မဟာအောင်မြေ)နှင့် ပံသူခင်တို့က သုတရသစုံလင်စွာဖြင့် နှစ်ညဆက်တိုက် ဟောပြောခဲ့ကြရာ ဒေသခံ ကျေးရွာသားများအပြင် အနီးပတ်ဝန်းကျင် ကျေးရွာသားများပါ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သူ(ပုဏ္ဏားမြို့)**

# ဒီဇင်ဘာ ဒုတိယပတ် လူထုလမ်းလျှောက်ပွဲ ဟားခါး၌ကျင်းပ

**ဟားခါး ဒီဇင်ဘာ ၁၇**

ချင်းပြည်နယ် ဟားခါးမြို့၏ ဒီဇင်ဘာ လူထုအားကစားလ ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၆ နာရီက ဟားခါးမြို့ ဗိုလ်ချုပ်လမ်း ဆေးရုံကွေ့လမ်းဆုံစုရပ်နေရာ၌ကျင်းပရာ လမ်းလျှောက်ပွဲသို့ ချင်းပြည်နယ် အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းဦးနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူ ၁၀၀၀ ခန့် ပါဝင်ဆင်နွှဲကြသည်။ သတ်မှတ်စုရပ်နေရာမှ စတင်၍ ဝမ္မသူးမောင် အားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ကြပြီး အားကစားကွင်းတွင် ကိုယ်လက်ကျန်းမာရေး လေ့ကျင့်ခန်းကို စုပေါင်းလှုပ်ရှား ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ပညာရေးကဏ္ဍအတွက် လူသားအရင်းအမြစ်များအရည်အသွေးမြှင့်တင်ပေးရေးဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၇

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ဂျပန်နိုင်ငံ Japan International Cooperation Agency (JICA) Human Development Department မှ Chief Advisor Dr.Hiroshi SHIRAKAWA ဦးဆောင်သော အဖွဲ့အား ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဥက္ကဋ္ဌရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ကော်မတီဥက္ကဋ္ဌ ဦးနေဝင်းထွန်း၊ ဒေါက်တာခင်ရွှေ ဦးစံထွန်းတို့ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် ပညာရေးကဏ္ဍအတွက် အရေးကြီးသော လူသားအရင်းအမြစ်များ အရည်အသွေးမြှင့်တင်ပေးရေး၊ သုတေသနဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးကဏ္ဍနှင့် သုတေသနလုပ်ငန်းများအတွက် အထောက်အကူပြုသည့် စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## ပြည်တွင်းသတင်း

### ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကာတာနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၁၈

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ကျရောက်သော ကာတာနိုင်ငံ၏ အမျိုးသားနေ့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကာတာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ခါလစ် ဘင် မိုဟာမက်အယ်လ် အက်တီရာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

### သံအမတ်ကြီး ဦးပေါ်လွင်စိန် သံအမတ်ခန့်အပ်လွှာပေးအပ်ပြီးဖြစ်

နေပြည်တော် ဒီဇင်ဘာ ၁၈

လူဇင်ဘတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးပေါ်လွင်စိန်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် လူဇင်ဘတ်မြို့၌ လူဇင်ဘတ်နိုင်ငံအကြီးအကဲ မြို့စားမင်းသား အွန်နရီထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

### သံအမတ်ကြီး ဦးအောင်ခင်စိုးအား အီရန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဒီဇင်ဘာ ၁၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးအောင်ခင်စိုးအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

✷ ***ရှေ့ဖုံးမှ***

အားကစားမယ်များဖြစ်ကြသော ချောစုနှင့် နီလာဝင်းတို့က ငွေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့ပြီး အဆိုပါပြိုင်ပွဲတွင် ဗီယက်နမ်အသင်းက ပထမနှင့် အင်ဒိုနီးရှားအသင်းက တတိယဆုများ ရရှိခဲ့ကြသည်။

တတိယပွဲစဉ်များအဖြစ် အမျိုးသားအဖွဲ့လိုက် မီတာ ၂၀၀၀ လှေလှော်ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ရာ အင်ဒိုနီးရှားအသင်းက ရွှေတံဆိပ်ရရှိခဲ့ပြီး ထိုင်းအသင်းက ငွေနှင့် ဗီယက်နမ်အသင်းက ကြေးတံဆိပ်ဆုများရရှိခဲ့ပြီး စိုးညီညီ၊ ရဲလွင်၊ ဝေယံထွန်း၊ နေလင်းဦး၊ အောင်မြတ်သူ၊ နေမျိုးဆေး၊ အေးကို၊ သက်နိုင်စိုး၊ တင်မောင်ဦးတို့ပါဝင်သည့် မြန်မာအသင်းသည် အမှတ်စဉ်ဇယားတွင် အဆင့်လေးနေရာဖြင့် ကြေးဆုနှင့် လွဲခဲ့ရသည်။

အမျိုးသားနှစ်ယောက်တွဲ လှေလှော်ပြိုင်ပွဲများတွင်မူ အင်ဒိုနီးရှားအသင်းက ပထမ၊ ဖိလစ်ပိုင်အသင်းက ဒုတိယနှင့် ဗီယက်နမ်အသင်းက တတိယဆုများရရှိခဲ့သည်။

ဆက်လက်ပြီး အပြည်ပြည်ဆိုင်ရာလှေ အမျိုးသမီးလေးယောက်တွဲ လှေလှော်ပြိုင်ပွဲ မီတာ ၂၀၀၀ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ရာ မြန်မာနိုင်ငံမှ ချောစု၊ အေးသူဇာ၊ သန်းသန်းနွယ်နှင့် နီလာဝင်းတို့အဖွဲ့သည် ပထမရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့ပြီး ငွေတံဆိပ်ဆုကို ဗီယက်နမ်ကလည်းကောင်း၊ ကြေးတံဆိပ်ဆုကို အင်ဒိုနီးရှားက လည်းကောင်း အသီးသီးရရှိခဲ့သည်။

✷ ***ရှေ့ဖုံးမှ***

သွားရောက်ကြည့်ရှု အားပေးလိုကြသည့် ပြည်သူများလုံခြုံစိတ်ချမှုရှိစေရန် အသက်ကယ်အင်္ကျီများဝတ်ဆင်နိုင်အောင် စီစဉ်ပေးထားသည်။

ပြိုင်ပွဲအစနေ့ဖြစ်သည့် ဒီဇင်ဘာ ၁၅ ရက်က ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်ရှိနေသဖြင့် ကြည့်ရှုသူနည်းသော်လည်း ဒီဇင်ဘာ ၁၆ ရက်နှင့် ဒီဇင်ဘာ ၁၇ ရက်တို့တွင် ပြည်တွင်းပြည်ပမှလာရောက်အားပေးကြသည့်ပရိသတ်များပြားခဲ့သည်။ "ကိုယ့်နိုင်ငံမှာ အိမ်ရှင်အဖြစ် ကျင်းပခွင့်ရခဲ့ပြီး ရွက်လှေပြိုင်ပွဲကို အနီးကပ်ကြည့်ရှုအားပေး ခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်"ဟု ကိုယ်တိုင်သွားရောက်ခဲ့သူ မကွေးမြို့မှ ပရိသတ်တစ်ဦးက ဝမ်းသာအားရ ပြောပြသည်။

### ဆီးဂိမ်းပြိုင်ပွဲဝင်အားကစားသမားများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးနေ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ဆေးအဖွဲ့များ၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ၅၀၀၀ ရုံ (ဘီ)နှင့် ၃၀၀၀ ရုံ(စီ)တို့၌ ပိုက်ကျော်ခြင်းနှင့် စားပွဲတင် တင်းနစ်ပြိုင်ပွဲများတွင် ကျန်းမာရေး စောင့်ရှောက်မှုပေးနေသော ဆေးအဖွဲ့များအား တွေ့ဆုံအားပေးသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ်ခတင် ၅၀ ဆေးရုံ၌ အရေးပေါ်လူနာကုသခန်းများ ပြင်ဆင်ထားမှု၊ လူနာတင်ယာဉ်ခေါ်ဆိုမှုစနစ်၊တာဝန်ခွဲဝေချထားမှုနှင့် မှတ်တမ်းပြုစုထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝဏ္ဏသိဒ္ဓိမြားပစ်ကွင်းနှင့် ဝဏ္ဏသိဒ္ဓိမြင်းစီးကွင်းများ၌ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ဆေးအဖွဲ့များအား တွေ့ဆုံအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❀ ***ကျောဖုံးမှ***

အမျိုးသား ၄၈ ကီလို၊ ၅၁ ကီလို၊ ၅၄ ကီလို၊ ၅၇ ကီလို၊ ၆၀ ကီလိုတန်း ပြိုင်ပွဲများနှင့် ၆၃ ဒသမ ၅ ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပြီး အမျိုးသမီး ၄၈ ကီလိုတန်းပြိုင်ပွဲများကို မြန်မာ၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့မှ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ညနေ ၃ နာရီတွင် အမျိုးသမီး ၄၈ ကီလိုတန်းပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကစားခဲ့ပြီး ဗီယက်နမ်နိုင်ငံမှ THI QUYNH BUI (အနီ)က ထိုင်းနိုင်ငံမှ SARINNA JANGWANG (အပြာ)ကို အနိုင်ရရှိခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ဒီဇင်ဘာ ၁၇ ရက်တွင် အမျိုးသား ၅၄ ကီလိုတန်းတွင် စောဒါပိုး(အနီ)က ထိုင်းနိုင်ငံမှ NATTHAPHOL AUNNUEA (အပြာ) ကို လည်းကောင်း၊ ၅၇ကီလိုတန်းတွင် မလေးရှားမှ AIN BIN KAMARRUDIN (အပြာ)က မြန်မာမှ စောဝီလျံထူးကြီး(အနီ)ကို လည်းကောင်း၊ ၆၃ ဒသမ ၅ကီလိုတန်းတွင် စိုးလွင်ဦး(အပြာ)က မလေးရှားမှ MOHAD AMIRUL BIN ARIFFIN (အနီ)ကို လည်းကောင်း အသီးသီးအနိုင်ရရှိပြီး ဆီမီးဖိုင်နယ်တက်ရောက်သွားပြီဖြစ်သည်။ အကြိုဗိုလ်လုပွဲများကို ဒီဇင်ဘာ ၁၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။

### ထားဝယ်တိုင်းရင်းသားများပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**

**ကြေညာချက်အမှတ်(၃၉/၂၀၁၃)**
**၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်**
**(၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)**

**ထားဝယ်တိုင်းရင်းသားများပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

အမှတ်(၈၇) အလယ်လမ်း၊ ခုံဝင်းဒပ်ရပ်၊ ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ပါတီရုံးချုပ်(ယာယီ) ဖွင့်လှစ်ထားရှိသော **ထားဝယ်တိုင်းရင်းသားများပါတီ**အား ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**ထားဝယ်တိုင်းရင်းသားများပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၇၀) ဖြစ်ပါသည်။

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

### လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) LISU NATIONAL DEVELOPMENT PARTY (L.N.D.P)အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**

**ကြေညာချက်အမှတ်(၃၈/၂၀၁၃)**
**၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်**
**(၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)**

**လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) LISU NATIONAL DEVELOPMENT PARTY (L.N.D.P) အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

အမှတ်(၁၅၈၇)၊ ရမ်ပူရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) LISU NATIONAL DEVELOPMENT PARTY (L.N.D.P)** အား ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**လီဆူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) LISU NATIONAL DEVELOPMENT PARTY (L.N.D.P)** ၏ မှတ်ပုံတင်အမှတ်မှာ (၆၉)ဖြစ်ပါသည်။

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

နိုင်ငံတကာသတင်း

## NSA ၏ လုပ်ရပ်သည် အခြေခံဥပဒေနှင့် မကိုက်ညီဟု ပြည်ထောင်စုတရားသူကြီးဆို

*ဝါရှင်တန် ဒီဇင်ဘာ ၁၇*

*အမေရိကန်နိုင်ငံ အမျိုးသားလုံခြုံရေးအေဂျင်စီ NSA က ဖုန်းပြောဆိုမှုများကို အသံဖမ်းယူမှုများသည် အခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိကြောင်း အမေရိကန်နိုင်ငံ ပြည်ထောင်စုတရားသူကြီး Richard Leon က ဆိုသည်ဟု ဒီဇင်ဘာ ၁၇ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။ အီလက်ထရွန်နစ် နည်းပညာ စပိုင်လုပ် စောင့်ကြည့်မှုသည် နိုင်လိုမင်းထက် လုပ်ရပ်တစ်ခုဖြစ်သည်ဟု ဖက်ဒရယ်ပြည်ထောင်စုတရားသူကြီးက ဆိုခဲ့ခြင်းဖြစ်သည်။*

*အေဂျင်စီ လုပ်ဆောင်ခဲ့သော ဖုန်းနံပါတ်၊ ဖုန်းခေါ်ဆိုမှုအကြိမ်နှင့် နေ့ရက်အချိန်များအပါအဝင် တရားမဝင်စုံစမ်းမှုများသည်အေဂျင်စီဝန်ထမ်းဟောင်း အက်ဝပ်စနိုးဒန်း ဖွင့်ချရာမှ ပေါ်ပေါက်လာရခြင်းဖြစ်သည်။ အက်ဝပ်စနိုးဒန်းအား လျှို့ဝှက်ချက်များဖွင့်ချမှုကို ရပ်ဆိုင်းပါက လွတ်ငြိမ်းချမ်းသာခွင့်ပေးမည်ဟုဆိုသော ကမ်းလှမ်းချက်ကိုမဟုတ်ပါဟု အိမ်ဖြူတော်က ငြင်းဆိုကြောင်း သိရသည်။* ***(ဘီဘီစီ)***

• • • • • • • • • • • • • • • •

## ဇန်နဝါရီလနှောင်းပိုင်းတွင် ဒါဗို့စီးပွားရေးဖိုရမ်သို့ အာဘေးတက်ရောက်မည်

*တိုကျို ဒီဇင်ဘာ ၁၇*

***ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ဒါဗို့မြို့၌ ဇန်နဝါရီ ၂၂ ရက်တွင် စတင်ကျင်းပမည့် ကမ္ဘာ့စီးပွားရေးဖိုရမ်၏ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ရန် စီစဉ်ထားသည်ဟု အစိုးရတာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၁၆ရက်တွင် ပြောကြားသည်။***

***အာဘေးသည် ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေးခေါင်းဆောင်များ ရှေ့မှောက်တွင်''အာဘေးနိုမစ်''ဟု တင်စားထားသော ၄င်း၏စီးပွားရေးမူဝါဒများနှင့် ဂျပန်၏ဖွံ့ဖြိုးလာသော မဟာဗျူဟာများအကြောင်းကို ရှင်းပြလိမ့်မည်ဟု အဆိုပါအရာရှိက ပြောကြားသည်။***

***အစိုးရနှင့်လစ်ဘရယ်ဒီမိုကရက်တစ်ပါတီဦးဆောင်သော အာဏာရအဖွဲ့သည် ဇန်နဝါရီ ၂၄ ရက်တွင် ပါလီမန်ပုံမှန်အစည်းအဝေးကို ကျင်းပရန် စဉ်းစားသုံးသပ်နေကြသည်။***

*(ကျိုဒို)*

နယ်စပ်မျဉ်းအနီးရှိ စောင့်ကြပ်နေသော အစ္စရေးစစ်သားအချို့ကို တွေ့ရစဉ်။

## လက်ဘနွန် - အစ္စရေးနယ်စပ်တည်ငြိမ်မှု ထိန်းသိမ်းရေးဆွေးနွေး

**ဘေရွတ် ဒီဇင်ဘာ ၁၇**

အစ္စရေး-လက်ဘနွန်နယ်စပ်မျဉ်းပေါ်တွင် "ရန်လိုသင်းကွဲ" လက်ဘနွန် စစ်သားတစ်ဦးက ပစ်ခတ်မှုကြောင့် အစ္စရေးစစ်သားတစ်ဦးသေဆုံးခဲ့ရပြီး နောက်တစ်နေ့တွင် တင်းမာမှုများကိုလျှော့ချရန်အတွက်အစ္စရေး၊ လက်ဘနွန်နှင့်ကုလသမဂ္ဂတို့မှ အဆင့်မြင့် စစ်ဘက်အရာရှိများ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

နယ်စပ်တစ်လျှောက်အလားတူဖြစ်ရပ်များ ထပ်မံဖြစ်ပွားခြင်းမရှိအောင် ကာကွယ်တားဆီးရေး၊ တည်ဆဲလုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုများ ခိုင်မာအားကောင်းရေးတို့အတွက် မိမိတို့ဆွေးနွေးခဲ့ကြကြောင်း လက်ဘနွန်နိုင်ငံအတွင်းရှိ ကုလသမဂ္ဂကြားခံတပ်မှ တပ်မှူးက ကြေညာချက်တွင်ဖော်ပြခဲ့သည်။

နယ်စပ်ဖြတ်ကျော်ပစ်ခတ်မှု ဖြစ်ပွားပြီးနောက် အစ္စရေးနှင့်လက်ဘနွန် စစ်ဘက်အရာရှိများက ဒေသတွင်းတည်ငြိမ်မှု ပြန်လည်ထိန်းသိမ်းရေးအတွက် အပြည့်အဝပူးပေါင်းဆောင်ရွက်မှုကို ထုတ်ဖော်ပြသခဲ့ကြကြောင်းလည်း ၄င်းကဆိုသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တိတိကျကျရှင်းရှင်းလင်းလင်း မသိရသေးသော်လည်း ကနဦးစုံစမ်းတွေ့ရှိချက်များအရ ပစ်ခတ်မှုမှာ ကိုယ့်သဘောနှင့်ကိုယ် ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး ပစ်ခတ်သူ လက်ဘနွန်စစ်သားမှာလည်း ပျောက်ဆုံးနေခဲ့ကြောင်းနှင့် နောက်ပိုင်းတွင် ပြန်လည်တွေ့ရှိခဲ့ကြောင်း လက်ဘနွန်လုံခြုံရေးအသိုင်းအဝိုင်းက ပြောကြားသည်။ **(ရိုက်တာ)**

## အမေရိကန်က အရှေ့တောင်အာရှတွင် ရေကြောင်းလုံခြုံရေးအတွက် ထောက်ပံ့မည်

**ဟန္နိုင်း ဒီဇင်ဘာ ၁၇**

အမေရိကန်ပြည်ထောင်စုသည် အရှေ့တောင်အာရှနိုင်ငံများ၏ ရေကြောင်း လုံခြုံရေးအတွက် အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၅ သန်းထောက်ပံ့လိမ့်မည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ဒီဇင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး မန်ဘင်မင်နှင့် ဟန္နိုင်းမြို့တွင်တွေ့ဆုံပြီးနောက် ထောက်ပံ့ရေးကိစ္စရပ်များကို ဂျွန်ကယ်ရီက ပူးတွဲသတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဗီယက်နမ်သည် ထောက်ပံ့မှုအသစ်အဖြစ် ဒေါ်လာ ၁၈ သန်းကို လက်ခံယူလိမ့်မည်ဖြစ်ပြီး အမေရိကန်ထံမှ ကမ်းခြေစောင့်အမြန်ရေယာဉ်ငါးစင်းရရှိရန် မျှော်လင့်ရသည်။

အမေရိကန်၏ထောက်ပံ့မှုသည် တောင်တရုတ်ပင်လယ်အတွင်း ပိုင်နက်အငြင်းပွားမှုတွင် တရုတ်၏စစ်ရေးကြီးထွားလာမှုကို သီးသန့်သက်ရောက်မှုရှိလိမ့်မည်မဟုတ်ကြောင်း ဂျွန်ကယ်ရီက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံနှင့် အချို့ အရှေ့တောင်အာရှနိုင်ငံများသည် တောင်တရုတ်ပင်လယ်အတွင်း တရုတ်နှင့်ပိုင်နက်ကြေညာထားမှုသည် ထပ်တူကျနေသည်။

အရှေ့တရုတ်ပင်လယ်တွင် တရုတ်နိုင်ငံနှင့် ပိုင်နက်အငြင်းပွားမှုဖြစ်ပေါ်နေသော ဂျပန်နိုင်ငံကလည်း ဗီယက်နမ်နိုင်ငံ၏ ရေကြောင်းလုံခြုံရေးကို အထောက်အပံ့ပေးရန် ကမ်းလှမ်းထားကြောင်း သိရသည်။ **(ကျိုဒို)**

## လက်ဘနွန်လက်ဖြောင့်သေနတ်သမား ပစ်ခတ်သဖြင့် အစ္စရေးစစ်သားတစ်ဦးနယ်စပ်တွင်သေဆုံး

**ဂျေရုဆလင် ဒီဇင်ဘာ ၁၇**

နယ်စပ်တစ်လျှောက် ကားမောင်းလာသည့် အစ္စရေးစစ်သားတစ်ဦးကို လက်ဘနွန်စစ်တပ်မှ လက်ဖြောင့်သေနတ်သမားတစ်ဦးက ပစ်ခတ်သဖြင့် သေဆုံးသွားကြောင်း အစ္စရေးစစ်ဘက်က ထုတ်ပြန်လိုက်ရာ အဆိုပါ ဖြစ်ရပ်ကြောင့် အစ္စရေးဘက်မှ လက်တုံ့ပြန်မည့်ခြိမ်းခြောက်မှုများထွက်ပေါ်လာသည်။

ရို့ရှ်ဟာနီကရာအနီး ဒီဇင်ဘာ ၁၅ ရက် ညပိုင်းက ဖြစ်ပွားခဲ့သည့် အဆိုပါ ပစ်ခတ်မှုကြောင့် ၂၀၀၆ ခုနှစ်နွေရာသီ တစ်လတာစစ်ပွဲကာလနောက်ပိုင်းအများအားဖြင့် ငြိမ်သက်နေခဲ့သော ဆတ်ဆတ်ထိမခံသည့် အဆိုပါ ဒေသတွင်း တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာနိုင်သည့် အခြေအနေများမြင့်တက်လာသည်။ လွန်ခဲ့သည့်ခုနစ်က ဖြစ်ခဲ့သော စစ်ပွဲကိုဆင်နွှဲခဲ့သည့် ဟစ်ဇ်ဘိုလာပြောက်ကျားအုပ်စုမှာ ဒီဇင်ဘာ ၁၅ ရက်က ဖြစ်ပွားခဲ့သည့် ပစ်ခတ်မှုများနှင့်ပတ်သက်ပုံမရကြောင်း သတင်းကဆိုသည်။

လက်ဘနွန်မှ အမျိုးသားသတင်းအေဂျင်စီကမူ ပစ်ခတ်မှုပြုလုပ်ခဲ့သူမှာ လက်ဘနွန်စစ်တပ်မှ တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည်ဟု အတည်ပြုခဲ့သည်။ ပစ်ခတ်ရသည့်အကြောင်းရင်းမှာ ရှင်းရှင်းလင်းလင်းမရှိသေးဟု သိရသည်။ အစ္စရေးစစ်သားများ လက်ဘနွန်နယ်မြေအတွင်း ထိုးဖောက်ဝင်ရောက်ခြင်းကြောင့်ဟု ဆိုကာ လက်ဘနွန်စစ်တပ်က ပစ်ခတ်မှုများ ယခင်ကရှိခဲ့သည်။

ယခုဖြစ်ရပ်နှင့် ပတ်သက်၍ လက်ဘနွန်စစ်ဘက်အသိုင်းအဝိုင်းက လတ်တလောမှတ်ချက်တစ်စုံတစ်ရာပေးခြင်းမရှိသေးကြောင်း သတင်း၌ ဖော်ပြထားသည်။

**(အေပီ)**

## ဆီးရီးယားပြည်သူလေးပုံသုံးပုံ လူသားချင်းစာနာမှုအကူအညီများလိုအပ်နေ

**ဂျီနီဗာ ဒီဇင်ဘာ ၁၇**

ဆီးရီးယားပြည်သူ အများအပြား အကူအညီလိုအပ်နေကြောင်း ဆီးရီးယားအတွက် လူသားချင်းစာနာရေးအကူအညီ အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံရရှိရန် မျှော်လင့်ထားကြောင်း ကုလသမဂ္ဂက ကြေညာသည်။

ဆီးရီးယားပြည်သူ ၂၂ ဒသမ ၄ သန်း၏ လေးပုံသုံးပုံနီးပါး ၂၀၁၄ ခုနှစ်အတွင်း လူသားချင်းစာနာသည့် အကူအညီလိုအပ်နေကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားသည်။

ငတ်မွတ်ခေါင်းပါးမှုသည် ဆီးရီးယားပြည်သူများအား ခြိမ်းခြောက်လာနေကြောင်း အပြည်ပြည်ဆိုင်ရာ ကယ်ဆယ်ရေးကော်မတီ၏ ဆန်းစစ်လေ့လာချက် အသစ်တစ်ရပ်တွင် ဖော်ပြသည်။ အချို့သောဒေသများတွင် ပေါင်မုန့်ဈေးနှုန်းသည် ၅၀၀ ရာခိုင်နှုန်းအထိ မြင့်တက်လာသည်ဟု စစ်တမ်းတွင် ဖော်ပြသည်။

ဆီးရီးယားပြည်သူငါးဦးလျှင် လေးဦးမှာ အစာရေစာပြတ်လပ်တော့မည့်အနေအထားနှင့် ရင်ဆိုင်နေရသည်ဟု အဆိုပါ စစ်တမ်းတွင်ဖော်ပြသည်။ ကုလသမဂ္ဂက လာမည့်နှစ်အတွင်း အဆိုပါ ဆီးရီးယားဒုက္ခသည်များအား ကူညီရန် ရန်ပုံငွေအမေရိကန်ဒေါ်လာ ၁၃ ဘီလီယံထူထောင်ပေးနိုင်ရန် မျှော်လင့်ထားသည်။ **(ဘီဘီစီ)**

လူသားချင်းစာနာကူညီမှု လိုအပ်နေသည့် ဆီးရီးယားပြည်သူများကို တွေ့ရစဉ်။

ပြည်တွင်းသတင်း

## သုဝဏ္ဏအားကစားကွင်းအတွင်းရှိ ထိုင်ခုံများနှင့်လမ်းဘေးဝဲယာရှိ အလံတိုင်များဖျက်ဆီးပြီး ဆိုင်းဘုတ်မီးရှို့ရာတွင် ပါဝင်ခဲ့သူများအား အရေးယူနိုင်ရေး စစ်ဆေးဖော်ထုတ်လျက်ရှိ ဆူပူအော်ဟစ်ရာတွင် ပါဝင်သူကိုးဦးအား ထိန်းသိမ်းစစ်ဆေးမေးမြန်းနေ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယမန်နေ့ညပိုင်းက အားကစားကွင်းအတွင်းရှိပလတ်စတစ်ထိုင်ခုံများအား ရိုက်ချိုးဖျက်ဆီးခြင်း၊ ဝေဇယန္တာလမ်းဝဲ၊ ယာရှိစတီးလ်အလံတိုင်များ ဖျက်ဆီးခြင်းနှင့် ဆိုင်းဘုတ်နှင့်ဆီးဂိမ်းတံဆိပ်စာသားပါ အင်္ကျီများချွတ်၍ မီးရှို့ခြင်းစသည်တို့ ကျူးလွန်ခဲ့သူများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ဘောလုံးကွင်းအတွင်းနှင့် ဝေဇယန္တာလမ်းပေါ်၌ ဆူပူအော်ဟစ်ရာတွင် ပါဝင်ခဲ့သူကိုးဦးအား သယ်န်းကျွန်းရဲစခန်းက ထိန်းသိမ်းထားရှိပြီး စစ်ဆေးမေးမြန်းလျက်ရှိကြောင်း သိရှိရသည်။

ယမန်နေ့ ညနေ ၆ နာရီ ၄၅ မိနစ်မှ ည ၈ နာရီခွဲခန့်အထိ သုဝဏ္ဏအားကစားကွင်း၌ မြန်မာဘောလုံးအသင်းနှင့် အင်ဒိုနီးရှားဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်ဒိုနီးရှား ဘောလုံးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဘောလုံးပွဲအပြီးတွင် ဘောလုံးပွဲကြည့်ပရိသတ်အချို့ကကွင်းအတွင်း တောင်ဘက်ပွဲကြည့်စင်(ရိုး ရိုးတန်း)ရှိ ထိုင်ခုံအချို့နှင့် အထူးတန်းပွဲကြည့်စင်ရှိ ထိုင်ခုံအချို့တို့ကို ရိုက်ချိုးဖျက်ဆီးခြင်း၊ သုဝဏ္ဏအားကစားကွင်းသို့ဝင်သည့် ဝေဇယန္တာလမ်း ပင်မဝင်ပေါက်၌ ချိတ်ဆွဲထားသော (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မြန်မာအသင်းအောင်နိုင်ဖို့ ကွင်းထဲအရောက် အားပေးစို့စာသားပါ (၂၅×၁၈) ပေ အရွယ်ရှိ ဆိုင်းဘုတ်နှင့် ပရိသတ်အချို့က ၄င်းတို့ဝတ်ဆင်ထားသည့် ဆီးဂိမ်းတံဆိပ်စာသားပါ အင်္ကျီများ မီးရှို့မှုပြုလုပ်ခြင်း၊ ဝေဇယန္တာလမ်းဝဲ၊ ယာရှိ စတီးအလံတိုင်များအား ဖျက်ဆီးခြင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

ယင်းသို့ ဖျက်ဆီးမှုကြောင့် ပလတ်စတစ်ထိုင်ခုံအလုံး ၂၀၀(တန်ဖိုးငွေကျပ် သိန်း ၂၀)၊ စတီးအလံတိုင် ၃၅ တိုင်(တန်ဖိုးငွေကျပ် ၅၉၅၀၀၀)၊ ဗီနိုင်းကြော်ငြာတစ်ခု (တန်ဖိုးငွေကျပ် ၅၀၀၀၀) စုစုပေါင်း တန်ဖိုးငွေကျပ် ၂၆၄၅၀၀၀ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်၌ ဖျက်ဆီးရာတွင် ပါဝင်ခဲ့သူများအား အရေးယူနိုင်ရေးအတွက် စုံစမ်းစစ်ဆေးလျက်ရှိပြီး ဘောလုံးကွင်းအတွင်း ဆူပူအော်ဟစ်ရာတွင် ပါဝင်ခဲ့သူ ကျော်မိုးလွင်အပါအဝင် သုံးဦး၊ ဝေဇယန္တာလမ်းမပေါ်တွင် ဆူပူအော်ဟစ်ရာတွင် ပါဝင်ခဲ့သူ ငြိမ်းငြိမ်းကျော်အပါအဝင် ခြောက်ဦးတို့ကို ထိန်းသိမ်းစစ်ဆေးမေးမြန်းခဲ့ပြီးနောက် မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံခဲ့ကြောင်း၊ ယခုအခါ သုဝဏ္ဏဘောလုံးကွင်း အတွင်းစည်း၊ အပြင်စည်း လုံခြုံရေးကို ရဲတပ်ဖွဲ့ဝင် ၁၀၁၅ ဦးဖြင့် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှုများ အမြန်ဆုံးတည်ငြိမ်အေးချမ်းမှုရရှိစေရန် သုဝဏ္ဏအားကစားကွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲတပ်ရင်းများ၊ ရန်ကုန် တိုင်းရဲတပ်ဖွဲ့နှင့် ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့များပါဝင်သော ပူးပေါင်းတပ်ဖွဲ့များမှအခြေအနေကို ဝိုင်းဝန်းထိန်းသိမ်းခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့မှသတင်းရရှိသည်။

**(သတင်းစဉ်)**

## ဆီးဂိမ်း အားကစား ပြိုင်ပွဲ စနူကာ (15 Red) ပွဲစဉ်တွင် မြန်မာအသင်းမှ ဝင်းကိုကို အကြိုဖိုင်နယ်လုပွဲ တက်ရောက်

မြန်မာအသင်းမှ ဝင်းကိုကို စနူကာ (15Red) ပြိုင်ပွဲဝင်နေစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၇**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဘိလိယက်နှင့် စနူကာအားကစားပြိုင်ပွဲများကို ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားတစ်ဦးချင်း စနူကာ (15 Red) နှင့် ပူးလ် (10 ball) အားကစားနည်းများကို တစ်ပြိုင်နက်တည်း ကျင်းပခဲ့သည်။

အမျိုးသားတစ်ဦးချင်း စနူကာ (15 Red) ပဏာမပွဲစဉ်များတွင် မြန်မာအသင်းက ဗီယက်နမ်အသင်းကိုလည်းကောင်း၊ ထိုင်းအသင်းက လာအိုအသင်းကိုလည်ကောင်း၊အင်ဒိုနီးရှားအသင်းက ထိုင်းအသင်းကိုလည်းကောင်း၊ မလေးရှားအသင်းက စင်ကာပူအသင်းကို လည်းကောင်း အနိုင်ရရှိပြီး ပူးလ် (10 ball) တွင် ဗီယက်နမ်အသင်းက လာအိုအသင်းကိုလည်းကောင်း၊ ထိုင်းအသင်းက မလေးရှားအသင်းကို လည်းကောင်း၊ ဖိလစ်ပိုင်အသင်းက ဘရူနိုင်းအသင်းကိုလည်းကောင်း၊ အင်ဒိုနီးရှားအသင်းက မြန်မာအသင်းကိုလည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

ယင်းနောက် မွန်းလွဲ ၁ နာရီတွင် စနူကာ (15 Red) ပဏာမပွဲစဉ်များ ဆက်လက်ကျင်းပရာ မြန်မာအသင်းက လာအိုအသင်းကိုလည်းကောင်း၊ အင်ဒိုနီးရှားအသင်းက ဖိလစ်ပိုင်အသင်းကိုလည်းကောင်း၊ မလေးရှားအသင်းက ဗီယက်နမ်အသင်းကို လည်းကောင်း၊ စင်ကာပူအသင်းက ထိုင်းအသင်းကိုလည်းကောင်း အနိုင်ရရှိပြီး ပူးလ်အမျိုးသားတစ်ဦးချင်း ပဏာမပွဲစဉ်တွင် မြန်မာအသင်းက မလေးရှားအသင်းကိုလည်းကောင်း၊ ဖိလစ်ပိုင်အသင်းက အင်ဒိုနီးရှားအသင်းကိုလည်းကောင်း၊ စင်ကာပူအသင်းက ထိုင်းအသင်းကိုလည်းကောင်း အသီးသီးအနိုင်ရရှိပြီး ကွာတားဖိုင်နယ်ကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ညနေ ၄ နာရီတွင် စနူကာ (15 Red) အမျိုးသားတစ်ဦးချင်း ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကြရာ မြန်မာအသင်းက အင်ဒိုနီးရှားအသင်းကိုလည်းကောင်း၊ မလေးရှားအသင်းကစင်ကာပူအသင်းကိုလည်းကောင်း၊ အင်ဒိုနီးရှားအသင်းက မလေးရှားအသင်းကိုလည်းကောင်း၊ထိုင်းအသင်းက မြန်မာအသင်းကိုလည်းကောင်း အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်ကြသည်။ ယင်းဆီမီးဖိုင်နယ်ပွဲစဉ်များကို ဒီဇင်ဘာ ၁၈ ရက်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဖြိုး၊သိမ့်**
**ဓာတ်ပုံ-သူရ(တောင်ငူ)**

## (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ လာရောက်ကြည့်ရှုအားပေးကြမည့် မိဘပြည်သူများအား မေတ္တာရပ်ခံပန်ကြားချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၂၂ ရက်နေ့အထိ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးကို ကျင်းပလျက်ရှိပါသည်။

၂။ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် ပွင့်လင်းတိုးတက်လာသည့် နိုင်ငံတော်သစ်၏ ပုံရိပ်ကို နိုင်ငံတကာအလယ်တွင် ဝင့်ကြွားထည်ဝါစွာ ထင်ဟပ်စေမည့်အပြင် နိုင်ငံ့ဂုဏ်၊ နိုင်ငံ့သိက္ခာကိုပါ တိုးတက်မြင့်မားစေမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး အတွက် ပြိုင်ပွဲကျင်းပသည့်ကာလအတွင်း အောက်ပါအချက်များအား ကူညီဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်-

- (က) မြန်မာလူမျိုးတို့၏ ယဉ်ကျေးပျူငှာနွေးထွေးစွာ ကြိုဆိုဆက်ဆံတတ်သည့် ယဉ်ကျေးမှုဓလေ့ထုံးစံကို မြင်သာအောင် ပြသပေးကြပါရန်။
- (ခ) ဧည့်သည်တော်နိုင်ငံနှင့် လူမျိုးတို့၏ ဘာသာနှင့် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံကိုလည်း လေးစားလိုက်နာကြပါရန်။
- (ဂ) အားကစားပွဲများ ကြည့်ရှုအားပေးရာတွင် အားကစားစိတ်ဓာတ်ဖြင့် နိုင်ငံကြီးသားပီသစွာ၊ မျှတစွာ ကြည့်ရှုအားပေးကြပါရန်။
- (ဃ) မူးယစ်စေတတ်သော ဆေးဝါး၊ အရက်သေစာသောက်စား၍ လာရောက်ကြည့်ရှုအားပေးမှု၊ ဆဲဆိုအော်ဟစ်မှုပြုသူများအား ဝိုင်းဝန်းထိန်းသိမ်းကြပါရန်နှင့် တာဝန်ရှိသူများထံ အကြောင်းကြားပေးပါရန်။
- (င) အများပြည်သူ၏ လုံခြုံရေးအတွက် လုံခြုံရေးအဖွဲ့များ၊ တာဝန်ရှိသူများ၏ သတ်မှတ်စည်းမျဉ်းများအတိုင်း စစ်ဆေးရှာဖွေမှုများတွင် လိုက်နာ၍ စိတ်ရှည်ကြည်ဖြူစွာခံယူလျက် ဝိုင်းဝန်းကူညီကြပါရန်။
- (စ) အားကစားကွင်း၊ အားကစားရုံများသို့ ဝင်/ထွက်သည့်အခါ စည်းကမ်းတကျတန်းစီပြီး သတ်မှတ်လမ်းကြောင်း နေရာအသီးသီးမှသာ ဝင်/ထွက်၍ သတ်မှတ်ထိုင်ခုံနေရာများမှသာ အားပေးကြပါရန်။
- (ဆ) ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ညွှန်ပြသည့် လမ်းကြောင်းအတိုင်း ဝင်ရောက်၍ သတ်မှတ်ယာဉ်ရပ်နားနေရာများတွင်သာ ယာဉ်ရပ်နားကြပါရန်။
- (ဇ) နိုင်ငံခြားသားဧည့်သည်တော်၊ အားကစားသမားများက တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ အကူအညီတောင်းခံလာပါက တတ်နိုင်သမျှကူညီပေးပါရန်နှင့် လိုအပ်ပါက သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဆက်သွယ်ကူညီဆောင်ရွက်ပေးပါရန်။
- (ဈ) မိမိပတ်ဝန်းကျင်တွင် မသင်္ကာဖွယ်သူ/ပစ္စည်းနှင့် အကြောင်းခြင်းရာတွေ့ရှိပါက လုံခြုံရေးတာဝန်ရှိသူများထံ ချက်ချင်း (ချက်ချင်း)အသိပေးကူညီကြပါရန်။

၄။ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး၏ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနား၊ အားကစားကွင်းများနှင့် အားကစားရုံများသို့ လာရောက်ကြည့်ရှုအားပေးကြမည့် ပြည်သူလူထုအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်လာခြင်း မပြု(မပြု)ပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်-

- (က) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် လက်နက်နှင့် ခဲယမ်းအမျိုးမျိုး။
- (ခ) ပြည်သူများကို အနှောင့်အယှက်ဖြစ်စေပြီး ဘေးအန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းအမျိုးမျိုး။
- (ဂ) လမ်းလျှောက်စကားပြောစက်များ၊ ကြားဖြတ်အသံလိုင်းဖမ်းယူစက်၊ တယ်လီဖုန်းလိုင်းအား အနှောင့်အယှက်ပေးနိုင်သော ရေဒီယိုလှိုင်းထုတ်နိုင်သည့်ကိရိယာများ။
- (ဃ) ခရာ၊ စပီကာကဲ့သို့သော အသံဆူညံစွာ ဖြစ်စေသည့် ကိရိယာများ။
- (င) Spray ဘူးများ၊ အရက်ပြန်ပုလင်းများကဲ့သို့ မီးလောင်လွယ်သောပစ္စည်းများ။
- (စ) လေဆာညွှန်တံများနှင့် အမြင်အာရုံကို ထိခိုက်စေမည့် မီးအလင်းရောင်ထွက်သည့်ပစ္စည်းများ။
- (ဆ) အနံ့အသက်ဆိုးရွားသောပစ္စည်းများ။
- (ဇ) ငရုတ်ကောင်းရည်၊ မျက်ရည်ယိုဆေးရည်ကဲ့သို့သော တစ်ကိုယ်ရေကာကွယ်ရေး ဖျန်းဆေးများ။
- (ဈ) အိမ်မွေးတိရစ္ဆာန်နှင့်အခြားတိရစ္ဆာန်များ။
- (ည) အရွယ်အစားကြီးမားသည့် ဆိုင်းဘုတ်၊ ဦးထုပ်၊ ထီးများနှင့် အသုံးအဆောင်ပစ္စည်းကိရိယာများ။
- (ဋ) အရေအတွက်ထုထည်ကြီးမားသော အစားအသောက်များ။
- (ဌ) ပြိုင်ပွဲဝင်နိုင်ငံများမှအပ အခြားနိုင်ငံများ၏ အလံများ၊ အားကစားပွဲနှင့် သက်ဆိုင်ခြင်းမရှိသော ဆိုင်းဘုတ်၊ ပိုစတာ၊ စာရွက်စာတမ်းများ။
- (ဍ) ကွမ်းယာထုပ်များ၊ ဘေးပတ်ဝန်းကျင်အား ညစ်ပတ်ပေကျံနိုင်သောပစ္စည်းများ။

၅။ ပြိုင်ပွဲကျင်းပမည့်နေရာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်အင်အားများ၊ CCTV နှင့် ခေတ်မီနည်းပညာအထောက်အကူပြုပစ္စည်းများ တပ်ဆင်ပြီး လုံခြုံမှုရှိစေရေးအတွက် စောင့်ကြပ်ကြည့်ရှုပေးသွားမည်ဖြစ်ပါကြောင်းနှင့် မိဘပြည်သူလူထုအားလုံးကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံလျက် ပန်ကြားအပ်ပါသည်။

**အကူအညီတောင်းခံနိုင်သည့် ဖုန်းနံပါတ်များ**

| | |
|---|---|
| နေပြည်တော် | - ၀၆၇-၈၁၁၄၀၈၀၊ ၀၆၇-၅၅၀၂၀၀၊ ၀၆၇-၅၅၀၂၀၂၊ ၀၆၇-၅၅၀၃၃၃၊ ၁၉၉ |
| ရန်ကုန် | - ၀၆၇-၈၁၀၄၀၇၈၊ ၀၁-၂၃၀၄၄၀၁၊ ၀၁-၂၃၀၄၄၀၂၊ ၀၁-၂၃၀၄၄၀၃၊ ၀၁-၂၃၀၁၉၉၊ ၁၉၉ |
| မန္တလေး | - ၀၆၇-၈၁၀၄၀၇၇၊ ၀၂-၃၆၈၇၁၊ ၀၂-၃၆၈၆၉၊ ၀၂-၃၉၆၃၅၊ ၀၂-၆၁၄၄၄၊ ၁၉၉ |
| ပုသိမ်(ငွေဆောင်) | - ၀၆၇-၈၁၀၄၀၇၇၊ ၀၄၂-၂၅၈၂၂၊ ၀၄၂-၂၁၀၅၁၊ ၀၄၂-၂၃၈၄၄၊ ၀၄၂-၄၀၁၈၀၊ ၁၉၉ |

**(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ**
**အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ**

## စားပွဲတင်တင်းနစ်ဖွင့်ပွဲ စတင်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ကျင်းပလျက်ရှိသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် အားကစားနည်းတစ်မျိုးဖြစ်သည့် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ (C) ၌ စတင်ကျင်းပခဲ့သည်။

**ပေးအပ်ချီးမြှင့်**

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က နှုတ်ခွန်းဆက်စကားပြောကြားပြီး (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်နိုင်ရေးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ပြိုင်ပွဲဝင်အသင်းများကို လိုက်လံနှုတ်ဆက်၍ အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး ဖွင့်ပွဲအခမ်းအနား အောင်မြင်စွာပြီးမြောက်သည်။

ယင်းနောက် စားပွဲတင်တင်းနစ်အားကစားပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပရာ အမျိုးသားစားပွဲတင်တင်းနစ်တွင် မြန်မာ၊ ထိုင်း၊ မလေးရှား၊ လာအို၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဗီယက်နမ် စုစုပေါင်း ရှစ်နိုင်ငံပါဝင်ယှဉ်ပြိုင်ပြီး အမျိုးသမီးပွဲစဉ်တွင် မြန်မာ၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်နှင့်လာအိုနိုင်ငံတို့သာ ယှဉ်ပြိုင်ကြသည်။

**ပါဝင်ယှဉ်ပြိုင်**

မြန်မာ စားပွဲတင်တင်းနစ်အသင်းအနေဖြင့် အမျိုးသားပွဲစဉ်တွင် အောင်ထွဋ်၊ ကြည်သန်း၊ သက်ကိုကိုလတ်၊ ထူးထူးနိုင်၊ နေအောင်ဝင်းနှင့် အမျိုးသမီးပွဲစဉ်တွင် ဆွေဆွေဟန်၊ အေးမြတ်သူ၊ အေးသီတာပြုံး၊ စန္ဒာမိုးနှင့် မြင့်မြင့်လှိုင်တို့ ပါဝင်ယှဉ်ပြိုင်ကစားကြသည်။ **ဖြိုး၊သိမ့်**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ဆောင်းပါးနှင့် သတင်း

# ပြုပြင်ပြောင်းလဲမှုများ၏ရလဒ်များ(သို့မဟုတ်) မြန်မာ့ပွင့်လင်းထင်သာမြင်သာမှု အဆင့်တိုးမြင့်လာခြင်း

ခင်ချင်းတွင်း

**၃၂ လတာ ပြုပြင်ပြောင်းလဲမှုများ**

အစိုးရသစ်လက်ထက် နိုင်ငံတော်သမ္မတ တာဝန်ယူစဉ်မှစ၍ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရဖြစ်ပေါ်စေရေးအား ဖော်ဆောင်ပေး၍ ဦးတည်လမ်းညွှန်ခဲ့ပါသည်။ ပြည်သူဗဟိုပြုဖွံ့ဖြိုးမှု (People Centered Development) ကို ဦးတည်သည့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များအဖြစ် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စသဖြင့် ပုံဖော်ဆောင်ရွက်ခဲ့သည်မှာ ၃၂ လတာအတွင်း အခြားသောဒေသတွင်းနိုင်ငံများ အပြည်ပြည်ဆိုင်ရာအဆင့်သို့တိုးတက်စေရေးအတွက် ရှေ့ဆက်၍ များစွာဆောင်ရွက်ရဦးမည်ဖြစ်သော်လည်း အတော်အတန် ပီပြင်နေပြီဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် သက်ဆိုင်သည့် Stakeholder များ အားလုံး ပူးပေါင်းပါဝင်မှုကို အထူးအလေးပေးခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းပံ့ပိုးကူညီမှု၊ အဖွဲ့အစည်းများ၏ နည်းပညာအကူအညီ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်သူများ၏ ပံ့ပိုးပူးပေါင်းပါဝင်မှုကို အသိအမှတ်ပြု အလေးထားခဲ့ပါသည်။ သိသာထင်ရှားသည်မှာ အမျိုးသားအဆင့်ဆွေးနွေးပွဲများ၊ အပြည်ပြည်ဆိုင်ရာဖိုရမ်များတွင် Stakeholder များအားလုံးဖိတ်ကြားတက်ရောက်စေပြီး ဆွေးနွေးခဲ့မှုများမှာ လူတိုင်းပါဝင်မှု (Inclusiveness) ကိုအလေးထားကာ သက်ဆိုင်သူအားလုံး၏ ပူးပေါင်းပါဝင်မှု (Stakeholder Participation) ကို ဖြစ်ပေါ်စေနိုင်ရန် ရည်ရွယ်ခဲ့သည်။

**နိုင်ငံတော်၏ ဦးစားပေးကဏ္ဍများ (သို့မဟုတ်) ပြည်သူတို့၏ အခြေခံလိုအပ်ချက်များ**

နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ စား၊ ဝတ်၊ နေရေး အခြေခံလိုအပ်ချက်များအား ပံ့ပိုးဖြည့်ဆည်းသည့်အနေဖြင့် အလုပ်အကိုင်ရရှိရေးအခွင့်အလမ်းများ ပိုမိုတိုးတက်ဖန်တီးရေး၊ လမ်း၊ တံတားများ၊ ဆိပ်ကမ်း၊ သန့်ရှင်းသည့် သောက်သုံးရေ၊ လျှပ်စစ်မီး စသည့် အခြေခံအဆောက်အအုံများ တိုးတက်စေရေး၊ လူ့စွမ်းအားအရင်းအမြစ်တိုးတက်စေရေးအတွက် အခြေခံဖြစ်သည့် ပညာရေး၊ ကျန်းမာရေး ကဏ္ဍများ တိုးတက်ရေး၊ နိုင်ငံအတွင်း ဒေသများအကြား ချိတ်ဆက်နိုင်ရေးအတွက် ဆက်သွယ်ရေးကွန်ရက်များ တိုးတက်စေရေး စသည်ဖြင့် ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ကြိုးပမ်းဆောင်ရွက် လျက်ရှိပါသည်။

**မြန်မာ့ပွင့်လင်းထင်သာမြင်သာမှု အဆင့်တိုးမြင့်လာခြင်း**

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအား အလေးပေးဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့နိုင်ငံများမှ အသိအမှတ်ပြုလာခဲ့ကြပြီး အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှလည်း အသိအမှတ်ပြုကာ စတင်တိုးတက်နေပြီဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံများ၏အဂတိလိုက်စားမှုများအား စောင့်ကြည့်အကဲဖြတ်လျက်ရှိသည့် NGO အဖွဲ့ဖြစ်သော နိုင်ငံတကာပွင့်လင်းမြင်သာမှုရရှိရေးအဖွဲ့ (Transparency International) မှထုတ်ပြန်ခဲ့သည့် အဂတိလိုက်စားမှုနှင့် ပတ်သက်သည့် အညွှန်းကိန်း (Corruption Perception Index) အရ ၂၀၁၁ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံ ၁၈၂ နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံအား အဆင့် ၁၈၀ ၌လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် ကမ္ဘာ့နိုင်ငံ ၁၇၆ နိုင်ငံအနက် မြန်မာနိုင်ငံအား အဆင့် ၁၇၂ ၌လည်းကောင်း တည်ရှိခဲ့ရာမှ ယခုအခါ ၂၀၁၃ ခုနှစ် ထွက်ရှိခဲ့သည့် နိုင်ငံတကာ ပွင့်လင်းမြင်သာမှုရရှိရေးအဖွဲ့၏ အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ Score မှာ ၂၀၁၂ ခုနှစ်တွင် ၁၅ မှ ၂၀၁၃ ခုနှစ်တွင် ၂၁ သို့ တိုးတက်လာပြီး အဆင့်အားဖြင့် တွေ့ရှိရသဖြင့် ကမ္ဘာ့နိုင်ငံပေါင်း ၁၇၇ စာရင်းတွင် မြန်မာနိုင်ငံ၏အဆင့်မှာ ၁၅၇ သို့ တိုးတက်လာခဲ့ပြီ ဖြစ်ပါသည်။

ပွင့်လင်းထင်သာမြင်သာမှု အဆင့်တိုးမြင့်စေသည့်အချက်များအား အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

* အများပြည်သူဆိုင်ရာ အုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက်လာစေရန်၊ အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်၊ အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှု ကျူးလွန်သူများအား ထိရောက်စွာအရေးယူရန်၊ တရားဥပဒေစိုးမိုးရေးနှင့်အုပ်ချုပ်ရေးကဏ္ဍများ၌ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဒုတိယသမ္မတဦးစီးကာ လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီကိုဖွဲ့စည်း၍ တိုင်ကြားမှုများအား ဖြေရှင်းဆောင်ရွက်လျက်ရှိပါသည်။
* ဘတ်ဂျက်အပါအဝင် စီမံခန့်ခွဲမှုများနှင့် လုပ်ပိုင်ခွင့်များအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ ဗဟိုထိန်းချုပ်မှု လျှော့ချခြင်း ( Decentralization) နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မိမိတို့ဒေသဖွံ့ဖြိုးရေးအတွက် မြို့မိ မြို့ဖများ၊ လူမှုအဖွဲ့အစည်းများ ပူးပေါင်းပါဝင်သည့် ဖွံ့ဖြိုးမှု အထောက်အကူပြုကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသဆိုင်ရာ အုပ်ချုပ်မှုအားကောင်းပီပြင်စေရေး ( Strengthening Local Governance) အား ကြိုးပမ်းတည်ဆောက်လျက်ရှိပါသည်။
* မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း (UNCAC) တွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါသည်။
* အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကိုလည်း ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် ပြဌာန်းခဲ့ပါသည်။
* ပြည်သူ့ဘဏ္ဍာဖြစ်သည့် ရငွေ၊သုံးငွေများ ပွင့်လင်းထင်သာမြင်သာမှုရှိစေခြင်းနှင့် သုံးစွဲမှုများ ထိရောက်မှန်ကန်စေရေး ဆောင်ရွက်ခြင်း၊ အကူအညီအထောက်အပံ့များ စီမံခန့်ခွဲရေးယန္တရား(Aid Management Mechanism) နှင့်အဖွဲ့အစည်းထူထောင်ခြင်း၊ သုံးသပ်ကြီးကြပ်ခြင်း၊ နိုင်ငံတော်၏ဖွံ့ဖြိုးမှုစီမံချက်များ၊ ဘတ်ဂျက်ခွဲဝေမှုများအားစိစစ်ခြင်း၊ စာရင်းစစ်ဆေးခြင်းတို့ဆောင်ရွက်စေခြင်းအားဖြင့် ပွင့်လင်းထင်သာမြင်သာမှုရှိစေခြင်းဖြင့် ပြည်သူ့ဘဏ္ဍာအား ထိရောက်၍ စွမ်းဆောင်ရည်ရှိစွာ ခွဲဝေအသုံးချနိုင်ရန် ကြိုးပမ်းမြှင့်တင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။
* သယံဇာတများ ထုတ်နုတ်သုံးစွဲရာတွင် ပွင့်လင်းထင်သာမြင်သာမှုရှိစေခြင်းအတွက် Extractive Industries Transparency Initiatives ( EITI) အဖွဲ့ဝင် ဖြစ်စေရေး၊ အစိုးရမှ အပြည်ပြည်ဆိုင်ရာ open tender စနစ်ဖြင့် စီမံချက်များအား ဆောင်ရွက်စေခဲ့ပါသည်။
* မီဒီယာလွတ်လပ်ခွင့်ပေးခြင်း၊ လွှတ်တော်တွင်း ဆွေးနွေးမှုများအား သာမန်ပြည်သူများအထိ သိရှိစေနိုင်ရန် တိုက်ရိုက်ထုတ်လွှင့်ခြင်း စသည့် ပြုပြင်ပြောင်းလဲမှုများအား ဆောင်ရွက်ခဲ့ပါသည်။
* အဂတိလိုက်စားမှုတိုက်ဖျက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ကြိုးပမ်းမြှင့်တင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။
* ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုများ တိုးတက်စေရေး၊ ဝန်ထမ်းကောင်းများ ဖြစ်ပေါ်စေရေးအတွက် စွမ်းရည်တည်ဆောက်မှုများ၊ ဝန်ထမ်းများအား ရာထူးတိုးမြှင့်တင်ခြင်း၊ နိုင်ငံခြားအတွေ့အကြုံများ ရရှိစေခြင်းနှင့်အတူ မက်လုံးပေး၍ဝန်ထမ်းကျင့်ဝတ်များအား သိရှိနားလည် လိုက်နာစေရေးတို့အား ကြိုးပမ်းမြှင့်တင်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။
* လိုအပ်သည့် စီးပွားရေးမူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းများအား ပြင်ဆင်၍ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်သာကိုင်သာရှိသည့် စီးပွားရေးဝန်းကျင်တစ်ရပ် (Enabling Business Environment) ဖန်တီးရေး ၊ အလုပ်အကိုင်များ ဖန်တီးရေး၊ စီးပွားရေးနှင့် သက်ဆိုင်သည့် သတင်းအချက်များ ပွင့်လင်းမြင်သာစေရေးတို့အား ဆောင်ရွက်ခဲ့ပါသည်။

အဂတိလိုက်စားမှု အညွှန်းကိန်း ကျဆင်းလာစေခြင်းအားဖြင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်များစွာကို ဖန်တီးပေးမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် ပိုမိုဆွဲဆောင်ရာ ရောက်ပါမည်။ ပွင့်လင်းထင်သာမှု (Transparency) တိုးမြှင့်ခြင်းအားဖြင့် စီးပွားရေးအဖွဲ့အစည်းများ၊ လူမှုအသိုင်းအဝိုင်းများအကြား ဖြစ်ပေါ်နိုင်သည့်စွန့်စားရမှုများ (Risks) အား လျှော့ချခြင်းဖြင့် မေခရိုစီးပွားရေးအား ပိုမိုတည်ငြိမ်စေနိုင်ပြီး ပိုမိုတာဝန်ယူမှု (Accountability)၊ ခန့်မှန်းနိုင်မှု ( Predictability) များဖြင့် ပိုမိုလုပ်သာကိုင်သာရှိသည့် စီးပွားရေးဝန်းကျင်တစ်ရပ် ဖန်တီးနိုင်မည်ဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးကို အသိအမှတ်ပြုနေသကဲ့သို့ ပြည်တွင်းရှိ နိုင်ငံသားများအနေဖြင့် မိမိတို့နိုင်ငံ၏ ပွင့်လင်းထင်သာမြင်သာမှုအဆင့် တိုးမြင့်လာခြင်းကို သိရှိလာပြီး ပိုမိုပူးပေါင်းပါဝင်ရန် ဖြစ်ပါသည်။

**အဂတိလိုက်စားမှု (သို့မဟုတ်) ဖွံ့ဖြိုးမှုအတွက် အတားအဆီး**

နိုင်ငံသားအားလုံး၏ လူနေမှုဘဝဖွံ့ဖြိုးရေးအတွက် သယံဇာတများ ခွဲဝေမှု၊ အသုံးချမှုသည် အလွန်အရေးပါပါသည်။ သယံဇာတဟူသည်မှာ သဘာဝသယံဇာတအပါအဝင် ငွေ၊ အချိန်၊ လူသားရင်းမြစ်၊ နည်းပညာစသည်တို့ကို သင့်တော်သလိုခွဲဝေအသုံးပြုရန် လိုအပ်ပါသည်။ Massachusetts Institute of Technology မှ Daron Acemoglu နှင့် Harvard University မှ James A. Robinson ရေးသားထုတ်ဝေခဲ့သည့် Why Nations Fail: The Origins of Power, Prosperity, and Poverty စာအုပ်အရ ကမ္ဘာ့နိုင်ငံများ ကျရှုံးရခြင်းအကြောင်းအရင်းမှာ သယံဇာတများခွဲဝေမှု၊ အသုံးချမှု လွဲမှားနေခြင်း၊ ပြည်တွင်းပြည်ပနှင့်ဆက်စပ်သည့် မဟာဗျူဟာလားရာ (Strategic direction) များကို နားလည်စွာ အသုံးမချတတ်ခြင်းကြောင့်ပင်ဖြစ်ပါသည်။

ယခု ရေတွင်းတူး၊ ယခု ရေကြည်သောက်၍ မရနိုင်ပါ။

နိုင်ငံသားတိုင်း မိမိတို့နိုင်ငံမိမိတို့ တိုးတက်စေချင်ကြမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏လိုအပ်ချက်များမှာ အလွန်များပြားလျက်ရှိပါသည်။ အခြေခံအဆောက်အအုံကဲ့သို့ Hard Infrastructure များလိုအပ်သကဲ့သို့ ကိုင်တွယ်ထိတွေ့၍မရသော်လည်း ဖွံ့ဖြိုးမှုသဘောတရားတွင် အလွန်အရေးပါသည့် စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်လိုသည့် စိတ်ဓာတ်၊ အကောင်းမြင်တိုးတက်လိုသည့် စိတ်ဓာတ်၊ ဂုဏ်သိက္ခာအား တန်ဖိုးထားသည့် စိတ်ဓာတ်၊ လက်တွဲခေါ်ယူသည့်စိတ်ဓာတ် Corporate Governance၊ Attitude၊ Integrity စသည့် Soft Infrastructure များ တည်ဆောက်ရန် လိုအပ်လျက်ရှိပါသည်။ Hard Infrastructure များတည်ဆောက်ရန် လွယ်ကူသော်လည်း Soft Infrastructure များတည်ဆောက်ရန်မှာ အချိန် ပိုမိုကြာမြင့်တတ်ပါသည်။ အချို့သောလိုအပ်သည့်ဥပဒေများ ဆက်လက်ပြဋ္ဌာန်းဆောင်ရွက်ခြင်း၊ ထိရောက်သည့်အဖွဲ့အစည်းများ ဖြစ်ပေါ်စေရေး၊ အုပ်ချုပ်ရေးယန္တရားများအား အတိုင်းအတာတစ်ခုအဖြစ် တည်ဆောက်နိုင်ခဲ့သော်လည်း တရားဥပဒေစိုးမိုးရေး ( Rule of Law)၊ သိရှိလိုက်နာစေရေးအား ဆက်လက်ဆောင်ရွက်ရန်များစွာ ကျန်ရှိနေပါသေးသည်။

မြန်မာစကားပုံတစ်ရပ်ရှိသကဲ့သို့ "ယခု ရေတွင်းတူး၊ ယခု ရေကြည်သောက်၍ မရနိုင်ပါ။" သို့သော်လည်း ရေတွင်းမြန်မြန်တူးနိုင်မည့် နည်းလမ်းကောင်းများ တည်ရှိပြီးဖြစ်သော်လည်း အဆိုပါနည်းလမ်းကောင်းကို အသုံးချရမည့် စွမ်းရည် (Capacity) လိုအပ်ပါသည်။ အချိန်အတိုင်းအတာတစ်ခုတော့ ယူရပါမည်။ အင်္ဂလိပ်လိုစကားပုံလည်း ရှိပါသေးသည်။ "ရောမမြို့ကို တစ်ရက်တည်း မတည်ဆောက်နိုင်ပါ ( Rome cannot be built in a day.) " ဟူ၍ ဖြစ်ပါသည်။ Brooker T. Washigton ၏အဆိုအရ "လူတစ်ဦးတစ်ယောက်၏ အောင်မြင်မှုကို ထိုသူရောက်ရှိနေသော ဘဝ၏အဆင့်၊ နေရာဖြင့် မတိုင်းတာနိုင်ပါ။ ထိုသို့ အောင်မြင်မှုရရှိနိုင်စေရန် ကျော်လွှားခဲ့ရသောဘဝ၏ အခက်အခဲများနှင့်သာ တိုင်းတာနိုင်ပေသည်။" ( Success is to be measured not so much by the position that one had reached in life as by the obstacles which he has overcome while trying to succeed.) ထို့အတူ နိုင်ငံတစ်နိုင်ငံ၏ အောင်မြင်မှုအားတိုင်းတာရာတွင် ရောက်ရှိနေသည့်အဆင့်အပေါ် တိုင်းတာခြင်းမှာ သင့်တော်မှုမရှိဘဲ အဆိုပါအောင်မြင်မှုကို ရရှိအောင် စတင်ခဲ့သည့် အချိန်၊ အခြေအနေနှင့် တိုင်းတာမှသာ ပိုမိုသင့်တော်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိမိတို့နိုင်ငံတွင် ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရဖြစ်ပေါ်စေရေးတို့အတွက် အုပ်ချုပ်ရေးတွင် ဗဟိုထိန်းချုပ်မှု လျှော့ချရေး၊ ဒေသဆိုင်ရာအုပ်ချုပ်မှု အားကောင်းပီပြင်စေရေး၊ ထိရောက်သောအဖွဲ့အစည်းများနှင့် ယန္တရားထူထောင်ခြင်း၊ စွမ်းရည်တည်ဆောက်ခြင်းတို့အား ပိုမို တိုးတက်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

လက်ရှိ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအား ကမ္ဘာ့နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အသိအမှတ်ပြုလာခဲ့ကြပါသည်။ ယခုအခါ ၂၀၁၃ ခုနှစ်တွင် ထွက်ရှိခဲ့သည့် နိုင်ငံတကာ ပွင့်လင်း မြင်သာမှု ရရှိရေးအဖွဲ့၏ အစီရင်ခံစာအရ ပြုပြင်ပြောင်းလဲမှုများ၏ ရလဒ်များအဖြစ် မိမိတို့နိုင်ငံ၏ ပွင့်လင်းထင်သာမြင်သာမှု အဆင့်တိုးမြင့်လာပြီဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ပုံရိပ် ( Image) ပိုမိုတိုးတက်ကောင်းမွန်ရေး၊ မိမိတို့နိုင်ငံအား ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ အရှိန်အဟုန်ဖြင့် တွန်းတင်နိုင်ရေးအတွက် နိုင်ငံသားများအားလုံးမှ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းပါဝင်မှုသည် အလွန်အရေးပါပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

**ဖွံ့ဖြိုးမှုသဘောတရားတွင် အလွန်အရေးပါသည့် စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်လိုသည့် စိတ်ဓာတ်၊ အကောင်းမြင် တိုးတက်လိုသည့်စိတ်ဓာတ်၊ ဂုဏ်သိက္ခာအားတန်ဖိုးထားသည့် စိတ်ဓာတ်၊ လက်တွဲခေါ်ယူသည့်စိတ်ဓာတ် Corporate Governance၊ Attitude၊ Integrity စသည့် Soft Infrastructure များ တည်ဆောက်ရန် လိုအပ်လျက်ရှိ။**

---

# ကမ္ဘာလှည့်ခရီးသွားသင်္ဘောကြီး ပြန်လည်ထွက်ခွာ

**ရန်ကုန်   ဒီဇင်ဘာ   ၁၇**

မြန်မာနိုင်ငံသို့ တတိယအကြိမ် လည်ပတ်သည့် အမေရိကန်အခြေစိုက် M.V Seven Seas Voyager ကမ္ဘာလှည့်ခရီးသွားသင်္ဘောကြီး**(ယာပုံ)**သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှ ထိုင်းနိုင်ငံ ဖူးခက်မြို့သို့ ပြန်လည်ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။ အဆိုပါ သင်္ဘောကြီးသည် မြန်မာနိုင်ငံသို့ ယခုအခါ တတိယအကြိမ် လာရောက်လည်ပတ်ခြင်းဖြစ်ပြီး ယခင် ၂၀၀၆ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်များကလည်း လာရောက် လည်ပတ်ခဲ့ဖူးသည်။

M.V Seven Seas Voyager သင်္ဘောကြီးသည် အမေရိကန်အခြေစိုက်ဖြစ်ပြီး နှစ်စဉ် ကမ္ဘာ့နိုင်ငံအများစုသို့ သွားရောက် လည်ပတ်နေသည့် အပျော်စီးသင်္ဘောကြီးဖြစ်သည်။ မြန်မာနိုင်ငံသို့ ခရီးသည် ၆၅၉ဦး၊ ဝန်ထမ်းများနှင့် သင်္ဘောသား

စာမျက်နှာ ၁၀ ကော်လံ ၅

သတင်းနှင့် ဓာတ်ပုံ-စိန်လွင်အောင်

ပြည်တွင်းသတင်း

■ *ကျောဖုံးမှ*

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်ဌေးနှင့် ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အလှူရှင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့ဒီမိုကရေစီနိုင်ငံတော်သို့ ဦးတည်လျှောက်လှမ်းနေရာတွင် စုစုစည်းစည်းညီညီ ညွတ်ညွတ်နှင့် ဖွံ့ဖြိုးတိုးတက်စေရေး တပ်မတော်မှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရန်တည်ငြိမ်အေးချမ်းမှု လိုအပ်သကဲ့သို့ အလုပ်လုပ်ကြရန်လည်းလိုကြောင်း၊ တိုးတက်သောနိုင်ငံတစ်ခုဖြစ်ရန် ပညာရေးမှာအခြေခံဖြစ်၍ ပညာရေးတိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တစ်ဖက်မှလည်း ကျန်းမာကြံ့ခိုင်မှ အလုပ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ အလားတူဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်မှုအတွက် လမ်းပန်းဆက်သွယ်ရေးမှာလည်း အရေးကြီးကြောင်း၊ နိုင်ငံတော်အစိုးရက ထားဝယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယင်းအခြေခံအချက်များကို ဆောင်ရွက်ပေးထားကြောင်း၊ ဒေသခံများကလည်း ယင်းအခြေခံများကို အကျိုးရှိအောင် အသုံးချရန်လိုကြောင်း။

နိုင်ငံတော်ဆိုသည့် လှေကြီးဖြင့် ဒီမိုကရေစီပန်းတိုင်သို့ ချီတက်ရာတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအပါအဝင် လှော်တက်အသီးသီးဖြင့် တက်ညီလက်ညီ လှော်ခတ်နေကြကြောင်း၊ တပ်မတော်သည်လည်း လှော်တက်တစ်ခုအဖြစ် ပါဝင်လှော်ခတ်နေကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဦးဆောင်မှုဖြင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် ယနေ့လှူဒါန်းမှုသည် တနင်္သာရီတိုင်းဒေသကြီး ပညာရေးနှင့် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများအတွက် တစ်စိတ်တစ်ဒေသ ပါဝင်ဆောင်ရွက်မှုအဖြစ် တပ်မတော်အပါအဝင် စေတနာရှင်များမှ ဝိုင်းဝန်းလှူဒါန်းကြခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးများအတွင်း နယ်လှည့်ဆေးကုသရေးအဖွဲ့များ စေလွှတ်၍ တိုင်းရင်းသား ပြည်သူတစ်သိန်းကျော်ခန့်ကို ဆေးဝါးများ ကုသပေးခဲ့ကြောင်း၊ ယနေ့မှစ၍ တနင်္သာရီတိုင်းဒေသကြီးအတွင်း ထားဝယ်၊ မြိတ်၊ ဘုတ်ပြင်းမြို့များတွင် အခြေပြု၍ နယ်လှည့်ဆေးကုသရေးအဖွဲ့များ၊ ဆေးဝါးကုသမှုများ စတင်ဆောင်ရွက်ပေးနေကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ ဘီလပ်မြေအိတ် ၃၀၀၀ ကို စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးကလည်းကောင်း၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ ဘီလပ်မြေ အိတ် ၂၀၀၀ နှင့် ငွေကျပ်သိန်း ၅၀၀ ကို တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်မင်းနိုင်ကလည်းကောင်း ပေးအပ်ကြသည်။

ထို့နောက် စေတနာရှင် အလှူရှင်များဖြစ်သည့် ဂမုန်းပွင့်ကုမ္ပဏီလီမိတက်၊ ယုဇနကုမ္ပဏီလီမိတက်၊ Andaman Power and Utility ကုမ္ပဏီလီမိတက်၊ ရွှေတောင်ကုမ္ပဏီလီမိတက်တို့က ကျပ်သိန်း ၁၀၀၀ စီ၊ Nature Link ကုမ္ပဏီလီမိတက်နှင့် YTT ကုမ္ပဏီလီမိတက်တို့က ကျပ်သိန်း ၇၀၀ စီ၊ Fortune International ကုမ္ပဏီလီမိတက်က ကျပ်သိန်း ၅၀၀၊ Sky Wings ကုမ္ပဏီလီမိတက်က ကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့အတွက် ထောက်ပံ့ငွေကျပ်သိန်း ၃၀၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့သို့ ထောက်ပံ့ငွေကျပ်သိန်း ၃၀ တို့ကို ပေးအပ်သည်။

**ရင်းရင်းနှီးနှီး**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများနှင့် ဧည့်ပရိသတ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

အဆိုပါ အခမ်းအနားတွင် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်းတို့အပါအဝင် စေတနာရှင် အလှူရှင်များက အလှူငွေစုစုပေါင်း ကျပ်သိန်း ၆၅၀၀ နှင့် ဘီလပ်မြေအိတ် ၅၀၀၀ လှူဒါန်းခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးနှင့်အဖွဲ့သည် ထားဝယ်မြို့နယ် ဘိုးဘွားရိပ်သာသို့ သွားရောက်ကာ သက်ကြီးအဘိုး၊ အဘွားများအား မြန်မာ့ထုံးတမ်းအစဉ်အလာနှင့်အညီ စုပေါင်းကန်တော့ကြပြီး လက်ဆောင်ပစ္စည်းများကို အဘိုးအဘွားတို့ထံ ကိုယ်တိုင်ကိုယ်ကျ ဂါရဝပြုလှူဒါန်းခဲ့သည်။

ထားဝယ်မြို့နယ် ဘိုးဘွားရိပ်သာတွင် အသက် ၁၀၆ နှစ်အရွယ်ရှိ အဘိုးဦးဖေလွင် အပါအဝင် သက်ကြီးအဘိုး ခုနစ်ဦးနှင့် သက်ကြီးအဘွား ကိုးဦး အဘိုးအဘွားစုစုပေါင်း ၁၆ ဦးတို့ကို စောင့်ရှောက်ထားကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

**ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း အပြည်ပြည်ဆိုင်ရာလှေ အမျိုးသမီးလေး ယောက် တွဲလှေ လှော် ပြိုင် ပွဲ မီတာ ၂၀၀၀ ပွဲစဉ်တွင် ပထမ ရွှေတံဆိပ်ရ မြန်မာအားကစား သမားများအား အားပေးစဉ်။**

(သတင်း-ရှေ့ဖုံး)
ဓာတ်ပုံ
ခင်ရတနာ

# ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ပီတန်းနှင့် မွေအားကစားပြိုင်ပွဲများကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၁၇**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိပီတန်း အားကစားရုံ၌ ပီတန်းအားကစားပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲ အသင်းလိုက် ယှဉ်ပြိုင်ကစားနေမှုများကို ကမ္ဘာ့ပီတန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Cluede Azema နှင့်အတူ ကြည့်ရှုအားပေးသည်။

ထို့နောက် ဝဏ္ဏသိဒ္ဓိလက်ဝှေ့အားကစားရုံ၌ မွေလက်ဝှေ့ပွဲယှဉ်ပြိုင်မှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ပြည်ထောင်စုဝန်ကြီးတို့ ကြည့်ရှုအားပေးကြရာ ၆၃ ဒသမ ၅ ကီလိုတန်းတွင် မြန်မာနိုင်ငံမှ စိုးလင်းဦးနှင့် မလေးရှားနိုင်ငံမှ MOHDAMIRUL BINARIFFIN တို့ ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ စိုးလင်းဦးက အနိုင်ရရှိသွားသည်။ **(သတင်းစဉ်)**

# နိုင်ငံတကာပွင့်လင်းမြင်သာမှု ရရှိရေးအဖွဲ့ အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ ပွင့်လင်းထင်သာမြင်သာမှု အဆင့်တိုးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ကမ္ဘာ့နိုင်ငံများ၏ အဂတိလိုက်စားမှုများအား စောင့်ကြည့်အကဲဖြတ်လျက်ရှိသည့် NGO အဖွဲ့ဖြစ်သော နိုင်ငံတကာပွင့်လင်းမြင်သာမှုရရှိရေးအဖွဲ့(Transparency International) က ထုတ်ပြန်ခဲ့သည့် အဂတိလိုက်စားမှုနှင့် ပတ်သက်သည့် အညွှန်းကိန်း (Corruption Perception Index) အရ ၂၀၁၁ ခုနှစ်က ကမ္ဘာ့နိုင်ငံ ၁၈၂ နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံအား အဆင့် ၁၈၀၌ လည်းကောင်း၊ ၂၀၁၂ ခုနှစ်က ကမ္ဘာ့နိုင်ငံ ၁၇၆ နိုင်ငံအနက် မြန်မာနိုင်ငံအား အဆင့် ၁၇၂ ၌လည်းကောင်း တည်ရှိခဲ့ရာမှ ယခုအခါ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် ထွက်ရှိခဲ့သည့် နိုင်ငံတကာပွင့်လင်းမြင်သာမှုရရှိရေးအဖွဲ့၏ အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ Score မှာ ၂၀၁၂ ခုနှစ်တွင် ၁၅ ဆင့် တိုးတက်ရာမှ ၂၀၁၃ ခုနှစ်တွင် အဆင့် ၂၁ ဆင့် တိုးတက်လာပြီး ကမ္ဘာ့နိုင်ငံပေါင်း ၁၇၇ တွင် မြန်မာနိုင်ငံ၏ အဆင့်မှာ ၁၅၇ သို့ တိုးတက်လာကြောင်း ဖော်ပြပါရှိခဲ့သည်။

မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အလေးပေးဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများက အသိအမှတ်ပြုကာ ပွင့်လင်းထင်သာ မြင်သာမှုအဆင့်စတင် တိုးတက်နေပြီဖြစ်ကြောင်း အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနထံမှ သိရှိရသည်။ **(မြန်မာ့အလင်း)**

**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးဦးစီးဌာန**
**ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်မြို့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)တွင် တယ်လီဖုန်းအိတ်ချိန်းစက်ခလုတ်ခုံ(EPABX)အသစ်တစ်လုံးနှင့်လိုအပ်သော တယ်လီဖုန်းလိုင်း ကြိုးများအား အသစ်လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်နေ့ရက်** - ၁၉-၁၂-၂၀၁၃ရက် (ကြာသပတေးနေ့)
**တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန်** - ၂၆-၁၂-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆောင်ရွက်မည့်လုပ်ငန်းအသေးစိတ် အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)**
**အမှတ် ၅၁၊ ဗဟိုလမ်း၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၂၂၁၀၁၃**

ပြည်တွင်းသတင်း

# ထားဝယ်မြို့ ရွှေတောင်စားစေတီတော်မြတ်ကြီးလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်မှုအောင်ပွဲ၊ ရှေးဟောင်းသမိုင်းဝင် ရဟန္တာသိမ်တော်ကြီးပြုပြင်မွမ်းမံခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာကျင်းပ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် စေတီတော်ဂေါပကအဖွဲ့နာယက ဦးအုန်းခိုင်တို့က ဘုရားကြီးပြတိုက်အား မင်္ဂလာဖဲကြိုးတော်ဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၁၇**

တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့ ရွှေတောင်စားစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်မှု အောင်ပွဲ၊ ရှေးဟောင်းသမိုင်းဝင် ရဟန္တာသိမ်တော်ကြီး ပြုပြင်မွမ်းမံခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါဘုရားကြီး မဟာဓမ္မာရုံကြီး၌ ကျင်းပသည်။

**ကပ်လှူပူဇော်**

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော်အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်ဌေးနှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အလှူရှင်များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသည့်ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လောကမာရဇိန်ရုပ်ပွားတော်၊ ရှေးဟောင်းသမိုင်းဝင် ရဟန္တာသိမ်တော်ကြီး၊ ရွှေတောင်စားစေတီတော်မြတ်ကြီးနှင့် ဘုရားကြီးမဟာဓမ္မာရုံတို့တွင် ပန်း၊ ရေချမ်း၊ ဆီမီးနှင့်ဆွမ်းတော်များ ကပ်လှူပူဇော်သည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်အရှင်သူမြတ် ၁၀၈ ပါးက စေတီတော်မြတ်ကြီး၏ လေးရပ်လေးဌာနမှ ရွှေတောင်စားစေတီတော်မြတ်ကြီးနှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒစရိယဆရာတော် ယောသိတာရာမကျောင်းတိုက် ပဓာနနာယကအဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသမဟာထေရ်မြတ်ထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးရှိသော ဧည့်ပရိသတ်အပေါင်းက ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ရှေးဟောင်းသမိုင်းဝင် ရဟန္တာသိမ်တော်ကြီး ပြုပြင်မွမ်းမံရန်အတွက် အလှူတော်ငွေပေးအပ်လှူဒါန်းပြီး ရွှေတောင်စားစေတီတော်မြတ်ကြီး၊ ရှေးဟောင်းသမိုင်းဝင်ရဟန္တာသိမ်တော်ကြီး ပုံတော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို သံဃာတော်များထံ သာဟတ္ထိကဒါနမြောက်ကိုယ်တိုင်လက်ရောက် ဆက်ကပ်လှူဒါန်းသည်။ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက သီလရှင်ဆရာကြီးများအား သီလရှင်ဝတ်စုံနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် စေတီတော်မြတ်ကြီးအတွင်းရှိ ဘုရားကြီးပြတိုက် ဖွင့်လှစ်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် စေတီတော်ဂေါပကအဖွဲ့ နာယက ဦးအုန်းခိုင်တို့က ဘုရားကြီးပြတိုက်အား မင်္ဂလာဖဲကြိုးတော်ဖြတ်၍ ဖွင့်လှစ်ပေးခဲ့ပြီး အမွေးနံ့သာရည်များ ပက်ဖျန်းပေးကာ ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါအခမ်းအနားတွင် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များအား စတုဒိသာမုန့်မျိုးစုံနှင့် နေ့လယ်စာတို့ဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# နှစ်နိုင်ငံ နိုင်ငံရေး၊ စီးပွားရေးနှင့်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များအား အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၇**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် အညတရစစ်သည်ဗိမာန် (Amar Jwwan Jyoti) ၌ လွမ်းသူ့ပန်းခွေချ အလေးပြုသည်။

ထို့နောက် South Block Lawns သို့ရောက်ရှိပြီး အိန္ဒိယကြည်းတပ်ဦးစီးချုပ် General Bikram Singh နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကာ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။

ယင်းနောက် အိန္ဒိယကြည်းတပ်ဦးစီးချုပ် General Bikram Singh နှင့် ကြည်းတပ်ဦးစီးချုပ်ရုံး၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ သင်တန်းဆိုင်ရာကိစ္စရပ်များနှင့်အိန္ဒိယနိုင်ငံ၏ လုံခြုံရေးအမြင် (India's Security Perspective) တို့အား ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ Gandhi Smriti သို့ရောက်ရှိကြပြီး Gandhi Smriti အတွင်း ကြည့်ရှုလေ့လာခဲ့သည်။

ထို့နောက် လေတပ်ဦးစီးချုပ်ရုံးသို့ရောက်ရှိကာ ဒုတိယလေတပ်ဦးစီးချုပ် Air Marshal Arup Raha နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော် (လေ) နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့သည် South Block သို့ ရောက်ရှိပြီး အိန္ဒိယကာကွယ်ရေးဝန်ကြီး Mr.AK Antony နှင့် တွေ့ဆုံ၍ နယ်စပ်ဒေသစီမံခန့်ခွဲရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမှုကိစ္စများ၊ တပ်မတော်နှစ်ရပ်အကြား ပိုမိုပူးပေါင်းဆက်ဆံမှုဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာ့တပ်မတော်၏ နိုင်ငံတကာတပ်မတော်များနှင့် ဆက်ဆံရေး မူဝါဒများ၊ နိုင်ငံတော်အစိုးရ၏ နယ်စပ်ဒေသဆိုင်ရာ မူဝါဒများစသည်တို့အား အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့နောက် အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Devendra Kumar Joshi နှင့် တွေ့ဆုံပြီး တပ်မတော်(ရေ) နှစ်ရပ်အကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့သည် ညနေပိုင်းတွင် သမ္မတအိမ်တော် Rashtrapati သို့ ရောက်ရှိပြီး အိန္ဒိယနိုင်ငံသမ္မတ Shri Pranab Mukherjee နှင့် တွေ့ဆုံ၍**(ဝဲပုံ)** နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်အကြီးအကဲများ၏ အပြန်အလှန်ဆက်ဆံမှု၊ နှစ်နိုင်ငံသမိုင်းကြောင်းနှင့်ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံမှု၊ နယ်စပ်စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်နိုင်ငံ နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များအား အမြင်ချင်းဖလှယ် တွေ့ဆုံဆွေးနွေးကြသည်။

ညပိုင်းတွင် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးနှင့်အဖွဲ့သည် Army Battle Honours Mess တွင် အိန္ဒိယကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Bikram Singh မှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ၂၀၁၄ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် အသုံးပြုမည့် Theme Song နှင့် လှုံ့ဆော်ရေးသီချင်းရေးပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

မြန်မာနိုင်ငံဗဟိုသန်းခေါင်စာရင်းကော်မရှင်က ကြီးမှူးကောက်ယူမည့် ၂၀၁၄ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းကို ၂၀၁၄ မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူမည်ဖြစ်ရာ မကောက်ယူမီ အကြိုကာလနှင့်ကောက်ယူနေသည့်ကာလအတွင်း အသုံးပြုနိုင်ရန်အတွက် Theme Song နှင့် **လှုံ့ဆော်ရေးသီချင်းရေးပြိုင်ပွဲ**ကို ကျင်းပမည်ဖြစ်ကြောင်း အခြေခံအချက်များအနေဖြင့် ပြည်သူလူထုအတွက် ရိုးစင်းလွယ်ကူနားစွဲလွယ်၊ သီဆိုလွယ်သော သံစဉ်စာသားပါဝင်မှု၊ ပညာရှင်အဆင့်ရှိ ဂီတပညာသံစဉ်စာသားပါဝင်မှု၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ၂၀၁၄ နှင့် သက်ဆိုင်သည့်အကြောင်းအရာအချက်အလက်ပါဝင်မှုတို့ကို ထည့်သွင်းစဉ်းစားရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။ ပြိုင်ပွဲဝင်များလိုက်နာရမည့် စည်းကမ်းချက်များအနေဖြင့် သီချင်းကြာချိန် ၃ မိနစ်မှ ၅ မိနစ်အတွင်းဖြစ်ရမည်။နိုင်ငံတကာဂီတဟန် (သို့မဟုတ်) မြန်မာ့ဂီတဟန်၊ နှစ်သက်ရာ ဂီတ အမျိုးအစားမဆိုရေးသားစပ်ဆိုနိုင်သည်။ မိမိကိုယ်တိုင်ရေးသားသော ကိုယ်ပိုင်သံစဉ်သီချင်းဖြစ်ရမည်။ သီချင်းစာသားစာရွက်နှင့်အတူ တူရိယာဖြင့် တီးခတ်သီဆိုထားသည့် (DEMO CD) (Audio ဖြစ်စေ၊ MP3 ဖြစ်စေ) ပါဝင်ရမည့်အပြင်- အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ E-mail လိပ်စာပြည့်စုံစွာ ပါဝင်ရမည်။ မြန်မာဘာသာစကားဖြင့် ရေးသားစပ်ဆိုရမည်။ လှုံ့ဆော်ရေးသီချင်းအဖြစ် ရွေးချယ်ခံရသော သီချင်းများအတွက် တစ်ပုဒ်လျှင် ငွေကျပ် ခုနစ်သိန်းစီချီးမြှင့်မည်။ Theme Song အဖြစ် ရွေးချယ်ခံရပါက ငွေကျပ် ၁၀ သိန်း ထပ်မံချီးမြှင့်မည်။ ရွေးချယ်ခံရသော သီချင်းများအတွက် သင့်တော်သည့် သံစဉ်စာသား ပြင်ဆင်မှုများကို ခွင့်ပြုရမည်။ ရုပ်သံထုတ်လွှင့်မှု၊ ထုတ်လုပ်မှုများအတွက် သဘောတူညီခွင့်ပြုရမည်။

၂၀၁၄ ဇန်နဝါရီ ၁၀ ရက် နောက်ဆုံးထား၍ ဒေါ်ခင်ခင်ညို ဒုတိယညွှန်ကြားရေးမှူး ပြည်သူ့အင်အားဦးစီးဌာန၊ ရုံးအမှတ်(၄၈) နေပြည်တော် ဖုန်း ၀၆၇-၄၃၁၃၃၆၊ ၀၉-၄၂၀၇၀၆၇၄၄၊ ဒေါ်စန္ဒာမြင့်၊ ဒုတိယညွှန်ကြားရေးမှူး ပြည်သူ့အင်အားဦးစီးဌာန ရုံးအမှတ် (၄၈) နေပြည်တော် ဖုန်း ၀၆၇-၄၃၁၃၆၈၊ ၀၉-၈၃၀၃၉၃၀၈၊ ဦးကြည်လင် ညွှန်ကြားရေးမှူး ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဖုန်း-၀၁-၂၂၂၇၇၆၊ ၀၉-၃၁၅၄၃၉၆၉ တို့ထံ သီချင်းစာသားနှင့် DEMO CD ကို လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်ချောစာဖြင့်လည်းကောင်း ပေးပို့ရပါမည်။

သီချင်းရေးသားရာတွင် လိုအပ်သောအချက်အလက်များကို ဒေါ်ခင်ခင်ညို၊ ဒေါ်စန္ဒာမြင့်၊ ဦးကြည်လင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးများထံမှရယူနိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပေးပို့လာသည့် သီချင်းများကို ရွေးချယ်ခြင်းမပြုကြောင်း Theme Song နှင့် လှုံ့ဆော်ရေးသီချင်းရေးပြိုင်ပွဲ ကျင်းပစိစစ်ရွေးချယ်ရေးကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

သတင်းဆောင်းပါး

# ဆီးဂိမ်းပြိုင်ပွဲကြီးတွင် ပါဝင်ဆောင်ရွက်နေသည့် ဆက်ဆံရေးအရာရှိများ စေတနာ့ဝန်ထမ်းများနှင့်လုပ်အားပေးလူငယ်များ တက်ကြွပျော်ရွှင်စွာဖြင့် ပါဝင်ဆောင်ရွက်နေ

တွေ့ဆုံမေးမြန်းသူ
အောင်သိမ့်
ဓာတ်ပုံ-တင်ထွန်းအောင်

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကား မြန်မာ့မြေ၊ မြန်မာ့ရေပေါ်တွင် ခြိမ့်ခြိမ့်သဲကျင်းပလျက်ရှိသည်။

နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်တို့တွင် ကျင်းပနေသည့် အားကစားပြိုင်ပွဲများတွင် အိမ်ရှင်မြန်မာ့လက်ရွေးစင်အားကစားသမားများနှင့် ပြိုင်ပွဲဝင်အရှေ့တောင်အာရှနိုင်ငံများမှ အားကစားသမားများက သူနိုင်ကိုယ်နိုင်အကြိတ်အနယ် ယှဉ်ပြိုင်နေကြသည်။

ထို့အတူ အားကစားနည်းအမျိုးမျိုး၏ ပြိုင်ပွဲအရပ်ရပ်ကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲကျင်းပရေးကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့်အတူ ဆက်ဆံရေးအရာရှိ (Liaison Officer) များ၊ စေတနာ့ဝန်ထမ်း (Volunteer Officer) များနှင့် လုပ်အားပေးလူငယ် (Work Force) များလည်း တစ်တပ်တစ်အားပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။ အဆိုပါလူငယ်များ တက်ကြွပျော်ရွှင်စွာ ပါဝင်ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ တာဝန်ရှိသူများ၊ ဆက်ဆံရေးအရာရှိလူငယ်များနှင့် တွေ့ဆုံဆွေးနွေးမေးမြန်းဖြစ်ခဲ့သည်။

**ဦးရန်နိုင် နာယက (LO၊ VO & WF) ရုံး**

SEA Games ပြိုင်ပွဲကြီးအတွက် တစ်ထောင့်တစ်နေရာကနေပါဝင်အားဖြည့်ပေးဖို့လိုအပ်တဲ့ LO၊ VO တွေကို သင်တန်းတွေဖွင့်လှစ်ပြီး ခေါ်ယူခဲ့ပါတယ်။ ရန်ကုန်၊ နေပြည်တော်နဲ့ မန္တလေးဒေသတွေမှာ သင်တန်းတွေ ဖွင့်လှစ်ခဲ့ပါတယ်။ နောက်ဆုံး နိုဝင်ဘာ ၈ ရက်ကနေ ၂၁ ရက်အထိ စုစုပေါင်း LO ၁၂၈၈ ဦး၊ VO ၄၀၅ ဦး၊ WF ၁၃၃၈ ဦး စုစုပေါင်း ၃၀၃၁ ဦးနဲ့ သင်တန်းဖွင့်လှစ်ခဲ့ပါတယ်။ WF တွေကတော့ ရန်ကုန်နဲ့ မန္တလေးက အားကစားနှင့်ကာယပညာသိပ္ပံကျောင်းတွေက ကျောင်းသားတွေဖြစ်ပါတယ်။ VO တွေထဲမှာ အင်ဂျင်နီယာ ၂၇၈ ဦး ပါဝင်ပြီး ကျန်တဲ့သူတွေက နောင်ပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ကြမယ့် (B)အဆင့် လက်ရွေးစင်အားကစားသမားတွေပါ။ LO တွေကိုရွေးချယ်ရာမှာ နေပြည်တော်မှာရှိတဲ့ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နဲ့ သစ်တောတက္ကသိုလ်က ၂၆၀၊ ရန်ကုန်နဲ့ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်တွေက ၁၁၆ ဦးနဲ့ ကျန်တာကတော့ အခြားဘွဲ့ရတွေဖြစ်ပါတယ်။ သူတို့ကို ရွေးချယ်ရာမှာ အင်္ဂလိပ်စာနဲ့ကွန်ပျူတာ ကျွမ်းကျင်သူတွေကို ဦးစားပေးရွေးချယ်ခဲ့ပါတယ်။

LO/VO တွေကို ခေါ်ယူရာမှာ သတင်းစာထဲကနေတစ်ဆင့် ခေါ်ယူပြီးတော့ ၎င်းတို့ရဲ့ ဆန္ဒအရ ပါဝင်ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။ LO နဲ့ VO တွေကို ကျရာတာဝန်တွေ ထမ်းဆောင်နိုင်ဖို့အတွက် ကျွန်တော်တို့ စောစောကပြောသလို သင်တန်းတွေဖွင့်လှစ်ပြီး စနစ်တကျသင်ကြားပို့ချပေးခဲ့ပါတယ်။ ပြီးတော့လည်း သူတို့ရဲ့ဆန္ဒကို ထပ်မံကောက်ယူခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ပြီးတော့မှ သူတို့တာဝန်ကျရာ နေရာတွေကို တာဝန်ခွဲဝေပေးခဲ့ပါတယ်။

ဦးရန်နိုင်
နာယက (LO၊ VO &WF) ရုံး။

ဦးတင်မောင်ရီ
Work Force အဖွဲ့တာဝန်ခံ။

ဦးသိန်းဝင်းလတ် ဥက္ကဋ္ဌ (LO၊ VO နှင့် WF ရုံး) ကျောင်းအုပ်ကြီး၊ အား/ကာသိပ္ပံ(မန္တလေး)။

ကြယ်စင်ယုယ(LO)
(International School)
(စင်ကာပူ)ရန်ကုန်။

နန်းဝိုးဖောင်း(LO) ကျိုင်းတုံ (ဂုံရှမ်း) (တတိယနှစ် အင်္ဂလိပ်စာ၊ ကျိုင်းတုံတက္ကသိုလ်)။

ဇီဇဝါလှိုင်(ရန်ကုန်)
(LLB)။

**ဦးတင်မောင်ရီ Work Force အဖွဲ့တာဝန်ခံ**

ဆီးဂိမ်းပြိုင်ပွဲကြီးမှာ WF များအဖြစ် မန္တလေးနှင့်ရန်ကုန်အားကစားနှင့်ကာယပညာသိပ္ပံမှာ သင်တန်းသား ကျောင်းသား၊ ကျောင်းသူများပါဝင်ဆောင်ရွက်နေပါတယ်။ သူတို့အနေနဲ့ အားကစားကွင်း၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းတွေနဲ့ အားကစားရုံတွေမှာ ကျတဲ့နေရာမှာ တာဝန်ထမ်းဆောင်နေကြပါတယ်။ သူတို့လေးတွေနဲ့သက်ဆိုင်တဲ့ အားကစားနည်းတွေမှာ တာဝန်ချထားတဲ့အတွက် သက်ဆိုင်ရာအားကစားနည်းတွေရဲ့ ပြိုင်ပွဲအကြိုပြင်ဆင်ပုံတွေ၊ ပြိုင်ပွဲကျင်းပပုံတွေ၊ ပြိုင်ပွဲနည်းစနစ်ပိုင်းတွေကို အထူးလေ့လာခွင့်ရတဲ့အတွက် ပျော်ရွှင်တက်ကြွစွာလှုပ်ရှားနေကြတာကိုတွေ့ရပါတယ်။ သူတို့အတွက်လည်း များစွာတန်ဖိုးရှိလှတဲ့ အတွေ့အကြုံတွေရရှိစေပါတယ်။ မူလကတည်းက စည်းစနစ်တကျရှိပြီးသား အားကစား၊ သိပ္ပံသင်တန်းသားတွေကို တာဝန်ချထားတဲ့အတွက် တာဝန်ကျရာနေရာတွေမှာ လုပ်ငန်းများနဲ့ပတ်သက်ပြီး အဆင်ပြေချောမွေ့နေတယ်လို့ တစ်ဆင့်စကားနဲ့ကြားရသလို ကိုယ်တိုင်လည်း မြင်တွေ့နေရပါတယ်။

WF တွေကို ပြိုင်ပွဲကျင်းပတဲ့ အားကစားကွင်း၊ အားကစားရုံတွေ၊ ပြိုင်ပွဲကျင်းပတဲ့ Event တွေအလိုက် တွဲပေးထားရာမှာ ဒီကလေးတွေက ပြိုင်ပွဲခင်းကျင်းတဲ့နေရာကစပြီး သန့်ရှင်းရေးအပါအဝင် ဆုပေးပွဲအခမ်းအနားအထိ လိုအပ်သမျှကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေကြပါတယ်။

ရန်ကုန် အား/ကာသိပ္ပံက ကျောင်းသားတွေကို အထက(၇)နဲ့ မန္တလေး အား/ကာသိပ္ပံက ကလေးတွေကိုတော့ အထက(၉)မှာ ထားပါတယ်။ ဒါက နေပြည်တော်မှာပါ။ ရန်ကုန်နဲ့ မန္တလေးက အဖွဲ့တွေကိုတော့ သူတို့ရဲ့ အား/ကာသိပ္ပံတွေမှာထားပြီး ငွေဆောင်မှာတော့ ငွေဆောင်ဟိုတယ်မှာ ထားပါတယ်။ သူတို့လေးတွေ စားသောက်ဖို့အတွက် ပြိုင်ပွဲကျင်းပနေတဲ့ ကွင်း၊ ရုံတွေအထိ ထမင်းဘူးတွေ လိုက်ပို့ပေးပါတယ်။ ညနေစာကျတော့ တည်းခိုဆောင်ရောက်မှပဲ စားကြပါတယ်။ ကလေးတွေအနေနဲ့ သူများမလုပ်နိုင်တဲ့အလုပ်တွေကို သူတို့ဝိုင်းလုပ်ပေးနေသလို အခက်အခဲမရှိပျော်ပျော်ရွှင်ရွှင် လိုလိုချင်ချင်ပဲ လုပ်ဆောင်နေတာကိုတွေ့ရပါတယ်။

**ဦးသိန်းဝင်းလတ်**
**ဥက္ကဋ္ဌ (LO၊ VO နှင့် WF ရုံး)**
**ကျောင်းအုပ်ကြီး၊ အား/ကာသိပ္ပံ(မန္တလေး)**

LO ကတော့ ဆက်သွယ်ဆက်ဆံရေးတာဝန်တွေယူရပါတယ်။ နိုင်ငံတကာကလာတဲ့ အရေးကြီးပုဂ္ဂိုလ်တွေ၊ အားကစားနည်းတွေနဲ့ ပတ်သက်တဲ့ Technical Delegate တွေ၊ ဂျူရီတွေ၊ နိုင်ငံအလိုက် အားကစားသမားတွေနဲ့ ဆက်သွယ်ဆက်ဆံရပါတယ်။ ပြိုင်ပွဲစတင်တဲ့ နိုင်ငံတွေအလိုက်၊ လေ့ကျင့်တဲ့ အချိန်တွေအလိုက် မိုးလင်းမိုးချုပ်လုပ်ရလေ့ရှိပါတယ်။ သူတို့လေးတွေဟာ ၁၈ နှစ်ကနေ ၂၈ နှစ်အရွယ်လောက်ရှိတဲ့ လူငယ်လူရွယ်တွေပါ။

VOကျတော့ ဆက်သွယ်ဆက်ဆံရေးလည်းလုပ်တယ်၊ နည်းပညာပိုင်းတွေမှာ ဥပမာ-ကွင်းတွေ၊ ရုံတွေမှာ အင်ဂျင်နီယာပိုင်းဆိုင်ရာတွေ လုပ်ပါတယ်။ ကွင်း၊ ရုံပြင်ဆင်တာတွေ လုပ်တာတွေလည်း လုပ်ပါတယ်။

ပြိုင်ပွဲကြီးမတိုင်ခင်မှာတော့ သူတို့ကို တည်းခိုတဲ့နေရာမှာပဲ ကျွေးမွေးပါတယ်။ ကွင်း၊ ရုံတွေ သွားနေတဲ့သူတွေအတွက် သူတို့ကို Lunch Box တွေလုပ်ပေးပါတယ်။ ပြိုင်ပွဲကြီးကျင်းပတဲ့အချိန်မှာတော့ သူတို့ပြန်မစားနိုင်တော့တဲ့အတွက် နိုင်ငံတော်က သတ်မှတ်ခွင့်ပြုပေးတဲ့ တစ်နေ့တာစားစရိတ် ငွေကျပ် ၄၀၀၀ ကို ထုတ်ပေးလိုက်ပါတယ်။ နံနက်စာငွေကျပ် ၁၀၀၀ နှုန်း၊ နေ့လယ်စာနဲ့ညစာကိုငွေကျပ် ၁၅၀၀ နှုန်းနဲ့တွက်ပြီးပေးတာပါ။ သူတို့တွေအနေနဲ့လုပ်တဲ့ Function ချင်းလည်းမတူ၊ သွားတဲ့နေရာချင်းလည်း မတူဘူးဆိုတော့ သူတို့သွားတဲ့နေရာအလိုက်၊ ခရီးစဉ်အလိုက် ကြုံတဲ့နေရာမှာပဲ နံနက်စာ၊ နေ့လယ်စာ၊ ညစာတို့ကို ဝယ်ယူစားသောက်ရပါတယ်။

ဒီပေးလိုက်တဲ့ငွေနဲ့ စားလို့သောက်လို့ မလောက်တာမျိုး၊ ပြန်တင်ပြတာမျိုး မရှိပါဘူး။ တချို့တလေမှာတော့ အခက်အခဲရှိနိုင်ပါတယ်။ တချို့ကျတော့ သူတို့ တာဝန်ကျတဲ့နေရာက ကျွေးမွေးတာမျိုး၊ ဧည့်သည်နဲ့သွားလို့ ဧည့်သည်နဲ့အတူ စားသောက်ရတာမျိုးလည်းရှိပါတယ်။ တချို့လည်း သူတို့ကျတဲ့ နေရာနဲ့ စားသောက်ဆိုင်တွေနဲ့ဝေးလို့ စားသောက်မှုခက်ခဲတာမျိုးရှိမှာပါ။ အားလုံးက Function မတူတဲ့အတွက် လူတိုင်းအဆင်ပြေနိုင်မှာမဟုတ်သလို သူတို့ကြုံရတဲ့အခက်အခဲကလည်း တူညီမှာတော့မဟုတ်ပါဘူး။ ဒါပေမယ့် သူတို့က ကိုယ့်ဘာသာဖြေရှင်းသွားတဲ့အတွက် ကျွန်တော်တို့ကို ပြန်တင်ပြတာမျိုးမရှိပါဘူး။

ဒီ LO/VO တွေကို သူတို့အလုပ်ပြီးလို့ ပြန်လာချိန် ည ၈ နာရီဆိုရင် ကျွန်တော်တို့တန်းစီပါတယ်။ သူတို့နောက်ရက် ဆောင်ရွက်ရမယ့် အလုပ်တွေ၊ ဘယ်တွေသွားမလဲ၊ ဘာလုပ်မလဲ၊ ဘယ်သူက ဘယ်အချိန်သွားချင်လဲ၊ သူ့လုပ်ငန်းက ဘာရှိမလဲ စသည်ဖြင့် အကုန်စာရင်းကောက်ပါတယ်။ သူတို့ရဲ့ သွားမယ့် လာမယ့် အချိန်တွေအတိုင်း ကျွန်တော်တို့က စီစဉ်ပေးပါတယ်။ သွားလာရေးအဆင်ပြေအောင် ပို့ဆောင်ရေးကော်မတီနဲ့ ချိတ်ဆက်ပေးပါတယ်။ နံနက်ခင်းမှာ အိပ်ရာနှိုးပေးရတာကအစပေါ့ဗျာ။ ကျွန်တော်တို့ကလုပ်ပေးရတယ်။ သူတို့နဲ့ ကျွန်တော်တို့ နေ့တိုင်း ဒီလိုထိတွေ့မှုတွေရှိပါတယ်။ ဒီလိုထိတွေ့ရာမှာ သူတို့ရဲ့ အခက်အခဲတွေ တင်ပြတာမျိုး၊ Complain တက်တာမျိုး ကြီးကြီးမားမားမရှိပါဘူး။အသေးအမွှားကိစ္စလေးတွေ တင်ပြတာကို ဖြေရှင်းပေးလိုက်တာမျိုးပဲရှိပါတယ်။

သူတို့ကို သူ့တာဝန်ခံတွေနဲ့သူ ဖွဲ့စည်းပေးထားပါတယ်။ ဒု ညွှန်မှူးတွေ၊ ဦးစီးအရာရှိတွေနဲ့ ဖွဲ့ပေးထားတာပါ။

လူငယ်တွေအနေနဲ့ လုပ်ငန်းဆောင်ရွက်ရာမှာတော့ ဒီ Game နဲ့ ပတ်သက်တဲ့ အတွေ့အကြုံတွေလိုတာပေါ့။ ဘယ်လောက်ပဲကောင်းအောင် စီမံထားပေမယ့် လိုအပ်ချက်တွေတော့ရှိတာပေါ့။ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းတွေလည်းလုပ်၊ ဆက်သွယ်ဆက်ဆံရတဲ့ လုပ်ငန်းတွေလည်း လုပ်ရတော့ သူတို့မှာ ပင်ပန်းပြီး လုပ်ရကိုင်ရ အဆင်မပြေတာတွေလည်း ရှိမှာပေါ့။ သို့သော်လည်း ကျွန်တော်တို့ကတော့ လိုတာတွေကို ပေါင်းစပ်ပေးပါတယ်။ ဝိုင်းဖြေရှင်းပေးပါတယ်။

သူတို့ကို နေရာချထားရာမှာ အားကစားရွာကတော့ ပြိုင်ပွဲဝင် အားကစားသမားတွေအတွက် စီစဉ်ပေးထားတာပါ။ နိုင်ငံခြားသားနဲ့ အနီးကပ် ဆက်သွယ်ဆက်ဆံရမယ့် ကလေးတွေကိုတော့ ဒီအားကစားရွာထဲမှာ ထားပါတယ်။ ကျန်တဲ့သူတွေကိုတော့ ကျောင်းတွေမှာပဲထားဖို့ နဂိုကတည်းက ပညာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းစီမံခဲ့တာပါ။ ဝဏ္ဏသိဒ္ဓိအားကစားကွင်းနဲ့ နီးတဲ့ အထက(၁၀)မှာ LO တွေအနက်က ယောကျ်ားလေးတွေကိုထားပြီး အထက(၁၁)မှာ မိန်းကလေးတွေကို ထားပါတယ်။ VO တွေက အထက (၈)မှာ ထားပါတယ်။ WF ကတော့ အထက(၇)နဲ့ အထက(၉)မှာ ထားပါတယ်။

နေရာချထားရာမှာ အထက(၁၀)မှာ စာသင်ခန်း ၁၀ ခန်းနဲ့ စုဝေးခန်းမကြီးတစ်ခုမှာ နေရာချထားပါတယ်။ အထက(၁၁)မှာတော့ စာသင်ခန်း ၂၅ ခန်းထဲမှာထားပါတယ်။ တစ်ခန်းကို ၁၆ ယောက်လောက်ထားပါတယ်။ တချို့အခန်းတွေမှာတော့ အယောက် ၂၀၊ ၂၁ ယောက်လောက်ထားရပါတယ်။ ဒါပေမယ့် အရမ်းအကျပ်ကြီးတော့ မဟုတ်ပါဘူး။ ကလေးအများစုကတော့ နေတတ်ကြပါတယ်။ Volenteer ရဲ့ အကြောင်းကိုသိတဲ့ကလေးတွေပေါ့လေ။ တချို့ကျလည်း အိမ်မှာနေရသလို မဟုတ်တော့ နေတတ်မှာ မဟုတ်ဘူးပေါ့။ တချို့က Guide လုပ်တဲ့သူတွေပါတယ်။ နိုင်ငံခြားမှာ အလုပ်လုပ်နေသူတွေလည်းပါတယ်။ သူတို့လည်း နေနိုင်ကြပါတယ်။ ရန်ကုန်၊ မန္တလေးတို့မှာလည်း ဒီလိုပဲ LO၊VOတွေကို စုစည်းထားတာပါ။ နေပြည်တော်မှာလုပ်တဲ့ ပြိုင်ပွဲအများစုက ဝဏ္ဏသိဒ္ဓိမှာကျင်းပတာဖြစ်ပါတယ်။ ဒါကြောင့် ဒီကွင်းနဲ့နီးတဲ့ အထက(၁၀)နဲ့ (၁၁)မှာ သူတို့ကိုတည်းဖို့ စီစဉ်ခဲ့တာပါ။ သူတို့တာဝန်တွေပြီးလို့ ကားအခက်အခဲဖြစ်ခဲ့ရင် လမ်းလျှောက်ပြန်ချင်လည်း ပြန်လို့ရနိုင်အောင်လို့ပါ။ ကွင်းနဲ့ ကျောင်းတွေက လမ်းပဲခြားတာပါ။

အခြားနိုင်ငံတွေမှာတော့ ဒီလိုနိုင်ငံတကာပွဲတွေ မကြာခဏ လက်ခံကျင်းပနေကျဆိုတော့ Volunteer တွေအနေနဲ့လည်း အတွေ့အကြုံတွေ ရှိပြီးသားဖြစ်နေပါပြီ။ ဒီမှာကတော့ ဒီလိုပွဲကြီးမျိုးကို အခုမှ ကျင်းပဖူးတာဖြစ်တဲ့အတွက် သူတို့အနေနဲ့ အခက်အခဲတွေ၊ အဆင်မပြေတာတွေရှိမှာပါပဲ။

ကျွန်တော်တို့အနေနဲ့ အဆင်မပြေဖြစ်ရင် ပြေလည်အောင် ညှိနှိုင်းဖြေရှင်းပေးနေပါတယ်။ ဖုန်းကတ်ဖိုးငွေတစ်သောင်းထုတ်ပေးပြီးသားပါ။ ဝတ်စုံတွေလည်း ထုတ်ပေးထားပါတယ်။ Rehearsal ကြည့်ဖို့သွားရာမှာ အချိန်နောက်ကျလို့ ဝင်ခွင့်မရပါဘူး။ ပြီးတော့ ကွင်းထဲမှာလည်း လာကြည့်တဲ့သူတွေက ပြည့်နေပြီလို့ဆိုပါတယ်။ လုံခြုံရေးက သတ်မှတ်အင်အားပြည့်တဲ့အတွက် ပိတ်လိုက်ပါတယ်။ ဒါက မမျှော်လင့်တဲ့ကိစ္စဖြစ်ပါတယ်။ ဒီဘက်ကလည်း အစမ်းလေ့ကျင့်တာတွေ ဘယ်သူမှရှိမှာမဟုတ်ဘူးလို့ ထင်ခဲ့ပါတယ်။ သူတို့ ကြည့်ချင်တာကို မကြည့်ရတဲ့အတွက် ကျွန်တော်တို့ စိတ်မကောင်းဖြစ်ရပါတယ်။ အခမ်းအနားပြီးတော့မှ အားလုံးကို ကျွန်တော်အခြေအနေတွေ ပြန်ရှင်းပြရပါတယ်။Volunteer ရဲ့ သဘောတရားတွေကို ရှင်းပြရပါတယ်။ ကိုယ်က ဒီဆီးဂိမ်းပြိုင်ပွဲကြီး အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ရမှာပါ။ လုံခြုံရေးကလည်း သူ့တာဝန်သူ ထမ်းဆောင်မှာပါလို့ ရှင်းပြရပါတယ်။

**ဦးငွေအောင်**
**ညွှန်ကြားရေးမှူး၊ အားကစားဝန်ကြီးဌာန**

ဒီစေတနာ့ဝန်ထမ်းအဖွဲ့တွေအနေနဲ့ ဆီးဂိမ်းပြိုင်ပွဲကြီးရဲ့ဖွင့်ပွဲအခမ်းအနားကို ကြည့်ချင်တယ်လို့ သတင်းပို့လာတဲ့အတွက် ကျွန်တော်တို့က Rehearsal ကို ကြည့်နိုင်ဖို့စီစဉ်ပေးခဲ့ပါတယ်။ ဒါပေမယ့် လူကြီးတွေလည်း ရောက်နေပြီး ကွင်းထဲမှာလည်း လာကြည့်တဲ့သူတွေနဲ့ပြည့်သွားတဲ့အတွက် သူတို့ဝင်ခွင့်မရခဲ့ပါဘူး။ ကျွန်တော်တို့ဌာနရုံးအဖွဲ့မှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)လည်း ဝင်ခွင့်မရခဲ့ပါဘူး။ ဒါက လုံခြုံရေးအဖွဲ့တွေအနေနဲ့ တာဝန်အရ ဝင်ခွင့်မပြုခဲ့ခြင်းဖြစ်ပါတယ်။ တကယ့်ဖွင့်ပွဲမှာတော့ ဝင်ခွင့်လက်မှတ် မရှိတဲ့သူတွေ ဝင်ခွင့်မရပါဘူး။ ထိုင်ခုံကန့်သတ်ချက်ကြောင့် ဖြစ်ပါတယ်။

**ကြယ်စင်ယုယ(LO)**
**(International School)(စင်ကာပူ)ရန်ကုန်**

ဘရူနိုင်းအားကစားဝန်ကြီးနဲ့ ဆက်သွယ်ဆောင်ရွက်ရပါတယ်။ အခု သူပြန်သွားပြီဖြစ်လို့ LO ရုံးမှာ အလုပ်တွေဝိုင်းလုပ်ပေးနေပါတယ်။ ငွေ ၄၀၀၀ ပဲထုတ်စားနေပါတယ်။ လောက်ပါတယ်။ အခက်အခဲမရှိပါဘူး။ သမီးက Volunteer အလုပ်တွေလုပ်ဖြစ်ပါတယ်။ ဒါကြောင့် ဒီမှာလုပ်ရတာ အခက်အခဲမရှိပါဘူး။ တချို့သူငယ်ချင်းတွေ အခက်အခဲလေးတွေရှိရင်လည်း ညကျရင်စုပြီးပြောရင်း၊ ရယ်မောရင်းနဲ့ပဲ ပြီးသွားပါတယ်။ နောက်ရက်ကျ ပုံမှန်ပဲ အလုပ်လုပ်နေကြတာပါပဲ။ တက်တက်ကြွကြွပါပဲ။ ဒီလိုလုပ်ငန်းတွေကို လုပ်ရတာ ဘယ်နေရာမှာမှ ပြီးပြည့်စုံမှာ မဟုတ်ပါဘူး။ ဒီနိုင်ငံမှာမှ မဟုတ်ပါဘူး။ အမေရိကန်မှာ လုပ်ရင်လည်း ပြဿနာရှိမှာပါပဲ။ အဲဒီတော့ ပြဿနာလေးတွေကို ပျော်ပျော်ရွှင်ရွှင်နဲ့ ကျော်ဖြတ်သွားတာလည်း အကောင်းဆုံးပါ။

ကျွန်မတို့ အထက(၁၁)ထဲမှာတည်းရပါတယ်။ အစက စာသင်ခန်း တစ်ခန်းမှာ လူအယောက် ၂၀ လောက်နေရတယ်။ နောက်တာဝန်တွေခွဲသွားတော့ အခု ၁၂ ယောက်ပဲရှိတော့တယ်။ ရေချိုးခန်းနဲ့သန့်စင်ခန်းသုံးခု ရှိပြီး အပြင်မှာလည်း ရေချိုးလို့ရတဲ့ ရေကန်ကြီးတစ်ကန်လည်းရှိသေးတယ်။ အဲဒီကျောင်းမှာနေရတာ ပျော်စရာကောင်းပါတယ်။ ဝိုင်ဖိုင်လည်းသုံးလို့ရပါတယ်။ နေရာကျပ်တည်းမှုလည်း မရှိပါဘူး။ အခက်အခဲမရှိပါဘူး။ ရှိရင်လည်း ပြောလိုက်ရင် အဆင်ပြေသွားပါတယ်။ ကားမရှိလို့တောင်းရင်လည်းစီစဉ်ပေးပါတယ်။

**နန်းဝိုးဖောင်း (LO) ကျိုင်းတုံ (ဂုံရှမ်း) (တတိယနှစ် အင်္ဂလိပ်စာ၊ ကျိုင်းတုံတက္ကသိုလ်)**

လာအိုသမ္မတရဲ့ဆက်ဆံရေးအရာရှိလုပ်ရပါတယ်။ သူတို့ပြန်သွားတော့ LO ရုံးမှာပဲ ဝိုင်းလုပ်ပေးနေပါတယ်။ ပိတ်ပွဲပြီးမှ ပြန်ပါမယ်။ နေလို့ရရင် နေဦးမှာပါ။ (၈)ကြိမ်မြောက် အရှေ့တောင်အာရှမသန်စွမ်းအားကစားပြိုင်ပွဲအတွက် လုပ်ပေးချင်ပါသေးတယ်။ စားရေး သောက်ရေးကတော့သမီးက ငါးပိတွေဘာတွေမစားဘူးလေ၊ ဒါကြောင့် နည်းနည်းတော့အခက်အခဲရှိပေမယ့် ဘာမှမဖြစ်ပါဘူး။သည်းခံနိုင်ပါတယ်။ ကျွန်မတို့ တည်းတဲ့ကျောင်းနားမှာ ကင်တင်းန်တွေရှိပါတယ်။ ထမင်းရယ်၊ ကြက်သားဟင်းရယ်၊ သရက်ချဉ်ကြော်ရယ်၊ ဟင်းသီးဟင်းရွက်ကြော်ရယ်ကိုမှ တစ်ထောင်ပဲပေးရပါတယ်။ စားလို့ အဆင်ပြေပါတယ်။

**ဇီဇဝါလှိုင်(ရန်ကုန်)(LLB)**

လေဆိပ်မှာ LO Incharge အနေနဲ့ လုပ်ရပါတယ်။ အခုချိန်မှာ ပြန်လည်ထွက်ခွာတဲ့သူတွေကို လုပ်ပေးနေပါတယ်။ လူကျန်၊ ပစ္စည်းကျန် မဖြစ်အောင် ကြည့်ပေးရပါတယ်။ အရင်က ဧည့်သည်အရမ်းများတုန်းကဆိုရင် မနက် ၆ နာရီကတည်းက ထွက်သွားရပါတယ်။ ည ၁၂ နာရီခွဲလောက်မှ ပြန်ရောက်ပါတယ်။ နံနက်စာ၊ နေ့လယ်စာနဲ့ ညစာကို ထုတ်ပေးတဲ့ ငွေကျပ် ၄၀၀၀ နဲ့ ဝယ်စားပါတယ်။ လေဆိပ်နားက ဆိုင်တွေမှာ စားပါတယ်။ လောက်ပါတယ်။

အခုလည်း နေ့တိုင်းလေဆိပ်သွားရပါတယ်။ လေဆိပ်မှာ တာဝန်ကျတာက ၃၆ ယောက်ပါ။ အဲဒါကို ခြောက်ဖွဲ့ခွဲပြီးအလှည့်နဲ့ သွားရပါတယ်။ နားတဲ့ရက်မှာ တချို့က ပြိုင်ပွဲတွေ လိုက်ကြည့်ကြပါတယ်။ အခုနေရ

*စာမျက်နှာ ၁၀ ကော်လံ ၅ သို့*

ပြည်တွင်းသတင်း

# ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနား ဖျော်ဖြေရေးအစီအစဉ်များ စုပေါင်းလေ့ကျင့်နေမှုကို ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၁၇

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူသည် အမှတ် (၇) တည်းခိုရေးစခန်း(ရွာတော်)သို့ ယနေ့ညနေပိုင်းတွင် ရောက်ရှိပြီး ပိတ်ပွဲအခမ်းအနား၌ ဖျော်ဖြေတင်ဆက်မည့်အစီအစဉ်များဖြစ်သည့် အားမာန်ဝင့်ချီရှေ့သို့ဆီ၊ တို့မြန်မာ့ခြင်းလုံး၊ ဆင်ရတနာအက၊ ရောင်စုံပန်းများ၏ မြစ်ကြေးမုံ၊ထာဝရမြန်မာနှင့် ပြန်ဆုံမယ်တို့၏လေ့ကျင့်မှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ ဖျော်ဖြေရေးအစီအစဉ်များအနက် ထာဝရမြန်မာအကအစီအစဉ်သည် ယခင်က အင်အား ၄၆၀ ဖြင့် ဖျော်ဖြေတင်ဆက်ရန်စီစဉ်ခဲ့သော်လည်း ပြည်နယ် ခုနစ်ခုမှ ယဉ်ကျေးမှုကိုယ်စားလှယ်များက ထာဝရမြန်မာအစီအစဉ်တွင် ၎င်းတို့အားလုံး ပါဝင်ကပြရန်တောင်းဆိုလာပါသဖြင့် အင်အား ၁၅၄၀ ဖြင့် ပြင်ဆင်ဖွဲ့စည်းကာ လေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၉ မှ*

တာက အထက (၁)မှာနေရပါတယ်။ မိဘနဲ့ပဲနေပြီး ဒီလိုအများနဲ့ မနေဖူးတဲ့အတွက် အစပိုင်းကတော့ အခက်အခဲရှိခဲ့ပါတယ်။ အခုနေတတ်လာပါပြီ။

ပြောရရင်တော့ အရင်ကထင်ထားတာက ဒီလိုတောင်နေရမယ်မထင်ဘူး၊ ကြမ်းပြင်မှာပဲ ဖြစ်သလိုနေရမယ်ထင်ထားတာ။ အမေက စောင်၊ခြင်ထောင်၊ ခေါင်းအုံး၊ ဖက်လုံးအကုန်ယူသွားလို့ ပြောသေးတယ်။ ဒါပေမယ့် အခုဒီမှာ ခုတင်၊ မွေ့ရာ၊ ခြင်ထောင်၊ စောင်အသစ်တွေနဲ့ ပြည့်ပြည့်စုံစုံထားပေးပါတယ်။

**မောင်ချစ်ထူးဝေ (LO) (ပလိပ်)**

အားကစားရွာ Main Gate(1)မှာ Information လုပ်ငန်းတွေ လုပ်ပေးပါတယ်။ လာတဲ့အားကစားသမားတွေကို ကြိုဆိုပါတယ်။ အလုပ်ချိန်က အဆိုင်းနှစ်ဆိုင်းခွဲပြီးလုပ်ပါတယ်။ နံနက်ပိုင်းနဲ့ ညနေပိုင်းခွဲထားပါတယ်။ တစ်ဆိုင်းပြီးရင် အနားပေးပါတယ်။ အားကစားပွဲတွေ သွားကြည့်ချင်လည်းကြည့်၊ အဆောင်မှာ နားချင်လည်းနား လုပ်လို့ရပါတယ်။ ထမင်းကတော့ အပြင်မှာပဲ ဝယ်စားပါတယ်။ နေတာကတော့ Mayor Office က အဖွဲ့တွေနဲ့ တွဲပြီး နေရပါတယ်။

**ခိုင်ဝတ်ရည်ထက် (LO) (ရန်ကုန်)**

ကျွန်မက Mayor Office က Problem Service မှာ လုပ်ရပါတယ်။ နံနက် ၆ နာရီကနေ ၁၀ နာရီအထိ လုပ်ရပါတယ်။ အားကစားရွာထဲမှာ နေထိုင်တဲ့ နိုင်ငံခြားသားတွေ၊ နေထိုင်စားသောက်ရေးနဲ့ ပတ်သက်တာတွေကို ဌာနတွေနဲ့ ချိတ်ဆက်ပြီး ဖြေရှင်းပေးရပါတယ်။

ထမင်းက ဒီအားကစားရွာမှာရှိတဲ့ Social Zone မှာ စားပါတယ်။ ဟင်းရယ်၊ အရွက်ကြော်၊ ငါးပိရည်၊ တို့စရာနဲ့မှ ငွေကျပ် ၁၅၀၀ ပဲ ကျပါတယ်။ ဒီမှာက ၅၀၀ တန်တောင်ဝယ်စားလို့ရပါတယ်။ ငွေ ၄၀၀၀ နဲ့စားရတာ လောက်ပါတယ်။ ကြက်ဆီထမင်းနဲ့ ရေခဲမုန့်စားတဲ့သူတွေဆိုရင်တော့ မလောက်ဘူးပေ့ါ။ ကျွန်မအနေနဲ့ အခြား Volunteer အလုပ်တွေလည်း လုပ်ဖူးတော့ ဒီမှာကြုံရတဲ့အဆင်မပြေမှုတွေက မပြောပလောက်ဘူးလို့ ထင်ပါတယ်။

**စုလှိုင်ဖြိုး (LO) (မန္တလေး)**

သမီးက မန္တလေးက ကုမ္ပဏီတစ်ခုမှာလုပ်ပါတယ်။ ဒီမှာ Volunteer လာလုပ်ဖို့အတွက် ကုမ္ပဏီက ခွင့်မပြုတဲ့အတွက် တစ်ခါတည်းအလုပ်ထွက်ခဲ့ပြီးမှလာလုပ်တာပါ။ ဒီအလုပ်ကလုပ်ရခဲတယ်လေ။ Mayor Office က Problem Service မှာ လုပ်ရပါတယ်။ အစစအရာရာ အဆင်ပြေပါတယ်။ ဒီကပြန်ရင်တော့ အလုပ်သစ်တစ်ခုလုပ်ရမှာပေ့ါ။ မန္တလေး AGD ဘဏ်မှာ အလုပ်လျှောက်ထားတာရရင် လုပ်ရမှာပေ့ါ။

**ရည်မွန်အောင် (LO)**

ကျွန်မလည်း Mayor Office က Information Counter မှာ လုပ်ပေးနေပါတယ်။ ဖွင့်ပွဲကို ကိုယ့်ဘာသာလက်မှတ်ဝယ်ပြီး ကြည့်ပါတယ်။ ကြည့်ရင်းနဲ့ နိုင်ငံအလိုက် လာတဲ့အားကစားသမားတွေ ပို့ဆောင်ပေးတာတို့၊ ကွင်းထဲဝင် ထွက်တာတို့ကို လုပ်ပေးရပါတယ်။

ဒီမှာနေထိုင်စားသောက်ရတာအဆင်ပြေသလို အဆင်မပြေတာလေးတွေဖြစ်ရင်လည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖြေရှင်းလိုက်တာများပါတယ်။ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကို ဖြေရှင်းနိုင်မှ ကိုယ့်အရည်အသွေးတိုးတက်မယ်လို့ထင်ပါတယ်။ ဒီပွဲကြီးကရတဲ့ အတွေ့အကြုံတွေက အဖိုးမဖြတ်နိုင်ပါဘူး။

# REDD+ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၇

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသသစ်နှင့်ပတ်သက်သော အဖွဲ့အစည်း (ITTO) ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး သစ်တောကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများကို ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ သစ်တောဦးစီးဌာနနှင့် ITTO တို့ပူးပေါင်းပြီး ယနေ့အချိန်အထိ စီမံကိန်းရှစ်ခုကို ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ သစ်တောများ ထာဝစဉ်တည်တံ့စေရန် စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေခြင်း၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း၊ ဝါးသယံဇာတအသုံးပြုမှု ဖွံ့ဖြိုးတိုးတက်ခြင်း၊ ကျွန်းမျိုးရိုးဗီဇထိန်းသိမ်းခြင်း၊ စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်ခြင်းဆိုင်ရာ စံနှင့်အညွှန်းများ သတ်မှတ်ခြင်းစသည့်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

ITTO နှင့်ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းစီမံကိန်းတစ်ခုဖြစ်သော စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်မှု မူဘောင်အတွင်းမှ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လုပ်မှုလျှော့ချခြင်း REDD+ ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်စီမံကိန်းကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် စတင်အကောင်အထည်ဖော်လျက်ရှိရာ REDD+ ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်သစ်တောဦးစီးဌာနရုံးချုပ် အင်ကြင်းခန်းမ၌ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ အပူပိုင်းဒေသသစ်နှင့်ပတ်သက်သော အဖွဲ့အစည်းနှင့် နိုင်ငံတကာနှင့် ပြည်တွင်းမှ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး**(အပေါ်ပုံ)**က အမှာစကားပြောကြားရာတွင် REDD+သည် အပင်များတွင် သိုလှောင်ထားသည့် ကာဗွန်ပမာဏအတွက်ငွေကြေးတန်ဖိုး တွက်ချက်ဖော်ပြပြီး သစ်တောများကို ခုတ်လှဲခြင်းထက် ပင်ထောင်အတိုင်း ဆက်လက်တည်ရှိစေရန် ထိန်းသိမ်းကာကွယ်ခြင်းက ပိုမိုတန်ဖိုးကြီးမားကြောင်း သိစေရန်နှင့် သစ်ထုတ်ရောင်းချသကဲ့သို့ ဝင်ငွေရရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သစ်တောများကို အခြားမြေအသုံးချမှုအဖြစ် ပြောင်းလဲခြင်းသည် ရာသီဥတုပြောင်းလဲမှုအပေါ် ဆိုးကျိုးသက်ရောက်မှု ရှိသောကြောင့် မြေအသုံးချမှုနှင့် ဆက်စပ်သော လုပ်ငန်းများကို ရာသီဥတုပြောင်းလဲမှုလျော့ပါးသက်သာရေး ကြိုးပမ်းမှုအစီအစဉ်များမှာ အရေးပါကြောင်း၊ REDD+ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် သစ်တောကာဗွန်တိုင်းတာခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းအပြင် သစ်တော ပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းဖြစ်စေသည့် အဓိကအကြောင်းအရင်းများကို ဖော်ထုတ်ဖြေရှင်းခြင်းနှင့် လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင် လုံခြုံမှုသတင်းအချက်အလက် တည်ဆောက်ထားခြင်း (Safeguard Information System) တို့သည်လည်း အရေးကြီးသောလုပ်ငန်းစဉ်နှစ်ရပ် ဖြစ်ကြောင်း။

ယခုအလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်သုံးခုမှာ REDD+ သဘောတရားအယူအဆ၊ ရည်မှန်းချက်နှင့် အကောင်အထည်ဖော်မှုဆိုင်ရာ နည်းစနစ်များအား ဆက်စပ်ပတ်သက်သူများအားလုံး သိရှိနားလည်စေရန်၊ ကမ္ဘာနှင့်အဝန်း REDD+ လုပ်ငန်းစဉ်များဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို သိရှိရန်နှင့် မြန်မာနိုင်ငံ၏ REDD+လမ်းပြမြေပုံ အကောင်အထည် ဖော်နိုင်ရေးအတွက် အထောက်အကူဖြစ်စေရန်တို့ ဖြစ်သည့်အတွက် ရည်ရွယ်ချက်များ ထိရောက်အောင်မြင်အောင် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးအကောင်အထည်ဖော်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ သစ်နှင့်ပတ်သက်သည့်အဖွဲ့အစည်း (ITTO) မှ Project Manager Dr.Hwan Ok Ma က ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၆ မှ*

၄၅၂ ဦးတို့လိုက်ပါလာပြီး မြန်မာနိုင်ငံ၏ အထင်ကရနေရာများဖြစ်သည့် ရန်ကုန်မြို့ ရွှေတိဂုံအပါအဝင် ဗိုလ်ချုပ်ဈေးနှင့် ကျော်ကြားလူသိများသည့် နေရာများ၊ ပဲခူးမြို့ ရွှေမော်ဓောဘုရားနှင့် ကမ္ဘာ့အထင်ကရမှတ်တမ်းများတွင် ပါဝင်သော ပုဂံညောင်ဦးမြို့ရှိ ရှေးဟောင်းစေတီပုထိုးများနှင့် သန်လျင်မြို့ ကျိုက်ခေါက်စေတီနှင့် သန်လျင်ဈေးကြီးအပါအဝင် အနီးအနားရှိ ကျေးလက်ဒေသများကိုပါ လာရောက်လေ့လာပြီး မြန်မာ့အထင်ကရစေတီပုထိုးများနှင့် ရိုးရာအနုပညာများကို မှတ်တမ်းတင်လေ့လာမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရ သည်။

**ထွက်ခွာသွား**

M.V Seven Seas Voyager ကမ္ဘာလှည့်အပျော်စီး သင်္ဘောကြီးသည် မြန်မာနိုင်ငံသို့ ဒီဇင်ဘာ ၁၅ ရက် ညနေ ၃ နာရီခွဲက ရောက်ရှိခဲ့၍ သုံးရက်ကြာလည်ပတ်မှုများပြုလုပ်ခဲ့ပြီး ယနေ့ မွန်းလွဲ ၂နာရီတွင် ထိုင်းနိုင်ငံ ဖူးခက်မြို့သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်းသိရသည်။ အဆိုပါသင်္ဘောကဲ့သို့ ကမ္ဘာ့ခရီးသွားအပျော်စီးသင်္ဘောကြီး မြန်မာနိုင်ငံသို့ ဒီဇင်ဘာ ၂၇ ရက်တွင်လည်း ထပ်မံလာရောက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

# မန္တလေး၌ မီးလောင်မှုနှစ်ခု ဆက်တိုက်ဖြစ်ပွား

မန္တလေး ဒီဇင်ဘာ ၁၇

**မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၄)ရပ်ကွက် အကွက် ၈-၇၊ သဇင်လမ်းနှင့် ပြင်ဦးလွင်သွား ရထားသံလမ်းကြား ဒေါ်မီမီလှိုင်နေအိမ်၌ ဒီဇင်ဘာ ၁၆ ရက် ည ၈ နာရီ ၂၅ မိနစ်က မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့သည်။**

ယင်းမီးလောင်မှုကြောင့် လူနေအိမ်လေးလုံးနှင့် တဲတစ်လုံးမီးလောင်ဆုံးရှုံးခဲ့ရပြီး အဆိုပါမီးလောင်ရာသို့ မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် ၃၅ စီး၊ သန္နေမီးသတ်အင်အား ၂၅ ဦး၊ အရန်မီးသတ်အင်အား ၁၅၀ ဖြင့် လာရောက်ငြိမ်းသတ်ခဲ့ရာ ည ၉ နာရီတွင် မီးငြိမ်းသွားခဲ့သည်။

**(ဝဲပုံ)**

**ဆောင်ရွက်ထား**

မီးလောင်ရခြင်း အကြောင်းရင်းမှာ ကာလကြာမြင့်စွာ အသုံးပြုခဲ့ပြီး ဟောင်းနွမ်းနေသော အိတ်စတန်းရှင်းကြိုးတွင် ဖုန်းနှင့်ခြင်ရိုက်တံတွဲ၍ အားသွင်းထားရာ အပူလွန်ကဲပြီး စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါ မီးလောင်ကျွမ်းမှုအတွက် အမှတ်(၁၁) ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားပြီး နာရီဝက်ခန့်အကြာ ၉ နာရီခွဲတွင် တံတားဦးမြို့နယ် စကားအင်းကျေးရွာတွင် မီးလောင်မှုတစ်ခုထပ်မံဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ အိမ်ရှင် ဦးမင်းသိန်းနေအိမ် မီးဖိုမီးကွင်းမီးကျန်မှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး လူနေအိမ် ၁၇ လုံး၊ နွားစာကျီခုနစ်လုံး ဆုံးရှုံးခဲ့ကြောင်း သိရသည်။ မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် ၁၄ စီး၊ သန္နေမီးသတ် ၃၀၊ အရန်မီးသတ်အင်အား ၄၀၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၅၀၊ လေဆိပ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ခုနစ်ဦးတို့ လာရောက်ကူညီ ငြိမ်းသတ်ပေးခဲ့ကြောင်း သိရသည်။

မီးလောင်ဆုံးရှုံးမှုကြောင့် အိုးအိမ်မဲ့နေသူများကို စကားအင်းကျေးရွာ မဏိရတနာ ဘုန်းတော်ကြီးကျောင်း၌ ခေါ်ယူစောင့်ရှောက်ထားပြီး မီးလောင်မှုအတွက် တံတားဦးမြို့မ ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**အေးမြ(မန္တလေး)**

# နေပြည်တော်တပ်ကုန်းမြို့နယ်၌ ကျေးရွာသုံးရွာဆက် ကျေးလက်ဖွံ့ဖြိုးရေးတံတားနှစ်စင်း တည်ဆောက်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

နေပြည်တော် တပ်ကုန်းမြို့နယ် ကြက်သွန်ခင်းကျေးရွာအုပ်စု ကြက်သွန်ခင်းကျေးရွာနှင့် ချောင်းကြားကျေးရွာချင်းဆက် နဝင်းချောင်းကူးတံတား ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၁ နာရီ ၄၉ မိနစ်တွင် ကျေးရွာနှစ်ရွာကြားရှိ နဝင်းချောင်းကူးတံတားတည်ဆောက်မည့် နေရာ၌ ကျင်းပရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ ဝိဇ္ဇာတောင် သာသနာပြုဆရာတော် အရှင်ဉာဏသိဒ္ဓိက တံတားပန္နက်ကို တင်ပေးတော်မူပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။

နဝင်းချောင်းကူးတံတား တည်ဆောက်မှုကုန်ကျစရိတ်ကို ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦး နှင့် ဇနီး ဒေါ်ရွှေစင်မိသားစု တို့က လှူဒါန်းခြင်းဖြစ်ပြီး ကလောမြို့ ဝိဇ္ဇာတောင် သာသနာပြုဆရာတော်က ဦးဆောင် တည်ဆောက်မည်ဖြစ်ကာ တံတားမှာ အရှည်ပေ ၄၀၊ အကျယ် ၁၃ ပေ၊ အမြင့် ၁၈ ပေရှိ သံကူကွန်ကရစ် အမျိုးအစားဖြစ်၍ ငွေကျပ် သိန်း ၅၀၀ ကျော် ကုန်ကျမည်ဖြစ်သည်။

အလားတူ ကြက်သွန်ခင်းကျေးရွာအုပ်စု ချောင်းကြားကျေးရွာနှင့် သပြေသာကျေးရွာချင်းဆက် ဖြူသွားချောင်းကူးတံတားကိုလည်း နဝင်းချောင်းကူးတံတားနှင့်အတူ တစ်ပြိုင်တည်း တည်ဆောက်သွားမည်ဖြစ်ရာ တံတားမှာ အရှည်ပေ ၂၀၊ အကျယ် ၁၃ ပေ၊ အမြင့် ၁၀ ပေရှိ သံကူကွန်ကရစ် အမျိုးအစားဖြစ်၍ ငွေကျပ် သိန်း ၁၅၀ ကျော် ကုန်ကျမည်ဖြစ်သည်။

နဝင်းချောင်းကူး တံတားပန္နက်တင်အခမ်းအနား မကျင်းပမီ နံနက်ပိုင်းတွင် ကလောမြို့ ဝိဇ္ဇာတောင် သာသနာပြုဆရာတော် ဦးဆောင်မှုဖြင့် ကြက်သွန်ခင်းကျေးရွာ၊ ချောင်းကြားကျေးရွာနှင့် သပြေသာကျေးရွာတို့မှ ကျေးရွာသူ ကျေးရွာသားများသည် ကျေးရွာသုံးရွာဆက် မြေသားလမ်းမြေညှိခြင်း၊ မြေဖို့ပြုပြင်ထိန်းသိမ်းခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ကြသည်။

နဝင်းချောင်းကူး တံတားနှင့် ဖြူသွား ချောင်းကူးတံတားနှစ်စင်းကို တစ်လအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး တည်ဆောက်ပြီးစီးပါက ကြက်သွန်ခင်းကျေးရွာ၊ ချောင်းကြားကျေးရွာနှင့် သပြေသာကျေးရွာတို့ရှိ ကျေးလက်ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**အေးသန်း**

# ပုဗ္ဗသီရိမြို့နယ်တွင် ရုပ်သံဖမ်းစက် (Digital Set Top Box) များပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၁၇**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွင် ရုပ်သံဖမ်းစက် (Digital Set Top Box) များကို အခြေခံပညာကျောင်းများ၊ သာသနာရေး၊ လူမှုရေးအသင်းများ၊ အများပြည်သူကြည့်ရှုရန် နေရာများနှင့် ကျေးရွာစာကြည့်တိုက်များတွင် အများပြည်သူများ ကြည့်ရှုရန် အခမဲ့ဖြန့်ဝေပေးခြင်းကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ကျော်လွင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သိမ့်သိမ့်မျိုးတို့က ရုပ်သံဖမ်းစက် (Digital Set Top Box) ၉၁ လုံးကို ဆေးရုံ ဆေးပေးခန်းများ၊ အခြေခံပညာကျောင်းများ၊ သာရေးနာရေး၊ လူမှုရေးအသင်းများ၊ အများပြည်သူကြည့်ရှုရန်နေရာများနှင့် ကျေးရွာစာကြည့်တိုက်များမှ ကိုယ်စားလှယ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ပြည်သူ့ဆက်ဆံရေးအရာရှိ သင်တန်းထပ်ဆင့်ရှင်းလင်း

**တောင်ကြီး ဒီဇင်ဘာ ၁၇**

ယခုလက်ရှိနိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးကာလတွင် နိုင်ငံတော်၏ အနေအထားနှင့် ပြည်သူ့ဆက်ဆံရေး၏အနေအထားတို့ကို သိရှိနိုင်ရေးအတွက် ပြည်သူ့ဆက်ဆံရေး၏ အခန်းကဏ္ဍ ပိုပြီးသိရှိလာအောင် ရည်ရွယ်ချက်ဖြင့် ပြည်သူ့ဆက်ဆံရေးအရာရှိ သင်တန်းထပ်ဆင့် ရှင်းလင်းပွဲကို ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီခွဲက ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး တောင်ကြီးခရိုင်အတွင်းရှိ ၁၃ မြို့နယ်မှ မြို့နယ်ဦးစီးမှူးများ၊ ပြည်နယ်၊ ခရိုင်ရုံးမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှင်းလင်းပွဲတွင် ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်က အမှာစကား ပြောကြားသည်။

ထို့နောက် လွိုင်လင်ခရိုင်ဦးစီးအရာရှိ ဒေါ်နန်းဆိုင်စိန်က ပြည်သူ့ဆက်ဆံရေးအရာရှိ သင်တန်းနှင့်ပတ်သက်၍ ထပ်ဆင့်ရှင်းလင်းရာတွင် သတင်းထောက်၏ အဓိပ္ပာယ်၊ သတင်းထုတ်ပြန်ချက်၊ သတင်းစာရှင်းလင်းပွဲ၊ Media နှင့် Interview တွေ့ဆုံခြင်းကဏ္ဍ၊ ပြည်သူ့ဆက်ဆံရေး (PR)သမား၏ တာဝန်များ၊ ပြည်သူ့ဆက်ဆံရေး ဆောင်ရွက်ရာတွင် သတိပြုရမည့်အချက်၊ ပြည်သူများနှင့်ထိတွေ့ရာတွင် လိုက်နာရမည့်အချက်နှင့်ပြန်ကြားရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို အသေးစိတ် ရှင်းလင်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အခွန်ဆိုင်ရာရှင်းလင်း

**တောင်ကြီး ဒီဇင်ဘာ ၁၇**

ရှမ်းပြည်နယ် ပြည်တွင်းအခွန်ဦးစီးဌာန ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အခွန်ဆိုင်ရာ ရှင်းလင်းပွဲကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အခွန်ဦးစီးဌာနမှူး သူရဦးထင်ကျော်မိုးက အခွန်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အခမ်းအနား တက်ရောက်လာသူများက အခွန်ဆိုင်ရာ သိရှိလိုသည့်အချက်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။

**တက်ရောက်**

အခွန်ဆိုင်ရာ ရှင်းလင်းပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ခနှကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်/ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘဏ်နှင့် ကုမ္ပဏီအဖွဲ့များ၊ အခွန်ထမ်းပြည်သူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## သတိပေးနှိုးဆော်ချက်

နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးအထက်စီးနင်းခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားရာတွင် သေဆုံးကြရသည်ကို စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ဆောင်းလျှင် မေးသိုင်းကြိုး ခိုင်ခံ့စွာတပ်ဆင်ရန်နှင့် နှစ်ဦးထက်ပိုမစီးကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**


## ဖေမြင့်
## အတ္တနောမတိများ

[ဒီမိုကရေစီ အကူးအပြောင်းကာလ မြန်မာနိုင်ငံရေး သုံးသပ် ဆောင်းပါးများ]

## ကျေးဇူးဆပ်ပါမည်

ကျွန်မ ချောအိသဲမောင် ၁၂/လမန(နိုင်) ၁၄၅၆၃၈ ၏ မြန်မာနိုင်ငံကူးလက်မှတ်အမှတ် A ၁၉၂၅၀၂ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၃၁၀၇၃၃၈၁

## ပျောက်ဆုံးကြောင်း

ကျွန်တော် စည်သူထွန်း P.P No. M 935012, CDC 61028 ၏ C.I.D စာအုပ်မှုရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၁၂၇၃၉၁

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဝန်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး(၂၀၁၃-၂၀၁၄)ခု ဘဏ္ဍာရေးနှစ်တွင် ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးစက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် စက်ပစ္စည်းစာရင်းအသေးစိတ်ကို နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ရုံးအမှတ်(၄)၊ ဘဏ္ဍာရေးဌာနစိတ်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၁၃၅၈သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် စက်ပစ္စည်းတစ်ခုချင်းအတွက် ဈေးနှုန်းတင်သွင်းလွှာ-
**စတင်ရောင်းချမည့်ရက်** - ၂၀-၁၂-၂၀၁၃ရက် နံနက် ၉း၃၀နာရီ

၄။ **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** - ၃၁-၁၂-၂၀၁၃ရက် ညနေ ၄ နာရီ

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၆၉၃၇၊ မစ်ဆူဘီရှီကန်တာဗင်(4x2)Rယာဉ်လက်ဝယ်ရှိသူ ဒေါ်ငြိမ်းငြိမ်း ၉/မတရ(နိုင်)၀၅၅၄၉၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1C/4889, Nissan Diesel CV45AM,Bowser(6x2)73 ယာဉ်လက်ဝယ်ရှိသူ Main International Trading Co.,Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဖုန်းမြင့် CJ -၀၂၂၆၉၅ ကိုင်ဆောင်သူနှင့် ဦးဖုန်းမော် PRE -၁၃၅၃၇၈ ကိုင်ဆောင်သူ ညီအစ်ကိုအရင်းနှစ်ယောက်တို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ညီအစ်ကိုအရင်းနှစ်ယောက်နှင့် ဒေါ်ချိုချိုထွေး(ခ)မပြုံးတို့သည် မောင်နှမအရင်းအချာများဖြစ်ပြီး ဗမာလူမျိုးဗုဒ္ဓဘာသာကိုးကွယ်ကြသူများ ဖြစ်ကြပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ညီအစ်ကိုအရင်းနှစ်ယောက်တို့၏ ညီမအရင်းဖြစ်သူ ဒေါ်ချိုချိုထွေး(ခ)မပြုံး PRE -၁၃၅၃၇၉ ကိုင်ဆောင်သူသည် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၌ ၈-၁၁-၂၀၁၃ရက်တွင် အပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ရာ ၎င်းပိုင်ဆိုင်သည့် အောက်စာရင်းပါတိုက်ခန်းကို ဦးဖုန်းမြင့်နှင့် ဦးဖုန်းမော်တို့က အမွေဆက်ခံပိုင်ဆိုင်လာ၍ အဆိုပါတိုက်ခန်းကို ရောင်းချမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောမြောက်ရပ်ကွက်၊ ၄က်ပျောတောလမ်း၊ အမှတ် ၃၄၊ ဒုတိယလွှာ၊ ရေ၊ မီးစုံတိုက်ခန်း

**ညွှန်ကြားချက်အရ-**

**ဦးသန်းအောင် B.A, R.L, Advocate**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၀၅၂)**
**တိုက် ၂၆၈၊ အခန်း(၁)၊ ၂ရပ်ကွက်၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄၊ မြေကွက်အမှတ်၁၂၅၈၊ မြေကွက်တည်နေရာအမှတ် ၁၂၅၈၊ ၃၄ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးတင်မြင့် WAW-၀၆၇၆၃၈ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်မြင့်နှင့်ဇနီး ဒေါ်တင်စိန် ကွယ်လွန်သဖြင့် (၁)ဒေါ်သင်းသင်းနွယ် ၁၂/အလန (နိုင်)၀၀၆၂၅၂၊ (၂)ဒေါ်တင်တင်နွယ် ၁၂/အလန(နိုင်)၀၀၁၉၈၀၊ (၃)ဦးဇော်မျိုးထွန်း ၁၂/အလန(နိုင်)၀၃၅၀၂၉၊ (၄)ဦးစန်းဝင်းထွန်း ၁၂/ဒဂမ(နိုင်)၀၂၁၄၉၆ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ပုသိမ်မြေ၊ မြေကွက်အမှတ်၁၉၈၊မြေကွက်တည်နေရာအမှတ်-၁၉၈၊ ဆိပ်ကမ်းသာလမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးမြင့်လွင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြင့်လွင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ရီရီဝင်း ၉/မခန(နိုင်)၀၃၅၁၇၅ကတစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

ပြည်တွင်းသတင်း

# အပူပိုင်းဒေသ အသေးစားငါးမွေးမြူရေးအတွက် ကွင်းဆင်းလေ့လာ

**ကျောက်ဆည် ဒီဇင်ဘာ ၁၇**

ငါးလုပ်ငန်းဦးစီးဌာနနှင့် (JICA) အဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်မည့် "Small-Scale Aquaculture Extension for Promotion of Livelihood of Rural Communities in Central Dry Zone"စီမံကိန်း အတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းဒေသများသို့ ကွင်းဆင်းလေ့လာရန် (JICA)စီမံကိန်းမှ စီမံကိန်းအရာရှိချုပ် ဂျပန်လူမျိုးပညာရှင် Mr.Takahashi Shingo ဦးဆောင်သော ပညာရှင်အဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးအောင်၊ ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်ဦးတို့ ပါဝင်သောအဖွဲ့သည် ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်အတွင်းသို့ ဒီဇင်ဘာ ၇ ရက်က ကွင်းဆင်းခဲ့ကြသည်။

**ပြန်လည်ဖြေကြား**

အဆိုပါအဖွဲ့သည် တံတားဦးမြို့နယ် ပျူကန်ဆည်ရေသောက်စပါးစိုက်ပျိုးရာဒေသဖြစ်သည့် ပျူကန်ကျေးရွာသို့သွားရောက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျေးရွာတာဝန်ရှိသူများ၊ စီမံကိန်းလုပ်ငန်းများအား စိတ်ပါဝင်စားသူ တောင်သူအချို့နှင့် တွေ့ဆုံကာ စီမံကိန်းတာဝန်ရှိ ဂျပန်လူမျိုးပညာရှင်နှင့် တိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာနမှူးတို့သည် (JICA)အဖွဲ့မှ ငါးလုပ်ငန်းဦးစီးဌာနနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံအောက်ပိုင်းဒေသများဖြစ်သည့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်တို့တွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ စီမံကိန်းဆောင်ရွက်မှုကြောင့် ၎င်းဒေသအတွင်း ရရှိလာသည့် အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံအောက်ပိုင်းဒေသစီမံကိန်းမှတ်တမ်းဗီဒီယိုကိုပြသပြီး တက်ရောက်လာသည့် ကျေးရွာတာဝန်ရှိသူများနှင့် တောင်သူများ၏ မေးမြန်းဆွေးနွေးမှုကိုပြန်လည်ဖြေကြားသည်။

ဆက်လက်၍ ပျူကန်ဆည်နှင့် စီမံကိန်းကို စိတ်ဝင်စားသည့် တောင်သူများ၏ လက်ရှိ ဝက်၊ နွားမွေးမြူနေမှုအခြေအနေ၊ ဆည်ရေဖြင့်စပါးစိုက်သည့် လယ်ကွင်းများဖြစ်သည့် ပျူကန်ရေပေးမြောင်း အမှတ်(၃)မြောင်းပေါင်တစ်လျှောက်ရှိ ပျူကန်ကျေးရွာမှ တောင်သူငါးဦးနှင့် မြင်းသည်အုပ်စု ရေကမိုးကျေးရွာမှ တောင်သူနှစ်ဦးတို့၏ စပါးခင်းများ လယ်ကြားကန်များကို ကွင်းဆင်းကြည့်ရှုပြီး စီမံကိန်းတာဝန်ရှိပညာရှင်များက ၎င်းတို့သိလိုသည့် အချက်များကို ကျေးရွာတာဝန်ရှိသူများနှင့် တောင်သူများအား မေးမြန်းဆွေးနွေးခဲ့ကြသည်။

**ကြည့်ရှုလေ့လာ**

အလားတူ ကွင်းဆင်းကြည့်ရှုခြင်းကို ဒီဇင်ဘာ ၅ ရက်က (JICA) စီမံကိန်းမှ ပညာရှင် Mr. Furusawa Atomu နှင့်အဖွဲ့သည် မြစ်သားမြို့နယ် ကူမဲရှိ ဌာနပိုင် ငါးသားပေါက်စခန်း၊ မြစ်ဆုံကျေးရွာရှိ ပုဂ္ဂလိက အသေးစား ငါးသားပေါက်စခန်း၊ ရွာခိုင်ကြီးရှိ ပုဂ္ဂလိက စိုက်/မွေးကန်များ၊ ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့မှ ငါးမွေးကန်များသို့လည်း ကွင်းဆင်းကြည့်ရှု လေ့လာခဲ့ကြောင်း သိရသည်။

**ခရိုင်ငါးလုပ်ငန်းဦးစီးဌာန**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၇-၁၂-၂၀၁၃

**ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

| | | |
|---|---|---|
| ရန်ကုန်ရွှေဈေး | တစ်ကျပ်သား | ၆၅၆၀၀၀-၆၁၇၄၀၀ |
| မန္တလေးရွှေဈေး | တစ်ကျပ်သား | ၆၅၇၇၀၀-၆၁၉၀၀၀ |

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး** (သိမ်ဖြူငွေလဲကောင်တာ)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၈၁-၉၈၅ | ကျပ် |
| ဥရောပ | တစ်ယူရို | ၁၃၃၀-၁၃၆၅ | ကျပ် |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၀-၇၇၉ | ကျပ် |
| ထိုင်း | တစ်ဘတ် | ၃၀.၂-၃၀.၉ | ကျပ် |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၇-၁၆ | ကျပ် |
| တရုတ် | တစ်ယွမ် | ၁၅၇-၁၆၃ | ကျပ် |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၀-၂၉၃ | ကျပ် |

**စက်သုံးဆီဈေးနှုန်းများ** (Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |
| ဒီဇယ် | တစ်လီတာ | ၉၂၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၉၃၀ ကျပ် |
| အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၉၀ ကျပ် |
| ပရီမီယံဒီဇယ် | တစ်လီတာ | ၉၆၀ ကျပ် |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း** (သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၃၇၀၀-၄၇၀၀ | ကျပ် |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၅၀၀ | ကျပ် |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၇၀၀ | ကျပ် |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ | ကျပ် |
| ၅။ ပုစွန်(ကျော့) | တစ်ပိဿာ | ၄၇၀၀-၇၅၀၀ | ကျပ် |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၂၀၀၀-၂၁၀၀၀ | ကျပ် |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၆၀၀၀ | ကျပ် |
| ၈။ ကြက် | တစ်ပိဿာ | ၄၅၀၀-၁၀၀၀၀ | ကျပ် |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၈၀၀၀ | ကျပ် |
| ၁၀။ အမဲ | တစ်ပိဿာ | ၄၀၀၀-၇၅၀၀ | ကျပ် |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ | ကျပ် |

**ခင်ရတနာ-စုစည်းသည်။**

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| ၁။ နှမ်းဆန် | တစ်အိတ် | ၁၈၃၀၀ |
| ၂။ ပေါ်ကွဲ | တစ်အိတ် | ၂၂၀၀၀ |
| ၃။ ပေါ်ဆန်း | တစ်အိတ် | ၂၁၀၀၀-၂၄၀၀၀ |
| ၄။ မြေပဲဆီ | တစ်ပိဿာ | ၃၄၀၀ |
| ၅။ စားအုန်းဆီ | တစ်ပိဿာ | ၁၅၇၅ |
| ၆။ ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၅၀၀-၁၀၂၅ |
| ၇။ ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၂၀၀-၁၈၅၀ |
| ၈။ ကြက်သွန်ဖြူ (ကြူကုတ်) | တစ်ပိဿာ | ၁၁၀၀-၁၁၃၀ |
| ၉။ အာလူး (ဟဲဟိုး) | တစ်ပိဿာ | ၄၇၀-၇၀၀ |
| ၁၀။ ငရုတ်ရှည် (ဝါးခယ်မ) | တစ်ပိဿာ | ၂၄၀၀ |
| ၁၁။ ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၃၀၀၀-၃၇၀၀ |
| ၁၂။ သကြား | တစ်ပိဿာ | ၉၆၀-၁၁၀၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

**ခင်ဆိုင်-စေ့ငုတင်ပြသည်။**

## ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်မြင့်မားရေး စီးပွားရေးလုပ်ငန်းရှင်များပူးပေါင်းဆောင်ရွက်

**ညောင်ဦး ဒီဇင်ဘာ ၁၇**

မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ MBCA LIFT Project မှ ဒီဇင်ဘာ ၁၃ ရက်က ပုဂံ/ညောင်ဦးမြို့နယ် ဝက်ကြီးအင်းရှိ Bagan Umbra Hotel တွင် Form for Sharing and Exchange Good Practice of Product Branding Market Access and Responsible Business Practices အခမ်းအနားကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားကို MBCA မှ ဝန်ထမ်းများဦးဆောင် ကျင်းပပြီး စီးပွားရေးနှင့် စိုက်ပျိုးရေးပညာရှင်များ၊ မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များနှင့် တောင်သူများတက်ရောက်ခဲ့ကြသည်။ MBCA နာယက ဦးမာတင်ပန်းက အမှာစကားပြောကြားပြီး လုပ်ငန်းခွင်များ၏ လုပ်ငန်းလုပ်ဆောင်မှုများကို ဆွေးနွေးတင်ပြကြရာ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ရရှိလာစေရန်ကို ရည်ရွယ်ပြီး စိုက်ပျိုးရေးနှင့် ပတ်သက်သော ထွက်နှုန်းတိုးမျိုးစေ့၊ စိုက်ပျိုးနည်းပညာနှင့် ဈေးကွက်သတင်းများကို စီမံချက်မှ လုပ်ဆောင်ပေးခဲ့ပုံကို တင်ပြဆွေးနွေးခဲ့ကြသည်။

စီမံချက်ပါဝင်သည့် ပခုက္ကူခရိုင် ၃၁ရွာ ၊ မြိုင်မြို့နယ် ၁၉ ရွာ၊ ရေစကြိုမြို့နယ် ရှစ်ရွာ၊ ဆိပ်ဖြူမြို့နယ် ၁၅ ရွာ၊ မလှိုင် ၁၅ ရွာ၊ မိတ္ထီလာ ၂၅ ရွာ၊ တောင်သာ ၃၅ ရွာ၊ ဆင်ဖြူကျွန်းရွာ

၃၀ တို့တွင် ဆောင်ရွက်ပေးနေပြီး စီမံချက်ကာလမှာ ၂၀၁၁ ဇွန်လပိုင်းမှ စတင်လုပ်ဆောင်ခဲ့ပြီး ၂၀၁၄ မေလပိုင်း၌ပြီးစီးမည်ဟု တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**အောင်(မန်းတက္ကသိုလ်)**







### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တောင်ကြီးမြို့

### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲသုံးထပ် သံကူကွန်ကရစ်အဆောက်အအုံ ဆောက်လုပ်ရန် ရှိပါသဖြင့် ၂၀၁၃-၂၀၁၄ ခုဘဏ္ဍာရေးနှစ်တွင် ၂၀ရာခိုင်နှုန်း ဆောက်လုပ်မည်ဖြစ်ပြီး ကျန် ၈၀ရာခိုင်နှုန်းကို ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တည်နေရာ** — **လုပ်ငန်း**

| တည်နေရာ | လုပ်ငန်း |
|---|---|
| သစ်တောရပ်ကွက် တောင်ကြီးမြို့ | အလျားပေ ၆၀× အနံ ၃၂ပေ သံကူကွန်ကရစ် အဆောက်အအုံ၊ ရေ၊ မီး၊ မိလ္လာ၊ လျှပ်စစ်မီးနှင့် ရေစင်အပါအဝင် တည်ဆောက်ခြင်း |

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၈-၁၂-၂၀၁၃ ရက်မှ ၁၄-၁-၂၀၁၄ ရက်အထိ နေ့စဉ်ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါများကို ၁၄-၁-၂၀၁၄ရက် နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအတွင်း တင်ဒါစိစစ်ရေးအဖွဲ့ရှေ့မှောက်တွင် တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၈၁-၂၀၀၂၈၈၊ ၀၈၁-၂၁၂၃၄၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

### ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စက်ပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် လုပ်ငန်းလိုအပ်ချက်အရ အောက်ဖော်ပြပါစက်ပစ္စည်းများအား ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်။

(က) **ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ**

| | | | |
|---|---|---|---|
| 1. | 70 Meter Guyet Tower | 1 | Set |
| 2. | 30 KVA Generator (FG Wilson) | 1 | Set |
| 3. | Tape and Disc | | |
| (a) | CD RW Rewriteable CD with Box | 100 | Nos |
| (b) | CD R Recordable CD with Box | 4100 | Nos |
| (c) | Cassette Tape (C-60) | 1500 | Nos |
| 4. | TV Spare Part | | |
| (a) | UTV 020 TR (PA Driver for AGBE) | 5 | Nos |

(ခ) **ရုံးသုံးစက်ကိရိယာပစ္စည်းများ**

| | | | |
|---|---|---|---|
| 1. | Head Set (Ear Phone) | 20 | Set |
| 2. | Floor Standing Type Aircon(5 Ton, 400 V, 3Ø, 50 Hz) | 8 | Set |
| 3. | Floor Standing Type Aircon(3.5 Ton, 400 V, 3Ø, 50Hz) | 2 | Set |
| 4. | Dehumidifier (20Lit/day) | 20 | Set |
| 5. | Compressor(Carrier, 06ET-299-360)(Semi Hermastic Type) | 2 | Nos |
| 6. | Compressor(Carrier, 06ET-265-360)(Semi Hermastic Type) | 2 | Nos |
| 7. | 250 KVA Stand by Generator(Open type) (FG Wilson) | 1 | Unit |
| 8. | 100 KVA Generator (Sound proof type) (FG Wilson) | 1 | Unit |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၁၂-၂၀၁၃ ရက်မှစတင်၍ နံနက် ၉း၃၀နာရီမှညနေ ၁၆း၃၀နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၁၂-၂၀၁၃ ရက် နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းအမျိုးအစားစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

### ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လေအေးပေးစက်များပုံမှန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(နေပြည်တော်)ရှိ လေအေးပေးစက်များကို ပုံမှန်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) Studio Complex ရှိ လေအေးပေးစက်များ

(ခ) Radio Transmitter Complex ရှိ လေအေးပေးစက်များ

(ဂ) Padauk Myay Transmitter Complex ရှိ လေအေးပေးစက်များ

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၄-၁၂-၂၀၁၃ ရက်မှ ၂၁-၁၂-၂၀၁၃ ရက်အထိ နေ့စဉ်နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၃-၁၂-၂၀၁၃ ရက် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့်အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

**စက်ပစ္စည်းများဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၃၃၅၊ ၀၆၇-၇၉၄၁၁**

၅။ ဈေးနှုန်းစိစစ်မှုကို ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

**စက်ပစ္စည်းများဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**
**နေပြည်တော် (တပ်ကုန်း)**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၃၃၅၊ ၀၆၇-၇၉၄၁၁၊ ၀၆၇-၇၉၀၇၉**

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ စာကြည့်တိုက်များသို့ အခမဲ့ဖြန့်ဝေထားသော ရုပ်သံဖမ်းစက် (Set top box)များဖြင့် ပြည်သူများ ဆီးဂိမ်းအားကစားပွဲကြည့်ရှု

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနသည် နေပြည်တော်၊ရန်ကုန်၊မန္တလေးမြို့ကြီးများတွင် ဒစ်ဂျစ်တယ်စနစ်ဖြင့် ထုတ်လွှင့်လျက်ရှိသော အစီအစဉ်များကို အခမဲ့ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် ရုပ်သံဖမ်းစက်(Set top box)များကို ပထမအဆင့်အနေဖြင့် စက်ရုံသုံးရုံ၊ ဒုတိယအဆင့်အနေဖြင့် ၂၂ ရုံကို Coverage ဖြစ်သော နယ်မြေများရှိ လူမှုအသိုင်းအဝိုင်းများနှင့် ရုပ်မြင်သံကြားစက်ပိုင်ဆိုင်သော လူမှုအဆင့်(E) အိမ်ထောင်စုများအား ဦးစားပေးဖြန့်ဝေပေးခဲ့သည်။

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် (Set top box) ၁၄၃ လုံးကို လူမှုအသိုင်းအဝိုင်းဖြစ်သော စံ(၅)ရပ်နှင့်ညီသော ရပ်ကွက်စာကြည့်တိုက်များကို ခုနစ်လုံး၊ မြို့နယ်အတွင်း အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်းများကို ၁၉ လုံး၊ (E)အဆင့် အိမ်ထောင်စုများအား ၁၁၇ လုံးကို ဒီဇင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီက အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးတို့ ပူးပေါင်းကာ ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်း (Set top box)များကို လူမှုအသိုင်းအဝိုင်းဖြစ်သော၊ စံ(၅)ရပ်နှင့်ညီညွတ်သော အမြင်သစ်စာကြည့်တိုက်၊ လင်းရောင်ခြည်စာကြည့်တိုက်၊ မင်းစေတီ စာကြည့်တိုက်၊ သံမဏိစာကြည့်တိုက်နှင့် ပိန္နဲကုန်းစာကြည့်တိုက်၊ မြတ်ဗုဒ္ဓ၏ မြတ်ဓမ္မစာကြည့်တိုက်၊ ဒေါက်တာ ချစ်မောင် စာကြည့်တိုက်တို့တွင် (၂၇)ကြိမ်မြောက်ဆီးဂိမ်းအားကစားပွဲတော်ဖြစ်သည့် မြန်မာနှင့် ထိုင်းဘောလုံးပွဲကို ဒီဇင်ဘာ ၁၄ ရက်ည ၆ နာရီ ၄၅မိနစ်မှ ည ၈နာရီ ၄၅ မိနစ်အထိ ဘောလုံးအားကစားဝါသနာရှင် မိဘပြည်သူများမှ အဆိုပါစာကြည့်တိုက်များသို့ ပေးအပ်ထားသော (Set top box) များဖြင့် တစ်ခဲနက်ကြည့်ရှုအားပေးနေကြသည်ကို တွေ့ရှိရပြီး တောင်သူကုန်းရပ်ကွက်ရှိ လင်းရောင်ခြည်စာကြည့်တိုက်နှင့် မြို့သစ် (ဂ)ရပ်ကွက်ရှိ အမြင်သစ်စာကြည့်တိုက်တွင်လည်း ဘောလုံးဝါသနာရှင်မိဘပြည်သူများမှ အားပေးကြည့်ရှုနေသည်ကို တွေ့မြင်ခဲ့ရသည်။

**(အပေါ်ဝဲပုံ) မြင့်ဦး(အင်းစိန်)**

**ပြည်တွင်းသတင်းနှင့်ကြော်ငြာ**

# မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ပဲခူး ဒီဇင်ဘာ ၁၇**

ပွင့်လင်းခြောက်သွေ့သောရာသီသို့ ရောက်ရှိလာပြီဖြစ်၍ ပဲခူးမြို့နယ်အတွင်းရှိ ဈေးများ မီးလောင်မှုမဖြစ်ပွားစေရေးအတွက် ပဲခူးမြို့နယ် မီးသတ်ဦးစီးဌာနသည် ရေးဆွဲထားသောစီမံချက်နှင့် အစီအမံများအရ ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်မှုများကို ပြုလုပ်လျက်ရှိရာ ဒီဇင်ဘာ ၁၂ ရက်က ပဲခူးမြို့နယ် မြို့မဈေး၊ ဉသျှာသီရိဈေးနှင့် ဒီဇင်ဘာ ၁၃ ရက်တွင် ကုန်စိမ်း၊ သားငါးဈေးတို့၏ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးအေးမြင့်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဈေးတာဝန်ခံ ဦးခိုင်လျှန်းထန်၊ ဈေးမိဈေးဖများ၊ ဈေးသီးသန့်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းစစ်ဆေး၍ လိုအပ်သည်များ အကြံပြုကာ မီးသတ်ဆေးဘူး၊ မီးငြိမ်းသတ်ယာဉ်တို့ဖြင့် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (မီးသတ်ဦးစီး)**

# အင်းတော်၌ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း (၂၁)ကြိမ်မြောက် ကျန်းမာရေးစောင့်ရှောက်မှုပေး

**အင်းတော် ဒီဇင်ဘာ ၁၇**

အရှင်ဆန္ဒာဓိက၏ ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ (၂၁) ကြိမ်မြောက် ခရီးစဉ်အဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအင်းတော်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါခရီးစဉ်တွင် ဆရာဝန်ကြီးများ၊ Volunteer များ၊ အလှူရှင်များပါဝင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၊ စစ်ကိုင်းမြို့၊ ရွှေဘိုမြို့၊ ကန့်ဘလူမြို့၊ ကသာမြို့များမှ ဆရာဝန်များလည်း ကျန်းမာရေးစောင့်ရှောက်မှုတွင် ပါဝင်ကူညီကြသည်။

ထိုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် လူမျိုးမရွေး၊ ဘာသာမရွေး မျက်စိ၊ အထွေထွေ၊ သွားနှင့်ခံတွင်း၊ အရေပြား၊ ကလေး၊ သားဖွားမီးယပ်၊ အရိုး/အကြော၊ အထွေထွေခွဲစိတ်၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါများကို အထူးကုဆရာဝန် စုစုပေါင်း ၂၇ ဦး၊ သူနာပြုနှင့် ဆေးဝါးကျွမ်းကျင် ဆရာ ဆရာမ ၅၃ ဦးက ကုသပေးကြသည်။

ယင်းသို့ ကုသရာတွင် ဒီဇင်ဘာ ၁၂ ရက်တွင် မျက်စိလူနာ ၅၅၇ ဦး၊ ဒီဇင်ဘာ ၁၃ ရက်တွင် ၅၂၉၀၊ ဒီဇင်ဘာ ၁၄ ရက်တွင် ၃၃၃၄ ဦးနှင့် ဒီဇင်ဘာ ၁၅ ရက်တွင် ၃၁၅၀ စုစုပေါင်း ၁၂၃၃၁ ဦးတို့ကို ကုသစောင့်ရှောက်မှုပေးခဲ့ပြီး လာရောက်ကုသသည့်လူနာများကို နံနက်စာကျွေးမွေးခဲ့သည်။

ဒီဇင်ဘာ ၁၅ ရက်တွင် ဆေးဝါးကုသရာသို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီးဦးတင်ဝင်း၊ အင်းတော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင်ငွေး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစံရွှင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲမြင့်နှင့် တာဝန်ရှိသူများသည် လူနာများ ဆေးကုသနေမှုကို ကြည့်ရှုအားပေးကြသည်။

ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းမှ အမြို့မြို့အနယ်နယ် ဒေသများသို့ ကျန်းမာရေးစောင့်ရှောက်မှုများ လှည့်လည်ကုသလျက်ရှိရာ (၂၁)ကြိမ်မြောက်အထိ လူဦးရေ ၁၃၇၄၈၁ ဦးတို့ကိုကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့သည်။

ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်း၏ ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ကုသဆောင်ရွက်ပေးခြင်း အလှူတော် အထိမ်းအမှတ်တရားပွဲကို ဒီဇင်ဘာ ၁၃ ရက်တွင် အရှင်စန္ဒာသီရိ ရွှေသင်းဆရာတော် မန္တလေးမြို့နှင့် ဒီဇင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဒေါက်တာ အရှင်ဉာဏဒဿန ဆရာတော်(ရန်ကုန်မြို့)တို့က အင်းတော်မြို့ မြို့မဘုန်းတော်ကြီးကျောင်း စာသင်တိုက်၌ ည ၇ နာရီမှ ၈ နာရီခွဲအထိ တရားတော်များဟောကြား ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(၁၅၆)**

# လူနာတင်ယာဉ်လှူဒါန်းပေးအပ်

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် စံပြချောင်းကောက်ကျေးရွာ စံပြတိုက်နယ်ဆေးရုံသို့ အလှူရှင် ဆရာတော်ဦးသံဝရနှင့် တပည့်ဒါယကာ၊ ဒါယိကာမတို့က လှူဒါန်းသော အရေးပေါ်လူနာတင်ယာဉ် ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ စံပြချောင်းကောက် တိုက်နယ်ဆေးရုံ၌ ကျင်းပရာ ရှေးဦးစွာ အရေးပေါ်လူနာတင်ယာဉ်နှင့်လူနာယာဉ်အတွက်ထားရှိရမည့် အောက်ဆီဂျင်နှစ်ဘူးပါ ပစ္စည်းများအပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၃၅ သိန်းရှိ တိုယိုတာအမျိုးအစား လူနာတင်ယာဉ်တစ်စီးကို အလှူရှင် ဦးသံဝရနှင့် ဒါယကာ၊ ဒါယိကာမတို့က ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်ကျော်နှင့် စံပြချောင်းကောက်တိုက်နယ်ဆေးရုံ ဆရာဝန် ဒေါက်တာစုစုလွင်တို့က လက်ခံယူကြသည်။

ဆက်လက်၍ အလှူရှင်ကိုယ်စား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ငွေက လူနာယာဉ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**

**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

| | | | |
|---|---|---|---|
| (က) SOC 8000 | အိတ်ချိန်းကတ်များ | ၂၃ | ကတ် |
| (ခ) JSY-2000 | အိတ်ချိန်းကတ်များ | ၈ | ကတ် |
| (ဂ) KY-1000XM | အိတ်ချိန်းကတ်များ | ၁၅၆ | ကတ် |
| (ဃ) TWD 06/09 | အိတ်ချိန်းကတ်များ | ၁၂ | ကတ် |
| (င) KX-TDA 600 | အိတ်ချိန်းကတ်များ | ၂၄ | ကတ် |

၂။ တင်ဒါပုံစံများအား လုပ်ငန်းနှင့်စစ်ဆေးရေးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၂)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၀-၁၂-၂၀၁၃ရက် ၁၃:၀၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့် ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(လုပ်ငန်းနှင့်စစ်ဆေးရေးဌာန)**
**ရုံးအမှတ်(၂)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၇၁၈၈၊ ၀၆၇-၄၀၇၃၅၆**

DIAMOND LAMP
Car Rental
**ဖုန်း - ၀၉-၄၂၀၁၃၆၀၂၇၊**
**၀၁-၈၅၀၀၃၈၃**
**မြို့တွင်း၊ မြို့ပြင်ငှားသည်။**

**အမြန်ပြန်လာပါ**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့၊ မြန်မာရပ်ကွက်၊ နယ်မြေ ၈နေ ဦးစိန်အောင်၏ဇနီး မမြင့်မြင့်လှိုင် ၁၃/သပန(နိုင်)၀၀၇၄၅၆ ရောက်ရာအရပ်မှ အမြန်ပြန်လာပါ။ သမီး မသိမ်းသီတာအောင် အသည်းအသန်နေမကောင်းဖြစ်နေပါသည်။ အားလုံးကိုခွင့်လွှတ်သည်။ တွေ့ရှိပါက ဖော်ပြပါဖုန်းနံပါတ်အား အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

**ခင်ပွန်း-ဦးစိန်အောင် ဖုန်း-၀၉-၅၂၇၈၅၉၂**
**မြန်မာရပ်ကွက်၊ သီပေါမြို့**

**တန့်ကြည့်တောင် ဝိပဿနာရိပ်သာ(ရန်ကုန်)**
**(၄၁)ကြိမ်မြောက် အဓိဋ္ဌာန်ပွဲဖွင့်မည်**

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင်ဆရာတော်ကြီးသည် ရန်ကုန်မြို့သို့ ကြွရောက်၍ (၄၁)ကြိမ်မြောက် သတိပဋ္ဌာန်ဝိပဿနာ ခုနစ်ရက်အဓိဋ္ဌာန်ပွဲကို ပထမပတ် ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁ရက် ညနေမှ ၈ရက်နံနက်အထိ၊ ဒုတိယပတ် ဇန်နဝါရီ ၈ ရက် ညနေမှ ၁၅ရက် နံနက်အထိ၊ တတိယပတ် ဇန်နဝါရီ ၁၅ ညနေမှ ၂၂ရက် နံနက်အထိ ဟောကြားပြသပါမည်။ တရားအားထုတ်လိုသော ပုဂ္ဂိုလ်များသည် ရိပ်သာဖုန်း-၆၃၈၀၈၈၊ ၀၉-၄၀၁၆၀၃၅၄၆ နှင့် ကပ္ပိယကာရက အဖွဲ့ဝင်များထံ ကြိုတင်စာရင်းပေးနိုင်ကြပါသည်။

**ကပ္ပိယကာရကအဖွဲ့**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးအောင်ကျော်မင်း၏ အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးသော သွင်းကုန်ကြေညာလွှာအမှတ် ၇၉၁၁၅၀ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၃၃၁၂၃၇၈၆**



နိုင်ငံတကာအားကစား

# လာလီဂါကလပ်တွေအခက်တွေ့မယ့် ကိုပါဒယ်ရေးဖလားပွဲစဉ်

မိုးမြင့်လင်းလက်

**စပိန်ကိုပါဒယ်ရေးဖလားဘောလုံးပြိုင်ပွဲတွေကို ဒီဇင်ဘာ ၂၀ ရက်မှာ ဆက်လက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဒီတစ်ပတ်ပွဲစဉ်တွေမှာ လာလီဂါထိပ်တန်း ကလပ်တွေရဲ့ပွဲစဉ်တွေ ပါဝင်နေတာမို့ ပွဲကောင်းတွေအဖြစ် မြင်တွေ့ရမှာဖြစ်ပါတယ်။**

### ဗယ်လီကာနိုနှင့် ဗယ်လာဒိုးလစ်

ဗယ်လီကာနိုဟာ အိမ်ကွင်းမှာ ခြေကုန်ထုတ်ပါလိမ့်မယ်။ ဗယ်လီကာနိုတို့က ဒီနှစ်ဘောလုံးရာသီမှာ အိမ်ကွင်းခြေစွမ်းကောင်းမွန်အောင် ကြိုးစားနေတာမို့ ဗယ်လာဒိုးလစ်တို့ သရေပွဲတွေချည်း ကြုံတွေ့နေရတာကို ဒီပွဲမှာ ချေဖျက်နိုင်မလားကြည့်ရမှာပါ။ ဒီနှစ်သင်းဟာ ခြေစွမ်းတူညီနေတာမို့ ရလဒ်ပြတ်သားဖို့မလွယ်ဘူးလို့ ထင်ပါတယ်။

### ဘီလ်ဘာအိုနှင့် ဆယ်လ်တာဗီဂို

ဆယ်လ်တာဗီဂိုကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရထားတာကို ဒီပွဲမှာ ဘီလ်ဘာအိုတို့ ရှုံးကြွေးပြန်ဆပ်နိုင်မလားကြည့်ရမှာပါ။ ဘီလ်ဘာအိုဟာ တိုက်စစ်မှူးတွေအဆုံးသတ်အားနည်းတာမို့ ပြုပြင်ရပါလိမ့်မယ်။ အိမ်ရှင်တို့က ဒီပွဲမှာ သရေပွဲရအောင် ကစားမှာ ဖြစ်ပေမယ့် အိမ်ရှင်ကိုပဲ နှစ်သက်ပါတယ်။

### ဗလင်စီယာနှင့်ဂိုင်နက်စတစ်

နှစ်သင်းစလုံး ခြေစွမ်းတူနေပြီး ပြီးခဲ့တဲ့နှစ်ပွဲစလုံး သရေပွဲတွေဖြစ်ထားပါတယ်။ အခုပွဲ ဗလင်စီယာကွင်းမှာ ကစားရမှာမို့ အိမ်ရှင်ဟာ အမှတ်ပြည့်ရယူနိုင်ရေး ခြေကုန်ဖွင့်ပါလိမ့်မယ်။ ဒီနှစ်ဘောလုံးရာသီမှာ ဗလင်စီယာဟာ ပုံမှန်ခြေစွမ်းရအောင် ရုန်းကန်နေရတာဖြစ်ပေမယ့် ဒီပွဲမှာတော့ ရလဒ်ကောင်းအောင် ပုံဖော်ပါလိမ့်မယ်။

### အက်စ်ပန်ညိုနှင့်ရီးရဲဂျုန်

အက်စ်ပန်ညိုတို့ ခက်ခဲဦးမယ့်ပွဲပါပဲ။ ညှော့သည်အသင်းဟာ အဝေးကွင်း၊ အိမ်ကွင်းပုံမှန်ခြေစွမ်းပြနိုင်တာမို့ အိမ်ရှင်တို့ဒီပွဲမှာ အကျပ်အတည်းနဲ့ကြုံတွေ့ရပါလိမ့်မယ်။ ဒါပေမယ့် အမှတ်ပြည့်ရရေးကြိုးစားမယ့် အက်စ်ပန်ညိုတို့ ဒီပွဲမှာ လူစုံပါဝင်လာမှာမို့ ညှော့သည်တို့အတွက် မျှော်လင့်ချက်ပြည့်ဝဖို့သိပ်မလွယ်ပါဘူး။

# ချန်ပီယံလိဂ် ၁၆ သင်းပြိုင်ပွဲ မန်စီးတီးနှင့် ဘာစီလိုနာတွေ့မည်

မန်စီးတီးအသင်းသည် ချန်ပီယံလိဂ် ၁၆ သင်းပြိုင်ပွဲတွင် ဘာစီလိုနာအသင်းနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အာဆင်နယ်ကလက်ရှိချန်ပီယံဘိုင်ယန်မြူးနစ်နှင့် ကစားရမည်ဖြစ်သည်။ ၂၀၁၂ ခုနှစ် ချန်ပီယံချယ်လ်ဆီးက ဂါလာတာစာရေးနှင့် တွေ့ပြီး မန်ယူက ဂရိကလပ် အိုလံပီယာကော့စ်နှင့် တွေ့မည်ဖြစ်သည်။ အေစီမီလန်က အက်သလက်တီကို မက်ဒရစ်နှင့်တွေ့မည်ဖြစ်သည်။ လေဗာကူဆင်က ပီအက်စ်ဂျီနှင့် တွေ့ပြီး ရှော်လ်ကေးက ရီးရဲမက်ဒရစ်နှင့် ကစားရမည်ဖြစ်သည်။ ဇင်းနစ်က ယမန်နှစ်ဗိုလ်လုပွဲရောက် ဒေါ့မွန်နှင့်တွေ့မည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲပထမအကျော့ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၈၊ ၁၉ နှင့် ၂၅ ၊ ၂၆ တို့တွင်ကစားပြီးဒုတိယအကျော့အဖြစ် မတ်လ ၁၁၊ ၁၂ နှင့် ၁၈၊ ၁၉ ရက်တို့တွင် ကစားမည်ဖြစ်သည်။

# အဂူရိုအနည်းဆုံး တစ်လနားရမည်

တိုက်စစ်မှူးအဂူရိုသည် ထိခိုက်ဒဏ်ရာရရှိသွားသဖြင့် အနည်းဆုံး တစ်လကြာ ကစားပွဲနားရမည်ဖြစ်ကြောင်း နည်းပြပယ်လီဂရီနီကပြောကြားသည်။

၄င်းသည် မန်စီးတီး၏ ထိပ်တန်းဂိုးသွင်းသမားဖြစ်ပြီး ယခုနှစ်ရာသီတွင် ၁၉ ဂိုးသွင်းယူပေးထားသည်။ ၄င်းသည် အာဆင်နယ်ကို ခြောက်ဂိုး-သုံးဂိုးဖြင့် အနိုင်ရလိုက်သောပွဲတွင် ထိခိုက်ဒဏ်ရာ ရရှိသွားခဲ့ခြင်းဖြစ်သည်။

**ကောင်းမြတ်သူ-စုစည်းသည်**

# စပါးနည်းပြဘိုအတ် အလုပ်ဖြုတ်ခံရ

စပါးအသင်းက နည်းပြဘိုအတ်အား လီဗာပူးကို ငါးဂိုးပြတ်ဖြင့်ရှုံးနိမ့်ခဲ့ပြီးနောက် အလုပ်မှဖြုတ်လိုက်ပြီဖြစ်သည်။ ယင်းရှုံးနိမ့်မှုသည် ၁၆ နှစ်တာအတွင်း ဝှိုက်ဟတ်လိမ်း၌အဆိုးရွားဆုံးသော ရှုံးနိမ့်မှုဖြစ်သည်။ စပါးအသင်းသည် အမှတ်ပေးဇယားတွင် နံပါတ်ခုနစ်သို့ ရောက်ရှိနေပြီး ထိပ်ဆုံးရောက် အာဆင်နယ်နှင့် ရှစ်မှတ်ကွာနေသည်။ အသက် ၃၆ နှစ်ရှိ ချယ်လ်ဆီးနည်းပြဟောင်း ဘိုအတ်သည် စပါးအသင်းကို ၂၀၁၂ ခုနှစ် ဇူလိုင်လကတာဝန်ယူခဲ့သည်။ ၄င်းသည် ချယ်လ်ဆီးအသင်းကို ရှစ်လကြာ နည်းပြလုပ်ခဲ့ပြီးနောက် ၂၀၁၂ ခုနှစ် မတ်လက အလုပ်ဖြုတ်ခံခဲ့ရသည်။

## ဥရောပပွဲစဉ်များနှင့် ဂိုးရလဒ်များ

သီဟ

| အင်္ဂလန်ကက်ပီတယ်ဝမ်းဖလား | | | ဒီဇင်ဘာ ၁၉ |
|---|---|---|---|
| စတုတ် | - | မန်ယူ | နံနက် ၂း၁၅ |
| စပါး | - | ဝက်စ်ဟမ်း | နံနက် ၂း၁၅ |

| အင်္ဂလန်ချန်ပီယံရှစ်ပွဲစဉ်-၂၀ | | | ဒီဇင်ဘာ ၁၉ |
|---|---|---|---|
| ရှက်ဖီးဝမ်းနက်စ်ဒေး | - | ဝီဂန် | နံနက် ၂း၁၅ |

| ပြင်သစ်လိဂ်ဖလား | | | ဒီဇင်ဘာ ၁၈/၁၉ |
|---|---|---|---|
| လိုင်ယွန် | - | ရိမ်းစ် | ည ၁၀း၃၀ |
| နိုက်စ် | - | ဆိုးချော့စ် | နံနက် ၀၀း၁၅ |
| ပီအက်စ်ဂျီ | - | စိန့်အက်တီယန် | နံနက် ၂း၂၅ |
| ထရိုင်ယက်စ် | - | တိုးစ် | နံနက် ၂း၂၅ |
| မာဆေး | - | တူးလော့စ် | နံနက် ၂း၂၅ |
| အီဗီယန် | - | ဘတ်စ်တီယာ | နံနက် ၂း၂၅ |
| ရန်းနက်စ် | - | ဘော်ဒိုး | နံနက် ၂း၂၅ |

| စပိန်ကိုပါဒယ်ရေးဖလား | | | ဒီဇင်ဘာ ၁၉ |
|---|---|---|---|
| ဆိုစီဒက် | - | အယ်ဂျီစီရက်စ် | နံနက် ၁း၀၀ |
| အက်သလက်တီကို | - | စိန့်အင်ဒရူး | နံနက် ၁း၀၀ |
| ဘက်တစ် | - | အယ်လ်အီဒါ | နံနက် ၁း၀၀ |
| အယ်လ်မာရီးယား | - | လက်စ်ပယ်မက်စ် | နံနက် ၁း၀၀ |
| ရီးရဲမက်ဒရစ် | - | အိုလံပစ်ဇာတီဗာ | နံနက် ၃း၀၀ |
| ဆီဗီလာ | - | ရေးဆင်း | နံနက် ၃း၀၀ |

| အီတလီ ကိုပါအီတာလီယာ | | | ဒီဇင်ဘာ ၁၉ |
|---|---|---|---|
| ဂျူဗင်တပ်စ် | - | အေဗယ်လီနို | နံနက် ၂း၃၀ |

| အင်္ဂလန် အက်ဖ်အေဖလား | | | ဒီဇင်ဘာ ၁၉ |
|---|---|---|---|
| ခရော်လေ | - | ဘရစ္စတိုး | နံနက် ၂း၁၅ |

| ဒီဇင်ဘာ ၁၇ ဂိုးရလဒ် | | |
|---|---|---|
| အေစီမီလန် | ၂-၂ | ရိုးမား |
| ဗယ်လာဒိုလစ် | ၃-၀ | ဆဲလ်တာဗီဂို |


## ပညာရေးရှင်းလင်းပွဲဖိတ်ကြားလွှာ

Sky Star Hotel



## (၃၁)နှစ်မြောက်မင်္ဂလာဆုတောင်း

ချစ်ပါပါး ဦးဘီနော်လီ (ဦးစီးအရာရှိ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန၊ နမ့်ခမ်းမြို့)နှင့် ချစ်နူနူး ဒေါ်ခင်ပြုံးချို B.Sc(I.C), B.Ed. (လယ်/ပြ-ငြိမ်း) တို့၏ ၁၈-၁၂-၂၀၁၃ ရက်တွင် ကျရောက်သော (၃၁)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဘုရားသခင်ထံတော်မှ ကောင်းချီးမင်္ဂလာများစွာကို ချစ်သား၊ ချစ်သမီးတို့နှင့်အတူ ခံစားရလျက် ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

**ချစ်သားကြီး - ဘီကော(န်)မိုင်လီ I.M.T(CE/27)**
**2nd Engineer, Teekay Shipping (Glasgow) Ltd.**
**ချစ်သမီးကြီး - ဒေါက်တာဘီခေါန်ဒင် M.B.,B.S (Mdy)**
**လ/ထဆရာဝန်၊ ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့**
**ချစ်သမီးငယ် - ဘီဒိမ်လုလု B.E (Civil)**
**1st Year MBA, Open University (HK)**



## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၆၀၂/ခ၊ မြေကွက်တည်နေရာအမှတ် ၆၀၂/ခ၊ ၁၀လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးထွန်းကြည်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးထွန်းကြည်နှင့် ဇနီး ဒေါ်သန်းရင် ကွယ်လွန်သဖြင့် ဒေါ်သိန်းမြင့် ၁၂/ဥကတ(နိုင်)၀၀၃၅၅၅၊ ဒေါ်နွဲ့နွဲ့ကြည်သန်း ၁၂/ဥကတ(နိုင်)၀၀၄၅၀၇၊ ဒေါ်မြင့်မြင့်ဆွေ ၁၂/ဥကတ(နိုင်) ၀၀၃၅၈၀၊ ဒေါ်အေးအေးကြိုင် ၁၂/ဥကတ(နိုင်)၀၀၄၅၁၁၊ ဒေါ်နုနုခင် ၁၂/ဥကတ(နိုင်)၀၀၃၅၅၄၊ ဦးမြင့်လွင်သန်း ၁၂/ဥကတ(နိုင်)၀၀၄၅၃၃ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၆၃၃ (၂၂-၁၁-၁၃)၊ ၂၃၆၀၈ (၂၂-၁၁-၁၃)၊ ၁၈၉ (၂၀-၁၁-၁၃) တို့ဖြင့် အထွေထွေကိုယ်စားလှယ် ဒေါ်အေးအေးကြိုင် ၁၂/ဥကတ(နိုင်)၀၀၄၅၁၁က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၃-၆၆၆၄ (၁၂-၁၂-၁၃) ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## ကန့်ကွက်နိုင်ကြောင်း အများသိသာရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ရ·ယ·က (၂)နယ်မြေ၊ ရပ်ကွက် ၁၂၊ အုန်းတောအကွက်၊ ဦးပိုင်အမှတ် ၂၂၇-က၊ ပဒင်းတန်းလမ်းနှင့်ရွှေစည်းခုံလမ်းထောင့်ရှိ မြေပိုင်မြေနှင့် အဆောက်အအုံကို အမည်ပေါက်ပိုင်ရှင် ဦးကျော်ဝင်းလှိုင်ထံမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်နှင့် အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်း၊အထောက်အထားခိုင်လုံစွာယူဆောင်ပြီး လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါက်တာစုလှဟန် ၁၂/ဗဟန(နိုင်)၀၅၄၄၂၃**
**အမှတ် ၄၉၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**

# ကမ္ဘာ့ဉာဏ်တော်အမြင့်ဆုံး စေတီတော်

ဒေါက်တာအောင်သန်းဝင်း (အရှေ့တိုင်းပညာ)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ထေရဝါဒဗုဒ္ဓသာသနာအထွန်းကားဆုံးနိုင်ငံဖြစ်သည်။ ဘုရားပေါသော ရွှေနိုင်ငံဟုလည်း ကမ္ဘာက သတ်မှတ်ခြင်းခံရသောနိုင်ငံဖြစ်သည်။ ကမ္ဘာ့နံပါတ်တစ်များ ပေါများသော နိုင်ငံလည်းဖြစ်သည်။ ယခုလည်း ကမ္ဘာ့နံပါတ်တစ် ဉာဏ်တော်အမြင့်ဆုံး ရွှေမော်ဓော စေတီတော်မြတ်ကြီးအကြောင်းကို တင်ပြသွားမည်ဖြစ်သည်။ သုံးလောကထွတ်ထားသဗ္ဗညုရှင်တော်မြတ်ဘုရားသည် ခြောက်ဝါသို့အရောက် ရာဇဂြိုဟ်မြို့အနီး၊ မကုလတောင်ချယားတော၌ စံနေတော်မူစဉ်က ဖြစ်သည်။ ဒုံဗိုင်းတူမြို့ယခု(ဇောင်းတူမြို့)နေ စူဠသာလ၊ မဟာသာလ ညီနောင်တို့သည် ရာဇဂြိုဟ်ပြည်သို့ ကုန်ရောင်းရန် ရောက်ရှိသွားကြသည်။ ညီနောင်တို့သည် မြတ်စွာဘုရားအား သွားရောက်ဖူးမြော်ကြပြီး ဘုရားရှင်နှင့် သံဃာတော်အရှင်မြတ်များအား ခုနစ်ရက်ပတ်လုံး ဆွမ်းဘောဇဉ် အာဟာရတို့ဖြင့် လှူဒါန်းပူဇော်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် ညီနောင်တို့အား ကိုးကွယ်ရန် ဆံတော်နှစ်ဆူကို ချီးမြှင့်တော်မူသည်။

စူဠသာလ၊ မဟာသာလကုန်သည် ညီနောင်တို့သည် မြတ်စွာဘုရားကို အကြိမ်ကြိမ် လက်ယာရစ်ရှိခိုးပြီး ဆံတော်ဓာတ်မြတ် ကိန်းဝပ်သော ရတနာရွှေကြုတ်တော်ကို သင်္ဘောဖြင့် ပင့်ဆောင်၍ ပြန်လာရာ မဟာသက္ကရာဇ် ၁၀၉ ခုနှစ်တွင် မိမိတို့နေရပ်သို့ ပြန်လည်ရောက်ရှိ၏။ ထို့နောက် ကုန်သည်ညီနောင်တို့သည် ဒုံဗိုင်းတူမြို့သို့ ဆံတော်ဓာတ်မြတ်နှစ်ဆူကို ပင့်ဆောင်လာကြောင်း၊ သထုံဘုရင်သီဟရာဇာဘွဲ့ခံ မဏ္ဍလိပ်မင်းမြတ်ထံသို့ သံတော်ဦးတင်တော်မူကြသည်။ သထုံ မဏ္ဍလိပ်မင်းနှင့် မြို့သူမြို့သား ပရိသတ်များစွာတို့သည် အုန်းအုန်းကျွက်ကျွက် ဝိုင်းဝန်း၍ အထူးစည်ကားစွာ ပူဇော်ကြ၏။ ထို့နောက် ဆံတော်ဓာတ်မြတ်နှစ်ဆူကို သုဒဿနတောင်ပေါ်၌ ဌာပနာတော်မူ၏။ ဌာပနာတိုက်ကို အခိုင်အခံ့ စီစဉ်ပြီးလျှင် ရွှေအုတ်ချပ်ရေတစ်သောင်း၊ ပတ္တမြားအုတ်ချပ်ရေတစ်ထောင့်ရှစ်ရာတို့ကို မြကျောက်သရွတ်ထောင်း၍ ညက်စွာကြိတ်နယ်ပြီးလျှင် ကောင်းမွန်သေချာစွာ စေတီတော်ပြုလုပ်၍ထား၏။ ထိုရွှေအုတ်၊ ပတ္တမြားအုတ် စေတီတော်၏အထက်၌ ကျောက်အုတ်တို့ဖြင့် စေတီတည်ပြန်၏။ ထိုကျောက်အုတ်တို့၏ အထက်၌ သံအုတ်တို့ဖြင့် စေတီတည်ပြန်၏။ ထိုသံအုတ်တို့၏အထက်၌ မြေအုတ်တို့ဖြင့် စေတီတည်ပြန်၏။ ဤသို့ အဆင့်ဆင့်အထပ်ထပ် စေတီတည်ခြင်းကိစ္စအလုံးစုံပြီးမြောက်လေသော် စေတီတော်မြတ်ကြီးသည် ဉာဏ်တော် အတောင်ငါးဆယ်၊ လုံးပတ်တော် အတောင်နှစ်ရာ့ငါးဆယ်ရှိလေသည်။ ဤသို့အားဖြင့် မဟာသက္ကရာဇ် ၁၁၅ ခု တန်ခူးလဆန်း ၁ ရက်၊ စနေနေ့ ကောင်းမြတ်သော မင်္ဂလာအချိန်အခါတွင် ဌာပနာတိုက်နှင့်တကွ စေတီတော်မြတ်ကြီး၏ အစီအစဉ်ကိစ္စ ပြီးမြောက်အောင်မြင်တော်မူသည်။ ဘွဲ့တော်ကို ကျွန်းပေါ်စက ဘုရားရှင်ဒေသစာရီဖြန့်ချီ ကြွရောက် ရပ်တော်မူသော နေရာဖြစ်၍ "ကျိုက်မူတား" ဟု မွန်ဘာသာဖြင့် သမုတ်တော်မူ၏။ ကာလကြာသောအခါ မူတားမှ မော်ဓောသို့ ရွေ့လျားလာဟန်ရှိသည်။ ထို့ကြောင့် ယခုအခါ ဆုတောင်းပြည့် ရွှေမော်ဓောဘုရားကြီးဟု အမည်တွင်နေခြင်းဖြစ်သည်။

ရွှေမော်ဓောစေတီတော်မြတ်ကြီးကို သီရိဓမ္မာသောကမင်း၊ သမလမင်း၊ ဝိမလမင်း၊ ကရဝိကမင်း၊ ပဏ္ဍုလရာဇာမင်း၊ မိဖုရားရှင်စောပု၊ ဓမ္မစေတီ၊ မင်းတရားရွှေထီး၊ ဆင်ဖြူများရှင်ဘုရင့်နောင်၊ နန္ဒမင်း၊ သီဟသူမင်း၊ အနောက်ဘက်လွန်မင်း စသည့်မွန်၊ မြန်မာဘုရင်များက ခေတ်အဆက်ဆက် ပြည်သူတို့နှင့်တွဲ၍ စောင့်ရှောက်ထိန်းသိမ်းခဲ့သောကြောင့် သာလျှင် ယခုလို ရွှေရောင်တဝင်းဝင်းဖြင့် ကြည်ညိုသပ္ပာယ်စွာ ဖူးတွေ့ရခြင်းဖြစ်သည်။ ဤကဲ့သို့ ဖူးမြင်ရခြင်းသည်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၏ ပြယုဂ်ပင်ဖြစ်သည်။ ဘုရင့်နောင်နှင့်နန္ဒမင်းတို့ လက်ထက်တွင် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဉာဏ်တော်အမြင့်မှာ ၁၃၈ တောင် မြင့်တော်မူသည်။ သက္ကရာဇ် ၁၂၇၉ ခုနှစ်တွင် စတုတ္ထအကြိမ် မြေငလျင်ဒဏ်ခံရပြီး ပြည်သူလူထုက စုပေါင်းပြုပြင်ရာ ဉာဏ်တော် ၂၀၂ တောင် ၂ မိုက် မြင့်တော်မူသည်။ ပဉ္စမအကြိမ် ငလျင်ဒဏ်ခံရပြီး သက္ကရာဇ် ၁၃၁၅ ခုနှစ် တန်ခူးလဆန်း ၁၃ ရက်နေ့၌ စေတီတော်ကြီးကို ထမြောက်အောင်မြင်စွာ ပြန်လည်တည်ဆောက်၍ ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်များ ပါတင်နိုင်ခဲ့သော စေတီတော်မြတ်၏ ဉာဏ်တော်မှာ ၃၇၃ ပေနှင့် ၉ လက်မ သို့မဟုတ် ၂၄၉ တောင်နှင့် ၁ မိုက်ရှိပြီး ကမ္ဘာ့ဉာဏ်တော်အမြင့်ဆုံး စေတီတော်ကြီးအဖြစ် ဝင့်ထည်စွာ တည်ရှိနေပေသည်။ ပထမပန်းတင်ခုံတွင် စေတီရံပေါင်း ၆၄ဆူနှင့်ဒုတိယ ပန်းတင်ခုံတွင် ၅၇ ဆူ ရှိတော်မူသည်။ ဤကဲ့သို့ လျှင်ဒဏ်ကို ပြင်းထန်စွာ အကြိမ်ကြိမ်ခံခဲ့ရသော ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်တန်ခူးလဆန်း ၈ ရက်မှ လဆုတ် ၈ ရက်အထိ ကျင်းပကြလေသည်။

**မွန်၊ မြန်မာဘုရင်များက ခေတ်အဆက်ဆက် ပြည်သူတို့နှင့်တွဲ၍ စောင့်ရှောက်ထိန်းသိမ်းခဲ့သောကြောင့်သာလျှင် ယခုလို ရွှေရောင် တဝင်းဝင်းဖြင့် ကြည်ညိုသပ္ပာယ်စွာ ဖူးတွေ့ရခြင်းဖြစ်သည်**

## ဆောင်းပါးနှင့်နယ်သတင်း

### စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာအုပ်ရောင်းပွဲတော်ကျင်းပ

**လားရှိုး ဒီဇင်ဘာ ၁၇**

လားရှိုးမြို့ မြို့တော်ခန်းမ၌ စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် စာအုပ်ရောင်းပွဲတော် အခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ကျင်းပရာ စာအုပ်ရောင်းပွဲတော်ကို နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ စာအုပ်ဆိုင်များမှ စာအုပ်များကို စည်ကားစွာရောင်းချပြီး စာပေဟောပြောပွဲကို ညနေ ၃ နာရီမှ ၆ နာရီအထိ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် လားရှိုးမြို့ မြန်မာနိုင်ငံ စာရေးဆရာများအသင်းဥက္ကဋ္ဌ စာရေးဆရာ ကောင်းညွန့်ဝေ(ရေစကြို)က အမှာစကားပြောကြားပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဒီဇင်ဘာ ၁၄ ရက်တွင် စာရေးဆရာလင်းသိုက်ညွန့်(မြန်မာ့မြေ)က အောင်မြင်သောနိုင်ငံ၊ အောင်မြင်သောလူမျိုးခေါင်းစဉ်ဖြင့် ဟောပြောရာ စာပေချစ်ပရိသတ်များနှင့် ကျောင်းသား ကျောင်းသူများ၊ ရဟန်းသံဃာတော်များ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြသည်။

ဒီဇင်ဘာ ၁၅ ရက်တွင် စာရေးဆရာမ ဂျူးက ရသစာပေများ ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**

### ကြံစိုက်တောင်သူများအား နည်းပညာပေးပွဲနှင့် မျိုးသန့်မျိုးပွားစံပြကွက်ပြသ

**ကျွန်းလှ ဒီဇင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ကြံစိုက်တောင်သူများအား နည်းပညာပေးပွဲနှင့် မျိုးသန့်မျိုးပွားစံပြကွက်ပြပွဲကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၈ နာရီက ကျီကုန်းကျေးရွာ တောင်သူ ဦးကြည်တင်၏ ကြံစိုက်ခင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရွှေဘိုခရိုင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးဌာနမှူး ဦးမြင့်လှိုင်နှင့် ခရိုင်သီးနှံတာဝန်ခံများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်းနှင့် ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးမြှင့်အဖွဲ့များနှင့် တောင်သူများ တက်ရောက်ကြပြီး မြို့နယ်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ကြံစိုက်ပျိုးနည်းကိုလက်တွေ့သရုပ်ပြ စိုက်ပျိုးပြသပြီး **(အပေါ်ပုံ)** တောင်သူများမေးမြန်းသည်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### ဒီဇင်ဘာလူထုလမ်းလျှောက်ပွဲ မဘိမ်း၌ကျင်းပ

**မဘိမ်း ဒီဇင်ဘာ ၁၇**

ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၅ နာရီက မဘိမ်းမြို့၌ ကျင်းပရာ မဘိမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဌေးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူ ၅၇၀ ခန့် ပါဝင်ဆင်နွှဲကြသည်။

**ပြုလုပ်**

အဆိုပါ လူထုစုပေါင်းလမ်းလျှောက်ပွဲသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှေ့မှ ဗိုလ်ချုပ်လမ်းအတိုင်း မဘိမ်းမြို့ ရွှေလီဆိပ်ကမ်းအထိ စုပေါင်းလမ်းလျှောက်ကြပြီး ရွှေလီဆိပ်ကမ်းတွင် ကိုယ်ကာယလေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။

မဘိမ်းမြို့နယ်တွင် လမ်းလျှောက်ပွဲကို ဒီဇင်ဘာလအတွင်း အပတ်စဉ်စနေနေ့တိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်း(iprd)**

### သုံးခွမြို့ပြည်သူ့ဆေးရုံတွင် အရည်အသွေးမြှင့်မားရေး သင်တန်းဖွင့်

**သုံးခွ ဒီဇင်ဘာ ၁၇**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကျန်းမာရေးဦးစီးဌာနတွင် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အပြုအမူပြောင်းလဲစေရန် ဆက်သွယ်ပြောဆိုခြင်းအရည်အသွေးမြှင့်မားရေးသင်တန်းများကို သုံးခွမြို့နယ် ပြည်သူ့ဆေးရုံ သင်တန်းခန်းမနှင့် ကျေးလက်ကျန်းမာရေးဌာနများတွင် ဒီဇင်ဘာလအတွင်း လေးကြိမ်သင်ကြားပို့ချပေးမည်ဖြစ်ပြီး တစ်ကြိမ်လျှင် သင်တန်းသား ၅၀ကို နှစ်ရက် သင်ကြားပို့ချပေးမည်ဖြစ်သည်။ သင်တန်းသားများမှာ သုံးခွမြို့နယ် ကျန်းမာရေးဌာနများရှိ သားဖွားဆရာမများ၊ ပြည်သူလူထု အထောက်အကူပြုအဖွဲ့ (CSG)များ စုစုပေါင်း ၂၀၀ ဖြစ်သည်။

**ကိုကျော်(သုံးခွ)**

---


## မုံရွာစီးပွားရေးတက္ကသိုလ်
## (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကြေညာချက်

မုံရွာစီးပွားရေးတက္ကသိုလ် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တို့တွင် မဟာစီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ) M.Econ (Economics)၊ မဟာစာရင်းကိုင်ပညာဘွဲ့ M.Act၊ မဟာဝါဏိဇ္ဇဗေဒဘွဲ့ M.Com၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ MBA၊ ဂုဏ်ထူးဘွဲ့ (၂၀၀၉ အောင်)နှင့် ရိုးရိုးဘွဲ့ (တတိယနှစ် ၂၀၁၀ အောင်) ဘောဂဗေဒ၊ စာရင်းအင်းပညာ၊ စာရင်းကိုင်ပညာ၊ ဝါဏိဇ္ဇဗေဒ၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့စာမေးပွဲ အောင်မြင်ပြီးသူများ၏ (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လျှောက်လွှာပုံစံများကို မုံရွာစီးပွားရေးတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင်ရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်အတွက် တစ်လအတွင်း မြန်မာဝတ်စုံဖြင့် ရိုက်ကူးထားသော ၂လက်မ×၁လက်မခွဲအရွယ် ဓာတ်ပုံသုံးပုံကို ပူးတွဲလျက် ၁၈-၁၂-၂၀၁၃ရက်မှ ၂၀-၁-၂၀၁၄ရက်အထိ လျှောက်ထားနိုင်ကြပါသည်။

၁။ **ဘွဲ့နှင်းသဘင်ကျင်းပရက်** - ၂၅-၁-၂၀၁၄ရက် (စနေနေ့) ၁၀း၀၀နာရီတွင် မဟာဘွဲ့ (၂၀၀၆ အောင်)၊ မဟာစီးပွားရေးပညာဘွဲ့(ဘောဂဗေဒ)၊ မဟာစာရင်းကိုင်ပညာဘွဲ့၊ မဟာဝါဏိဇ္ဇဗေဒဘွဲ့၊ ဒုတိယနှစ်ဂုဏ်ထူးတန်း (၂၀၀၉ အောင်) ဝါဏိဇ္ဇဗေဒဘွဲ့၊ ဘောဂဗေဒဘွဲ့၊ စာရင်းအင်းပညာဘွဲ့၊ တတိယနှစ် (၂၀၁၀ အောင်) ဝါဏိဇ္ဇဗေဒဘွဲ့ (ခုံအမှတ် တဇ-၁ မှ တဇ-၄၂ ထိ)၊ စာရင်းကိုင်ပညာဘွဲ့ (တစက-၁ မှ တစက-၃၀ထိ)၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု ပညာဘွဲ့ (တစမ-၁ မှ တစမ-၄၅ ထိ)၊ စာရင်းအင်းပညာဘွဲ့(တစ-၁ မှ တစ-၃၅ထိ)၊ ဘောဂဗေဒဘွဲ့ (တဘ-၁ မှ တဘ-၅၅ထိ)တို့ကိုလည်းကောင်း၊ ဒုတိယပိုင်း ၁၄း၀၀နာရီတွင် တတိယနှစ် (၂၀၁၀ အောင်) ဝါဏိဇ္ဇဗေဒဘွဲ့ (တဇ-၄၃ မှ တဇ ၈၇ထိ)၊ စာရင်းကိုင်ပညာဘွဲ့ (တစက-၃၁ မှ တစက-၅၅ထိ)၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့ (တစမ-၄၆ မှ တစမ-၉၇ ထိ)၊ စာရင်းအင်းပညာဘွဲ့ (တစ-၃၆ မှ တစ-၈၃ ထိ)၊ ဘောဂဗေဒဘွဲ့ (တဘ-၅၆ မှ တဘ-၁၁၇ထိ)တို့ကိုလည်းကောင်း၊ ၂၆-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) တတိယပိုင်း ၁၀း၀၀နာရီတွင် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့(MBA)၊ တတိယနှစ် (၂၀၁၀ အောင်) ဝါဏိဇ္ဇဗေဒဘွဲ့ (တဇ-၈၈ မှ တဇ ၁၃၁ထိ)၊ စာရင်းကိုင်ပညာဘွဲ့ (တစက-၅၆ မှ တစက-၈၅ထိ)၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့ (တစမ-၉၈ မှ တစမ-၁၄၃ ထိ)၊ စာရင်းအင်းပညာဘွဲ့(တစ-၈၅ မှ တစ-၁၃၃ထိ)၊ ဘောဂဗေဒဘွဲ့(တဘ-၁၁၈ မှ တဘ-၁၆၁ထိ)တို့ကိုလည်းကောင်း၊ စတုတ္ထပိုင်း ၁၄း၀၀နာရီတွင် တတိယနှစ် (၂၀၁၀ အောင်) ဝါဏိဇ္ဇဗေဒဘွဲ့ (တဇ-၁၃၂ မှ အဆုံးထိ)၊ စာရင်းကိုင်ပညာဘွဲ့ (တစက-၈၆မှ အဆုံးထိ)၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့ (တစမ-၁၄၄ မှ အဆုံးထိ)၊ စာရင်းအင်းပညာဘွဲ့ (တစ-၁၃၄ မှ အဆုံးထိ)၊ ဘောဂဗေဒဘွဲ့ (တဘ-၁၆၂ မှ အဆုံးထိ)တို့ကိုလည်းကောင်း ဘွဲ့အပ်နှင်းမည်ဖြစ်ပါသည်။

၂။ **အစမ်းလေ့ကျင့်မည့်ရက်** - ၂၃-၁-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၉း၀၀နာရီတွင် မဟာစီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ) M.Econ (Economics)၊ မဟာစာရင်းကိုင်ပညာဘွဲ့ M.Act၊ မဟာဝါဏိဇ္ဇဗေဒဘွဲ့ M.Com၊ ဂုဏ်ထူးဘွဲ့ (၂၀၀၉ အောင်)နှင့် ရိုးရိုးဘွဲ့ တတိယနှစ်(၂၀၁၀ အောင်) ဝါဏိဇ္ဇဗေဒ (တဇ-၁မှ ၈၇ ထိ)၊ စာရင်းကိုင်ပညာ(တစက-၁ မှ တစက ၅၅ထိ)၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့ (တစမ-၁ မှ တစမ-၉၅ထိ)၊ စာရင်းအင်းပညာ (တစ-၁ မှ တစ-၈၀ထိ)၊ ဘောဂဗေဒဘွဲ့ (တဘ-၁ မှ တဘ-၁၁၅ထိ)တို့ကိုလည်းကောင်း၊ မွန်းလွဲပိုင်း ၁၄း၀၀နာရီတွင် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့(MBA)၊ ရိုးရိုးဘွဲ့တတိယနှစ် (၂၀၁၀ အောင်) ဝါဏိဇ္ဇဗေဒ (တဇ-၈၈ မှ အဆုံးထိ) စာရင်းကိုင်ပညာ (တစက-၅၆မှ အဆုံးထိ)၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့ (တစမ-၉၆ မှ အဆုံးထိ)၊ စာရင်းအင်းပညာ (တစ-၈၁ မှ အဆုံးထိ)၊ ဘောဂဗေဒဘွဲ့ (တဘ-၁၁၆ မှ အဆုံးထိ) ဘွဲ့ယူမည့် ဘွဲ့ရကျောင်းသား၊ ကျောင်းသူများအားလုံး(မပျက်မကွက်) တက်ရောက်ရမည်ဖြစ်ပါသည်။

၃။ ဘွဲ့နှင်းကြေးတက်ရောက်ဘွဲ့အတွက် ကျပ် ၁၅၀၀၀/-နှင့် အဝေးရောက်ဘွဲ့ကြေးအတွက် ကျပ် ၁၀၀၀၀/-ကို ပေးသွင်းရမည်။

၄။ ဘွဲ့လျှောက်လွှာများကို ကာယကံရှင်ကိုယ်တိုင်ဖြည့်စွက်၍ ဖြည့်စွက်ထားသည့် အချက်အလက်များ မှန်ကန်ကြောင်းခံဝန်ချက်နှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်နှင့် ကျောင်းသားမှတ်ပုံတင်ကတ်မူရင်း၊ မိတ္တူများနှင့် ပူးတွဲတင်ပြရမည်။

၅။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

၆။ ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာကို ၂၁-၁-၂၀၁၄ရက်မှစတင်၍ မုံရွာစီးပွားရေးတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် ထုတ်ပေးပါမည်။ ဘွဲ့ဝတ်စုံငှားရမ်းရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးခဲ့ရမည်။

၇။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့တက်ရောက်မယူသောသူများ၏ ဘွဲ့လက်မှတ်များနှင့် အဝေးရောက်ဘွဲ့လက်မှတ်များကို (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်မကျင်းပမီ တစ်လအလိုမှ ထုတ်ပေးမည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုသောအချက်အလက်များရှိပါက မုံရွာစီးပွားရေးတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် စုံစမ်းနိုင်ပါသည်။

**မှတ်ချက်** - အခြားပညာသင်နှစ်များမှ ဘွဲ့စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်ပါသည်။

**စုစုထွန်း**
**ဌာနမှူး၊ သင်တန်းရေးရာ**
**မုံရွာစီးပွားရေးတက္ကသိုလ်**



## စက်မှုဝန်ကြီးဌာန
## အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား CIF (Yangon) နိုင်ငံခြားငွေ (USD) ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | တင်ဒါအမှတ် |
|---|---|---|---|
| (က) | Component Parts for Double Cab (Grand Tiger) (BQ 2023 Q1) | 1 Lot | 05/No(1)HIE/ 2013-2014/CP |

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များအား ၂၃-၁၂-၂၀၁၃ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများနောက်ဆုံးတင်သွင်းရမည့်ရက်မှာ ၆-၁-၂၀၁၄ ရက် ၁၆း၀၀နာရီ ဖြစ်ပါသည်။

**ပစ္စည်းစီမံရေးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း**
**စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၀၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၀၅၃၊ ၀၆၇-၄၀၅၀၅၄**



## မအူပင်မြို့နယ်အသင်း(ရန်ကုန်)

(၅၉)ကြိမ်မြောက် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပါရဂူဘွဲ့၊ တက္ကသိုလ်ဝင်တန်းအောင် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားအား ၂၉-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး၊ ကျေးလက်ဦးစီးမွှာရုံ (ယခင် နယ်စပ်/စည်ပင်မွှာရုံ)၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အသင်းဝင်ပြီးသူဖြစ်စေ၊ မဝင်ရသေးသူဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ **(မြို့ချစ်စိတ်ထားဖြင့်)**တက်ရောက်ချီးမြှင့်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

ဆောင်းပါးနှင့်ကြော်ငြာ

# ကြိုတင်ကာကွယ်လျှပ်စစ်အန္တရာယ်

ကျူစိန်

၁၈၃၁ ခုနှစ် အောက်တိုဘာ ၁၇ ရက်နေ့တွင် အင်္ဂလန်နိုင်ငံသား မိုက်ကယ်ဖာရာဒေးသည် လျှပ်စစ်ဒိုင်နမိုကိုအောင်မြင်စွာ တီထွင်ထုတ်လုပ်နိုင်သည့်အတွက် တစ်ကမ္ဘာလုံး လျှပ်စစ်အားကို အသုံးပြုခွင့်ရလာကြပါသည်။ မြန်မာနိုင်ငံတွင် ၁၉၀၈ ခုနှစ် မြန်မာ့ကျောက်မျက် မိုင်း(မိုးကုတ်) မှစ၍ လျှပ်စစ်ဓာတ်အားကို အသုံးပြုခဲ့ပါသည်။ ထိုစဉ်က အသုံးပြုခဲ့သော လျှပ်စစ်ဓာတ်အားမှာ ဒီစီအမျိုးအစားဖြစ်ပါသည်။ ၁၉၁၀ ခုနှစ်တွင် ရန်ကုန်နှင့်မန္တလေးမြို့ကြီးများ၌ ဒီစီဓာတ်အားကိုပင် အသုံးပြုခဲ့ကြသည်။ ၁၉၂၂ ခုနှစ်ရောက်မှ လက်ရှိအသုံးပြုနေသော အေစီစနစ်ကို အသုံးပြုနိုင်ခဲ့ကြပါသည်။

"သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး"ဟူသော စကားကဲ့သို့ လျှပ်စစ်ဓာတ်အားသည်လည်း စနစ်တကျ မသုံးနိုင်ခဲ့ပါလျှင် ဘေးအန္တရာယ်ရှိနိုင်ပါသည်။ လျှပ်စစ်ဓာတ်အားသည် လူတို့ကို အကျိုးပြုသော်လည်း လျှပ်စစ်ကြောင့် လူများထိခိုက်ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်းနှင့် မီးလောင်ခြင်းတို့ကြောင့် ဆုံးရှုံးမှုများစွာ ဖြစ်ခဲ့ရပါသည်။ မြန်မာနိုင်ငံ၏အဆိုးရွားဆုံးသော ဓာတ်လိုက်မှုသည် ၁၉၈၄ ခုနှစ် ဇန်နဝါရီလတွင် မန္တလေးမြို့ စိန်ပန်းရပ်၌ဖြစ်ပွားခဲ့ပါသည်။ စိန်ပန်းရပ်တွင် ဘုရားပွဲရှိ၍ ဇာတ်စင်ဆောက်ပြီး ပွဲကပါသည်။ ဇာတ်စင်ဆောက်သော နေရာမှာ ၁၁ ကေဗွီဓာတ်အားလိုင်း အနီးတွင်ဖြစ်သည်။ ညဘက်ပွဲကချိန်တွင် ဇာတ်စင်၏လှုပ်ရမ်းမှုကြောင့် ဇာတ်စင်တိုင်နှင့် ၁၁ ကေဗွီဓာတ်အားလိုင်းကြိုးတို့ထိပြီး မီးပွားများထွက်သောနေရာမှ ဓာတ်ကြိုးပြတ်ကျပါသည်။ ထို့ကြောင့် ဓာတ်ကြိုးနှင့်ထိမိသော ပွဲကြည့်ပရိသတ် ၁၃ဦး မှာ ဓာတ်လိုက်သေဆုံးခဲ့ရပါသည်။

လျှပ်စစ်ဓာတ်အား၏ အန္တရာယ်ကြီးမှုကိုဖော်ပြသော ဖြစ်ရပ်တစ်ခုပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် စက်မှုလုပ်ငန်းတိုးတက်မြင့်မားလာခြင်း၊ လူနေမှုအဆင့်အတန်းမြင့်မားလာခြင်းနှင့်အတူ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာလည်း တစ်နေ့တခြားများပြားလျက်ရှိပါသည်။ ဓာတ်အားသုံးစွဲမှုပမာဏ တိုးတက်လာသည်နှင့်အမျှ လျှပ်စစ်အန္တရာယ် ပိုမိုကျရောက်နိုင်ပါသည်။ လျှပ်စစ် စစ်ဆေးရေးဌာန၏ ၂၀၁၁ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော နှစ်အလိုက် လျှပ်စစ်ဓာတ်လိုက်မှုများကို ဇယားတွင် ဖော်ပြထားပါသည်။

အထက်ပါဇယားများအရ လျှပ်စစ်အန္တရာယ်ကို အထူးအလေးပေး ကာကွယ်ရန်လိုအပ်နေကြောင်း သိရပါသည်။ လျှပ်စစ်ဓာတ်လိုက်မှုအများစုတို့မှာ လျှပ်စစ်ဓာတ်အားကို အသုံးပြုသူများ၏ ပေါ့ဆမှု၊ လျှပ်စစ်အန္တရာယ်ကို မသိနားမလည်မှု၊ လျှပ်စစ်ပစ္စည်းများ၏အရည်အသွေး နိမ့်ကျမှုနှင့် လျှပ်စစ်သွယ်တန်း တပ်ဆင်မှုများ၊ စနစ်မကျမှုကြောင့် ဖြစ်ရသည်ကိုလေ့လာတွေ့ရှိရပါသည်။

မြွေကိုက်လျှင် ဆေးရှိသည်။ ဓာတ်လိုက်လျှင်ဆေးမရှိ ဟူသော ဆောင်ပုဒ်အရ ဓာတ်လိုက်ခံရလျှင် ကယ်တင်နိုင်ရန် ဆေးမရှိပါ။ ထို့ကြောင့် ဓာတ်လိုက်မခံရစေရန် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ရပါမည်။

သို့ပါ၍ လျှပ်စစ်အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အဓိကကျသည့် သတိပြုရမည့်အချက်များကို တင်ပြပါမည်။

၁။ ဓာတ်အားလိုင်းများအောက်နှင့် အနီးပတ်ဝန်းကျင်တွင်
(က) သံပိုက်စိုက်ထူခြင်း၊ သံပိုက်များ အတင်အချလုပ်ခြင်း၊ သတ္တုလှေကားထောင်၍ သယ်ယူခြင်း၊ ဝါးအစိုများ သယ်ယူခြင်း မပြုပါနှင့်။
(ခ) ဇာတ်စင်ဆောက်ခြင်း၊ မဏ္ဍပ်ထိုးခြင်း၊ ယာယီတဲများထိုးခြင်းနှင့် လူအများစုဝေးခြင်းများ မပြုပါနှင့်။
(ဂ) ဝန်အပြည့်တင်ထားသော ကုန်ကားများ၊ ဝန်ချီစက်ကရိန်းကားများရပ်ခြင်း၊ ပစ္စည်းအတင်အချလုပ်ခြင်းများ မပြုပါနှင့်။

၂။ သံသတ္တုဓာတ်တိုင်များ၊ တိုင်ဆိုင်းကြိုးများနှင့်ပြတ်ကျနေသော ဓာတ်ကြိုးများကို လျှပ်စစ်ဓာတ်အားရှိသည်ဟု မှတ်ယူပြီး ထိကိုင်ခြင်းမပြုပါနှင့်။

၃။ မိမိနေအိမ်သို့ သွယ်တန်းထားသော အိမ်သွယ်ကြိုး (Service Wire) နှင့် ဝန်ထမ်းကြိုး (GI.Wire)များ အိကျနေခြင်း၊ ပြတ်ကျနေခြင်း၊ သွပ်မိုး၊ သံဆန်ခါများနှင့် ထိတွေ့ပွတ်တိုက်နေခြင်းများတွေ့ရှိပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။ မိမိသဘောနှင့်ကိုင်တွယ်ခြင်းမပြုပါနှင့်။

၄။ လျှပ်စစ်အဖွဲ့မှ တပ်ဆင်ထားသောမီတာ (KWH meter)များကို နေရာရွှေ့ပြောင်းခြင်း၊ ခဲတံဆိပ် (Seal) များဖျက်၍ ပြုပြင်ခြင်းများမပြုပါနှင့်။ အန္တရာယ်ရှိသည့်အပြင် ဥပဒေအရ အရေးယူခံရနိုင်ပါသည်။

၅။ သံသတ္တုကိုယ်ထည်ဖြင့် တည်ဆောက်ထားသော လျှပ်စစ်ပစ္စည်းများကို သီးသန့်မြေစိုက်ကြိုးချ၍ သုံးပါ။ ယင်းသို့မပြုနိုင်လျှင် ပင်သုံးခုပါသော ပလပ်အဖို၊ အမ (Three Pin Plug and Socket)ကိုသုံး၍မြေဓာတ်ချပါ။

၆။ လျှပ်စစ်ဓာတ်အားသုံး ကျောက်စက်၊ ဖောက်စက်၊ ဖြတ်စက်နှင့်ဂဟေဆော်စက်များကို အသုံးပြုရာတွင် ဖိနပ်စီးပါ။ လက်အိတ်စွပ်ပါ။

၇။ ကွန်ကရစ်ကြမ်းခင်း၊ ရေစိုကြမ်းခင်း၊ မြေပြင်နှင့်သံ၊ သတ္တုတို့ဖြင့် ပြုလုပ်ထားသော စင်၊ ခုံတန်း စသည်တို့အပေါ်တွင် သံသတ္တုကိုယ်ထည်ဖြင့် တည်ဆောက်ထားသော လျှပ်စစ်ပစ္စည်းများကို မသုံးပါနှင့်။ ဘေးကင်းစွာအသုံးပြုလိုလျှင်ခြောက်သွေ့သော သစ်သားကြမ်းခင်း၊ ရော်ဘာအခင်း၊ပလတ်စတစ်အခင်းများပေါ်တွင်သာသုံးပါ။

၈။ မီးအဖွင့်အပိတ်လုပ်သော မီးခလုတ် (Tumbler Switch) များတွင် သွင်ကြိုး(အပူကြိုး)ကို တပ်ဆင်ပါ။ မိမိ၏နေအိမ်တွင် တပ်ဆင်ထားသော မီးခလုတ်များအားလုံး မှန်ကန်စွာ တပ်ဆင်ထားမှုရှိ၊ မရှိကို လျှပ်စစ်ကျွမ်းကျင်သူများနှင့် စစ်ဆေးပါ။

၉။ ပေါက်ပြဲဆွေးမြည့်နေသောဝိုင်ယာကြိုးများ၊ ကွဲအက်ပျက်စီးနေသော မီးခေါင်း၊ မီးခလုတ်၊ မီးပလပ်ပေါက်များကို တွေ့လျှင် လျစ်လျူရှုမထားပါနှင့် ချက်ချင်းလဲပါ။

၁၀။ မီးချောင်း၊ မီးလုံး၊ ပန်ကာ စသည်တို့ကို လဲလှယ်ခြင်း၊ အသစ်တပ်ဆင်ခြင်းများ ပြုလုပ်လိုပါက ပင်မခလုတ် (Main Switch) ကိုပိတ်ပြီးမှ လုပ်ပါ။

၁၁။ ခလုတ်ဖွင့်ထားသော ပလပ်ပေါက်အတွင်းသို့ ပလပ်အဖိုတံကို အသွင်း၊ အထုတ်မလုပ်ပါနှင့်။ ခလုတ်ပိတ်ပြီးမှ လုပ်ပါ။ ပလပ် အဖိုတံကို နုတ်လျှင် ဝိုင်ယာကြိုးမှ ဆွဲမနုတ်ပါနှင့်။ ကိုယ်ထည်မှ ကိုင်၍နုတ်ပါ။

၁၂။ ကြိုးပျော့ဝိုင်ယာများ (Flexible Wire)၊ တိုးချဲ့ဝိုင်ယာကြိုးခွေ (Extension Joint Box) များကို ယာယီသာသုံးပါ။ အမြဲတမ်းသုံးစွဲခြင်း မပြုပါနှင့်။

၁၃။ အိမ်သာ၊ ရေချိုးခန်းမှအထွက် ရေစိုနေသောလက်ဖြင့် မီးခလုတ်များကိုဖွင့်ခြင်း၊ ပိတ်ခြင်းနှင့်အခြားလျှပ်စစ်ပစ္စည်းများကို ကိုင်တွယ်ခြင်းမပြုပါနှင့်။

၁၄။ ရေပူ-ရေအေး ရေချိုးစက် (Water heater) ကို သုံးရာတွင် အလိုအလျောက် လျှပ်စစ်ဓာတ်အားဖြတ်သည့်အကာအကွယ်ပစ္စည်း(Earth Leakage Breaker) ကို တပ်ဆင်ပါ။

၁၅။ ရောင်စုံမီးသီးတွဲများတွင် တပ်ဆင်ထားသော ဝိုင်ယာကြိုးများနှင့်ပလပ်တံများမှာအရည်အသွေးနိမ့်သည့်အတွက် မီးဖွင့်ထားချိန်တွင် လုံးဝမကိုင်ပါနှင့်။ သံဆန်ခါနှင့်သံထည်ပစ္စည်းများပေါ်တွင်လည်းမီးထွန်းခြင်းမပြုပါနှင့်။

၁၆။ ကွန်ကရစ်ကြမ်းခင်းနှင့် ရေစိုကြမ်းခင်းပေါ်တွင် ဖိနပ်မပါဘဲ လျှပ်စစ်ဖြင့် ထမင်းဟင်းချက်ခြင်း၊ မီးပူတိုက်ခြင်း၊ ရေခဲသေတ္တာ အဖွင့်အပိတ်လုပ်ခြင်း စသည်တို့ကို မပြုပါနှင့်။ အန္တရာယ်ကင်းစေရန် ဖိနပ်စီးပါ။ သစ်သားခုံ၊ ရော်ဘာပလတ်စတစ်အခင်းများပေါ်မှ ဆောင်ရွက်ပါ။

၁၇။ လျှပ်စစ်မီးဖွင့်ခြင်း၊ ပိတ်ခြင်း၊ ပလပ်တံတပ်ခြင်းများကို ကလေးငယ်များအား မခိုင်းပါနှင့်။ ကွန်ပျူတာ၊ တီဗွီ၊ ပန်ကာစသော လျှပ်စစ်ပစ္စည်းများကိုလည်း ကလေးများ လက်လှမ်းမမီသောနေရာတွင် ထားပါ။

၁၈။ လျှပ်စစ်ဝိုင်ယာကြိုးပေါ်တွင်အဝတ်လှန်းခြင်း၊ပစ္စည်းများချိတ်ခြင်း၊ အဝတ်ချိတ်များချိတ်ခြင်းတို့ကို မပြုပါနှင့်။

၁၉။ လူတစ်ဦးဓာတ်လိုက်သည်ကိုမြင်လျှင် အလွတ်ဝင်မဆွဲပါနှင့်။ ခြောက်သွေ့သော သစ်သား၊ တုတ်၊ ဝါး စသည်တို့ဖြင့် ဓာတ်လိုက်ခံရခြင်းမှ လွတ်မြောက်အောင် ဆောင်ရွက်ပါ။ သက်ဆိုင်ရာ မိန်းခလုတ်ကို အမြန်ဆုံးပိတ်ရန်ကြိုးစားပါ။ အထက်တွင်ဖော်ပြထားသည့် ရှောင်ရန်၊ ဆောင်ရန် အချက်များနှင့်အညီ ဆောင်ရွက်နိုင်ခြင်းဖြင့်လည်းကောင်း၊ စံချိန်စံနှုန်းနှင့်ကိုက်ညီပြီး အရည်အသွေးပြည့်ဝသော လျှပ်စစ်ပစ္စည်းများကိုသုံးစွဲခြင်းဖြင့်လည်းကောင်း၊ လျှပ်စစ်ကျွမ်းကျင်မှု လက်မှတ်ရရှိသူများနှင့်သာ လျှပ်စစ်သွယ်တန်းတပ်ဆင်မှုများ ပြုလုပ်ခြင်းဖြင့်လည်းကောင်း လျှပ်စစ်အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြပါသည်။

| စဉ် | ခုနှစ် | ဓာတ်လိုက်မှုအရေအတွက် | သေဆုံးသူ | ဒဏ်ရာရသူ |
|---|---|---|---|---|
| ၁ | ၂၀၀၆-၂၀၀၇ | ၈၄ | ၆၀ | ၂၄ |
| ၂ | ၂၀၀၇-၂၀၀၈ | ၁၀၁ | ၈၉ | ၂၂ |
| ၃ | ၂၀၀၈-၂၀၀၉ | ၁၁၀ | ၈၄ | ၂၆ |
| ၄ | ၂၀၀၉-၂၀၁၀ | ၁၁၄ | ၈၉ | ၃၇ |
| ၅ | ၂၀၁၀-၂၀၁၁ | ၁၃၃ | ၁၀၇ | ၄၃ |

## ဒီဇင်ဘာ လူထုလမ်းလျှောက်ပွဲ ရှာငံ၌ကျင်းပ

ရှာငံ ဒီဇင်ဘာ ၁၇

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ်၏ ဒီဇင်ဘာ လူထုအားကစားလ (ဒုတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၅ နာရီခွဲက မြို့နယ်ဗထူးခန်းမရှေ့ စုရပ်နေရာ၌ ကျင်းပရာ လမ်းလျှောက်ပွဲသို့ ဒေသဦးစီးအလုပ်အမှုဆောင်အဖွဲ့ဝင်ဦးကိုကို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မြို့ပေါ်(သုံး)ရပ်ကွက်မှ ဒေသခံပြည်သူများ စုစုပေါင်း ၁၄၀၀ ပါဝင်ဆင်နွှဲကြသည်။

စုပေါင်းလမ်းလျှောက်ပွဲကို မြို့နယ် ဗထူးခန်းမရှေ့မှစတင်ကာ မြို့တစ်ပတ် စုပေါင်းလမ်းလျှောက်၍ မြို့နယ်အားကစားကွင်းတွင် ကိုယ်လက် ကြံ့ခိုင်ရေး လေ့ကျင့်ခန်းကို စုပေါင်း လုပ်ဆောင်ခဲ့ကြပြီးနောက် မြို့နယ်ဌာနဆိုင်ရာများမှစုပေါင်း၍ လမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲသူများကို ကံစမ်းမဲလက်ဆောင်များ ဖောက်ပေးခဲ့ကြသည်။ အဆိုပါလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ ပထမပတ် ခုနစ်ရက်မှ စတင်ခဲ့ပြီး ဒီဇင်ဘာလ၏ စနေနေ့တိုင်း ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

**လူကုန်ကူးမှု ပပျောက်ဖို့ တစ်မျိုးသားလုံး ပါဝင်ကြစို့**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း မိုင်တိုင်အမှတ်(၁၁၉) အနီးတွင် ခေတ်မီအဆင့်မြင့်ယာဉ်ရပ်နားစခန်း တည်ဆောက်ခြင်းလုပ်ငန်း (PPP)စနစ်ဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသူများ လာရောက်လျှောက်ထားနိုင်ပါသည်။

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၆-၁၂-၂၀၁၃ ရက်မှ ၁၅-၁-၂၀၁၄ ရက်အထိ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)
**တင်ဒါလျှောက်လွှာနောက်ဆုံးတင်ရမည့်ရက်** - ၁၆-၁-၂၀၁၄ ရက် ၁၆း၀၀ နာရီ
**တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့။
**ဆက်သွယ်ရန်** - ဖုန်း-၀၈၁-၂၀၁၉၀၄ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ အေးသာယာကားကြီးကွင်း အနောက်ဘက်တွက် ပြည်သူ့အိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်း (PPP)စနစ်ဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသူများ လာရောက်လျှောက်ထားနိုင်ပါသည်။

**တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၆-၁၂-၂၀၁၃ ရက်မှ ၁၅-၁-၂၀၁၄ ရက်အထိ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)
**တင်ဒါလျှောက်လွှာနောက်ဆုံးတင်ရမည့်ရက်** - ၁၆-၁-၂၀၁၄ ရက် ၁၆း၀၀ နာရီ
**တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့။
**ဆက်သွယ်ရန်** - ဖုန်း-၀၈၁-၂၀၁၉၀၄ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း)

## ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လေယာဉ်ကွင်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၃) ကလေးဝမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်းရှိ လေယာဉ်ကွင်းအထူးအဖွဲ့(၃)မှ တာဝန်ယူကြီးကြပ်ဆောင်ရွက်သော ကနီ-မင်းကင်း-တောင်တွင်းချောင်းလမ်းပေါ်ရှိ မိုင် ၇၀/၁-၈၀/၁ အတွင်း Box Culvert များနှင့် သံကူကွန်ကရစ်တံတားများ တည်ဆောက်ရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အောက်ဖော်ပြပါတည်ဆောက်ရေးပစ္စည်းများကို မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

၁။ မြေအုတ် ၁၇၃၆၂၂ ချပ်
၂။ မြစ်ကျောက်စရစ် ၈၇·၁ ကျင်း
၃။ မြစ်သဲ ၁၁၀·၈၈ ကျင်း
၄။ တောသစ်(အထူ) ၁၈·၂၄၆ တန်
၅။ တောသစ်(အပါး) ၆·၈၀၄ တန်

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို လေယာဉ်ကွင်းအထူးအဖွဲ့(၃)၊ ဒုအင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး ကလေးဝမြို့တွင် ၁၉-၁၂-၂၀၁၃ ရက်မှ ၂၆-၁၂-၂၀၁၃ ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများကို ဖော်ပြပါရုံး၌ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၆ရက် (ကြာသပတေးနေ့) နံနက် ၉း၃၀ နာရီမှ ၁၁း၃၀ နာရီအထိလက်ခံမည်ဖြစ်ပြီး ၁၃း၃၀ နာရီတွင် အိတ်ဖွင့်တင်ဒါဖွင့်ဖောက်ကြော်ငြာမည်ဖြစ်ပါသည်။
၄။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဒုအင်ဂျင်နီယာမှူးကြီးရုံး၊ လေယာဉ် ကွင်းအထူးအဖွဲ့(၃)၊ ကလေးဝမြို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၇၃-၄၄၀၀၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လေယာဉ်ကွင်းအထူးအဖွဲ့(၃)၊ ကလေးဝမြို့**

## အလက(၈) မရမ်းကုန်း ဒုတိယအကြိမ်အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

အလက(၈) မရမ်းကုန်း (ယခင်အမက-၂၂ မရမ်းကုန်း)ကျောင်းတွင် ၁၉၈၆ခုနှစ်မှ ၂၀၁၃ခုနှစ်ထိ ပညာသင်ယူခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကြီးကို ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၂ရက် (တနင်္ဂနွေနေ့)တွင် အလက(၈) မရမ်းကုန်း စိန်ပန်းခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသောကြောင့် ပညာသင်ကြားပို့ချပေးခဲ့သော ပေးနေဆဲ ဆရာကြီး ဆရာမကြီးများ ဆက်သွယ်ပေးကြပါရန်နှင့် ဖိတ်ကြားစာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ပြည်တွင်း၊ ပြည်ပရှိ ကျောင်းသား ကျောင်းသူဟောင်းများ စိတ်အားထက်သန်စွာ ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် မပျက်မကွက်တက်ရောက်ကြပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်** - ဆရာမ ဒေါ်ခင်မြိုင်(ငြိမ်း) ဖုန်း-၀၁-၆၆၃၉၃၂၊ ၀၉-၄၉၃၁၀၄၀၂၊ ဆရာဦးညိုစိန်ထွန်း ဖုန်း-၀၉-၄၄၈၀၃၈၁၀၉၊ ကိုမြင့်ဆန်းဦး ဖုန်း-၀၉-၄၄၈၀၃၈၁၁၀၊ ကိုဝင်းဆန်းထွေး ဖုန်း-၀၉-၇၃၀၆၇၁၀၅၊ ကိုရဲနိုင်ဝင်း ဖုန်း-၀၉-၄၄၈၅၃၃၇၆၄

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

## ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး လွှဲပြောင်းပေးအပ်

**တာချီလိတ် ဒီဇင်ဘာ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရုံး အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီ မိနစ် ၂၀ က ကျင်းပရာ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူး၊ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အလှူရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်ရပ်မိရပ်ဖ ဦးမောင်လေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး **(အပေါ်ပုံ)** ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားကာ မြို့နယ်အုပ်ချုပ်ရေး ဦးရဲထူးက ရပ်ကွက်ရုံးသစ်ကို ရပ်မိရပ်ဖဦးမောင်လေးထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့နောက် မြန်မာတိုးနယားကုမ္ပဏီဦးဂွန်ရီ (တာချီလိတ် မြို့နယ်မီးလင်းရေးကော်မတီ)က ရုံးသစ်ဆောက်လုပ်ရာတွင် အလှူငွေများထည့်ဝင်ခဲ့သော အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီးနောက် မကာဟိုခမ်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးစိုင်းခမ်းဟိန်းက ကျေးဇူးတင်စကားပြောကြားသည်။ အဆိုပါရုံးသစ်ကို မြန်မာတိုးနယားကုမ္ပဏီက မေ ၂၂ ရက်မှ စတင်ဆောက်လုပ်ခဲ့ပြီး နိုဝင်ဘာ ၁၅ရက်တွင်ပြီးဆုံးခဲ့ကြောင်းနှင့်စုစုပေါင်းကုန်ကျငွေကျပ်သိန်း၄၅၀ကုန်ကျခံဆောက်လုပ်ခဲ့ကြောင်းသိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

## ကျေးလက်စာကြည့်တိုက်များအတွက် သုတရသစာအုပ်များလှူဒါန်း

**ကောလင်း ဒီဇင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် စာရေးဆရာအသင်းကကြီးမှူး၍ ၁၃၇၅ ခုနှစ် စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ ကျေးလက်နေပြည်သူများ စာပေအသိဉာဏ် ပိုမိုမြင့်မားရေးအတွက် သုတရသစာအုပ်၊ ဂျာနယ်၊ သတင်းစာများ စုပေါင်းပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၁၅ ရက်က အသင်းရုံးခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုကော်မတီဝင် ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်မြင့်(မြင့်မြင့်ထွေး-ကောလင်း)နှင့် အဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်းပွဲတွင် မြန်မာနိုင်ငံစာရေးဆရာအသင်းဗဟိုကော်မတီဝင် ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)က အမှာစကားပြောကြားသည်။ ထို့နောက် အတွင်းရေးမှူးဦးပြည့်စုံငြိမ်း(ရွှေလင်းပြည့်စုံ)က စာအုပ်၊ ဂျာနယ်၊ သတင်းစာများပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်တို့ကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်းပွဲတွင် ကောလင်းမြို့ ခင်မို့မို့စာပေက သုတရသစာအုပ် ၅၀ နှင့် သတင်းစာ၊ ဂျာနယ်အစောင် ၂၀၀ ကိုလည်းကောင်း၊ ကြယ်စင်စာပေက သုတရသစာအုပ် ၃၀ နှင့် သတင်းစာ၊ ဂျာနယ်အစောင် ၁၀၀ ကိုလည်းကောင်း၊ ဦးတင်အောင်-ဒေါ်မြင့်မြင့်ဌေး(ရွှေကျီးသာစတိုး)ကသုတရသစာအုပ် ၃၀နှင့် သတင်းစာ၊ ဂျာနယ်အစောင် ၅၀ ကိုလည်းကောင်း၊ ဦးထွန်းဝင်း(ထွန်း လျှပ်စစ်ရောင်းဝယ်ရေး)က သုတရသစာအုပ် ၂၀ ကိုလည်းကောင်း၊ မန္တလေးမြို့ဦးထွန်းအောင်ကျော်-ဒေါ်ခင်ငွေက သုတရသစာအုပ် ၃၀ နှင့် သတင်းစာ၊ ဂျာနယ်အစောင် ၂၀၀ ကိုလည်းကောင်း၊ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက်နေ ဒေါ်နှင်းဝေက သုတရသစာအုပ် ၁၀၀၊ သတင်းစာ ဂျာနယ်အစောင် ၁၀၀ ကိုလည်းကောင်း၊ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်းနေ ဒေါ်ရင်ရင်လေးနှင့် ညီမဒေါ်စန်းစန်း တို့က သုတရသစာအုပ် ၁၂၀ တို့ကို စာရေးဆရာမ ဒေါ်အေးသီရိကျော် (အေးသီရိကျော်)သို့ လွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်မြင့်(မြင့်မြင့်ထွေး-ကောလင်း)က ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။ **(၀၉၂)**

## ကန့်ဘလူမြို့၌ စိုက်ပျိုးရေးနည်းပညာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ကန့်ဘလူ ဒီဇင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ ပိတောက်သီဂီခန်းမတွင် ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက စိုက်ပျိုးရေးနည်းပညာ အလုပ်ရုံဆွေးနွေးပွဲကျင်းပသည်။ အဆိုပါဆွေးနွေးပွဲကို ကန့်ဘလူမြို့ အေးမြစိုးဖောင်ဒေးရှင်းက သရက်၈၈ ၁၀၀၀ စီမံကိန်း၏အစီအစဉ်ဖြင့် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအား ခေတ်မီ စိုက်ပျိုးရေးနည်းလမ်းကောင်းများကို မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချရေး အသင်း (MFWP)၏ စီစဉ်မှုဖြင့် GPA စိုက်ပျိုးရေးနည်းပညာအလုပ်ရုံဆွေးနွေးပွဲ၌စိုက်ပျိုးရေးပညာရှင် ဒေါက်တာ သန်းသန်းစိန်နှင့်အဖွဲ့က အစားအစာအန္တရာယ်ကင်းရှင်းရေးကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ သီးနှံများ၏ အရည်အသွေးကဏ္ဍ၊ လုပ်သားများကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လူမှုဘဝကဏ္ဍများကိုလည်းကောင်း၊ ဒေသခံများကိုလည်း GAP စနစ်ကို ရရှိစေခြင်း၊ အခြားသီးနှံများကိုလည်း GAP စနစ်ဖြင့်စိုက်ပျိုးပါက နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်ရောင်းချနိုင်မည်ဖြစ်သည်။ တိုင်းပြည်အသီးသီးမှ ကျန်းမာရေးထိခိုက်မှု အန္တရာယ်အနည်းငယ်ကင်းရှင်းရေးကဏ္ဍ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ သီးနှံများ၏ အရည်အသွေးကဏ္ဍ၊ လုပ်သားများကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လူမှုဘဝကဏ္ဍများကိုလည်းကောင်း၊ ဒေသခံများကို GAP စနစ်ကိုရရှိစေခြင်း အခြားသီးနှံများကိုလည်း GAP စနစ်ဖြင့် စိုက်ပျိုးပါက နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်နိုင်မည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို တီထွင် ဆောင်ရွက်လာကြပြီဖြစ်ကြောင်း ဆွေးနွေးပွဲတက်ရောက်လာကြသူများ၏ မေးမြန်းမှုများကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးလွင်၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများ၊ ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးခြံပိုင်ရှင်များနှင့် အခြားစိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။ ယင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၃ ရက်မှ ၁၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဆွေးနွေးဟောပြောကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ်ပြန်/ဆက်)**

**တာပေမြင့်မှ လူမျိုးတင့်မည်**

## လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်း သက်ကြီးသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်း သက်ကြီးသင်တန်းကျောင်း၏ ၂၀၁၃-၂၀၁၄ခုနှစ် သက်မွေးမှု ပညာရပ်သင်တန်းများ၏ ဒုတိယ အပတ်စဉ် သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက်က ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ကျိုက်ဝိုင်းဘုရားလမ်းရှိ မသန်စွမ်းသက်ကြီး သင်တန်းကျောင်းစုဝေးခန်းမ၌ကျင်းပသည်။ သင်တန်းဆင်းပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းကျောင်းဌာန ငယ်များမှ ကျောင်းအုပ်များ၊ သင်တန်းနည်းပြများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုတို့မှ မသန်စွမ်း သင်တန်းသား သင်တန်းသူ ၃၈ ဦး တို့တက်ရောက်ကြသည်။ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး တွဲဖက်တိုင်းဦးစီးအရာရှိဦးဝင်းမောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ကာသင်တန်းအလိုက်ထူးချွန်သူများအားတာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် မသန်စွမ်းသင်တန်းကျောင်းအတွက် အလှူငွေကျပ် ၇၅၄၃၀၅ ကို သန်မြန်သူလုပ်ငန်းစု အသင်းဥက္ကဋ္ဌကပေးအပ်လှူဒါန်းရာ သင်တန်းကျောင်းအုပ်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ ရခိုင်ပြည်နယ်မှ သင်တန်းသူ မဇင်မာဝင်းက သင်တန်းသားများ ကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။ သင်တန်းကာလမှာ စက်တင်ဘာ၁၆ရက်မှ ဒီဇင်ဘာ ၁၂ ရက် အထိ သုံးလကြာမြင့်ပြီး အသက် ၁၈နှစ်မှ ၄၅ နှစ်အတွင်း ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် စက်ချုပ်၊ ဓာတ်ပုံ၊ ဆံသပိုးစာပုံနှိပ်နှင့်ကွန်ပျူတာသင်တန်း ငါးမျိုးတို့ဖြစ်သည်။ ၂၀၁၄ ဇန်နဝါရီ ၆ ရက်တွင် ၂၀၁၃/၂၀၁၄ ခုနှစ်၏ တတိယ အပတ်စဉ် သင်တန်းဖွင့် လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**


## ဆပ်ပြာစက်ရုံခွဲ(မကွေး)အား ငှားရမ်းရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ ဆပ်ပြာစက်ရုံခွဲ(မကွေး)အား လက်ရှိလုပ်ငန်းအပြင် အခြားစက်မှုလုပ်ငန်းများပါဆောင်ရွက်နိုင်ရေးအတွက် နှစ်ရှည်ငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၁၆-၁၂-၂၀၁၃ ရက် (တနင်္လာနေ့) - နံနက် ၉:၀၀ နာရီ

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၀-၁-၂၀၁၄ ရက် (သောကြာနေ့) ညနေ ၄:၀၀နာရီ

(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ် ၃၇၊ ဒုတိယဝန်ကြီး(၁)ရုံးခန်း၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၂။ စည်းကမ်းချက်များနှင့်တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုသိလိုပါက စုံစမ်းနိုင်ပါသည်။

**ပစ္စည်းစီမံရေးဌာန**
**ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)**
**စက်မှုဝန်ကြီးဌာန**
**ရုံးအမှတ် ၃၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၁၉၅၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆**



## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဖျာပုံခရိုင်တရားရုံး၌**
**၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၃၂**

ဦးထက်မြက်သူ(ဘ)ဦးမိုဟန်း အမှတ်(၉၅)၊ ခုနစ်လွှာ/ဘီ၊ ကုန္တာသယလမ်း၊ပုသိမ်ညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **နှင့်** ၁။ ဒေါ်နွဲ့(ခ)ဒေါ်တင်နွဲ့ (ဘ)ဦးခင်မောင် အမှတ် ၅၄၊ဒုတိယလမ်း၊(၅)ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး။ ၂။ ဒေါ်မြင့်မြင့်သန်း (ဘ) ဦးမောင်စိန် အမှတ် ၆၊ ၅လမ်း၊ (၆)ရပ်ကွက်၊ ဖျာပုံမြို့။ (ယခုလိပ်စာမသိ)

**တရားလို** **တရားပြိုင်များ**

ဖျာပုံမြို့နယ်၊ ၅လမ်း၊ (၆)ရပ်ကွက်၊ အမှတ် ၆နေ၊ (၂) တရားပြိုင်ဒေါ်မြင့်မြင့်သန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်ကြည်က တရားလိုသည် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့၊ (၆)ရပ်ကွက်၊ ၅လမ်း၊ အကွက်အမှတ်(B-4)၊ ရွာလည်ကျောင်းရပ်၊ဦးပိုင်အမှတ် ၂၊ အလျား×အနံပေ(၅၀×၇၀) စတုရန်းပေ ၃၅၀၀၊ ဧရိယာ ၀ဒသမ ၀၈၀ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံအပါအဝင်သီးပင်သစ်ပင် စသည်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၆၃အရ ပိုင်ဆိုင်ကြောင်း မြွက်ဟကြော်ငြာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊သို့တည်းမဟုတ်၄င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၀ရက် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၃ရက်) မွန်းမတည့်မီအချိန်အတွင်း အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာ ရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအဆိုပြုလိုသည့် စာချုပ် စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးပေးလိုက်သည်။

**(မေလေးညို)**
**ခရိုင်တရားသူကြီး**



**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**
**ကုန်းလမ်းပို့ဆောင်ရေး**
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်အတွင်းရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးပိုင် ရှေ့တန်းစခန်း ပုသိမ်(ကန်ကြီးထောင့်) မြေနေရာအနက်မှ အကျယ်အဝန်းပေ(၅၀၀×၂၀၀) ၂ဒသမ ၂၉၀ဧကအား သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့်ဆက်စပ်သောလုပ်ငန်းများ ဆောင်ရွက်ရန် နှစ်ရှည်မြေငှားရမ်းလိုပါသဖြင့် ပြည်တွင်းရှိ နိုင်ငံသားလုပ်ငန်းရှင်များသို့ အိတ်ဖွင့် တင်ဒါသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါသွင်းရမည့်ရက်/အချိန်** - ၂၃-၁-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက် ၉:၀၀ နာရီမှ ၁၂:၀၀ နာရီအထိ

**တင်ဒါစိစစ်မည့်နေရာ** - ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၂၃-၁-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ရှေ့တန်းစခန်း(ကန်ကြီးထောင့်)ရုံးတွင် ၁၈-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

(ပြန်ကြားရေးဝန်ကြီးဌာန Web Media Portal တွင်လည်း သတင်းဝင်ရောက် ကြည့်ရှုနိုင်ပါသည်။)

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**



## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း(၃)၊ မြေကွက်/ဦးပိုင်အမှတ် ၁၅၆၇၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဒေါ်အေးငွေ အမည်ဖြင့်ပိုင်ဆိုင်သော မြေငှားဂရန်မြေကွက်အား ဦးစိုးညွန့် ၁/မကန(နိုင်)၀၃၆၈၅၀ (ဘ) ဦးအုံးမောင်ကပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အငှားဂရန်အမည်ပြောင်း၊ သက်တမ်းတိုးလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း(၃)၊ မြေကွက်/ဦးပိုင်အမှတ် ၁၅၆၈၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ ဦးအေးသိန်း အမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးစိုးညွန့် ၁/မကန(နိုင်)၀၃၆၈၅၀ (ဘ) ဦးအုံးမောင်ကပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဂရန်အမည်ပြောင်း၊သက်တမ်းတိုး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

## တာချီလိတ်၌ ဘိန်းဖြူမှုန့်များ သိမ်းဆည်းရမိ

**တာချီလိတ် ဒီဇင်ဘာ ၁၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအနီး တာချီလိတ်-မိုင်းဆတ်သွား ကားလမ်းမပေါ်တွင် ဒီဇင်ဘာ ၁၄ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က မူးယစ်တပ်ဖွဲ့စု (၁၀)တာချီလိတ်မှ ရဲအုပ် ရဲဝင်းထွန်း ဦးစီးပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တာချီလိတ်မြို့နယ် လွတ်တော်ခမ်းကျေးရွာအနီး လမ်းလျှောက်လာသည့် အားကျုံးကို စစ်ဆေးရှာဖွေရာ ဘိန်းဖြူမှုန့်အလေးချိန် ၀ ဒသမ ၅ ဂရမ်စီပါ နှစ်ဘူး စုစုပေါင်း အလေးချိန် တစ်ဂရမ်၊ ကာလတန်ဖိုး ငွေကျပ် ၁၆၀၀၀ ခန့်ကို ရှာဖွေတွေ့ရှိသဖြင့် အားကျုံး (၃၄နှစ်) (၁၂) ရပ်ကွက် တရုတ်ခိုလောင်း လားရှိုးမြို့နေသူအပေါ် တာချီလိတ်မြို့မရဲစခန်းက အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

အလားတူ ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီက မူးယစ်တပ်ဖွဲ့ (၁၀) တာချီလိတ်မှ ရဲအုပ် ရဲဝင်းထွန်း ဦးစီးအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်း စစ်ဆေးရေးဂိတ်အနီး ချောင်းကူးတံတားတွင်မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် ပါကွေ့ရွာဘက်မှ တာချီလိတ်ဘက်သို့ လီယို(ခ)အိုက်ကန်း မောင်းနှင်လာသည့် ၁၅ယ/--- နံပါတ်ပါ ဟွန်ဒါကလစ် အမျိုးအစား အဖြူ/နက်ကြားရောင် မော်တော်ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ ဘိန်းဖြူမှုန့်အလေးချိန် ၆ ဒသမ ၅ ဂရမ်၊ ကာလတန်ဖိုး ငွေကျပ် ၁၀၄၀၀၀ ခန့်ကို ရှာဖွေတွေ့ရှိသဖြင့် လီယို(ခ) အိုက်ကန်း (၄၂ နှစ်) ပါလျှံ(၁)ရပ်ကွက်၊ တာချီလိတ်မြို့နေထိုင်သူကို တာချီလိတ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(လ/၀၁၅)

## ညောင်လေးပင်မြို့နယ် ပုဇွန်မြောင်းစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

**ပဲခူး ဒီဇင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပုဇွန်မြောင်းစံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၈ နာရီက အဆိုပါကျေးရွာမုခ်ဦးရှေ့၌ကျင်းပရာ အခမ်းအနားတွင် ရှေးဦးစွာ မဒေါက်မြို့ ပန်းငွေရုံတောရဆရာတော် ပုဇွန်မြောင်းစံပြကျေးရွာ ကံမြင့် ကျောင်းတိုက်ဆရာတော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးမြင့်၊ ပဲခူးတိုင်းဒေသကြီးလျှပ်စစ်ဝန်ကြီး ဦးဘေဘီအုန်း၊ ဒုတိယတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာမှူး ဦးဝင်းမြင့်၊ အလှူရှင်များဖြစ်ကြသော ရန်ကုန်မြို့နေ ဗိုလ်မှူးကျော်မြင့် (ငြိမ်း)နှင့် ဦးဝင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟံစိုး၊ ပုဇွန်မြောင်းစံပြကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်မျိုး၊ မီးလင်းရေး ကော်မတီဥက္ကဋ္ဌ ဆရာကြီး ဦးကျော်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ပဲခူးတိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီး ဦးဘေဘီအုန်းက အမှာစကားပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်မျိုးက ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ ပုဇွန်မြောင်းစံပြကျေးရွာ မီးလင်းရေး ကော်မတီဘဏ္ဍာရေးမှူး ဦးအောင်ဌေးက မီးလင်းရေးလုပ်ငန်းအတွက် ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ကြားရှင်းလင်းပြီး မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဆရာကြီးဦးကျော်လှိုင်က မီးလင်းရေးလုပ်ငန်းဆောင်ရွက်ခဲ့ပုံအဆင့်ဆင့်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီး လျှပ်စစ်ဝန်ကြီး ဦးဘေဘီအုန်းက အမှာစကားပြောကြားသည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးလုပ်ငန်းကို ၁၁ ကေဗွီလိုင်း အရှည်ပေ ၇၀၅၀၊ ၁၁ / ၀ ဒသမ ၄ ကေဗွီအေ ထရန်စဖော်မာနှစ်လုံးနှင့် ၄၀၀ ဗို့လိုင်း ၂၃၄၁၀ အရှည်ပေရှိပြီး ငွေကျပ် ၁၀၄၈၀၅၇၀၀ အကုန်အကျခံကာ ဆောင်ရွက်ခဲ့သည်။ ကျေးရွာအတွင်း အိမ်သုံးမီတာ ၂၅၄ လုံးမီးသုံးစွဲနိုင်ခဲ့သလို ကျေးရွာအတွင်း မီးလင်းနိုင်ခဲ့ပြီဖြစ်၍ ဒေသခံပြည်သူများ ဝမ်းသာလျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## ရဲဘက်ပြေး တစ်ဦး ဖမ်းဆီးရမိ

**ကံမ ဒီဇင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့တွင် မြို့မရဲစခန်း၏ (ပ)၅၉/၂၀၁၀ ပြစ်မှု ပုဒ်မ ၄၂၀ ဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ငါးနှစ်၊ (ပ) ၆၀/၂၀၁၀ ပြစ်မှုပုဒ်မ ၄၂၀ ဖြင့် အလုပ်ကြမ်းနှင့်ထောင်ဒဏ်ငါးနှစ် စုစုပေါင်းထောင်ဒဏ် ၁၀ နှစ်ကို ဖေဖော်ဝါရီ ၁၇ ရက်၂၀၁၁ ခုနှစ်တွင် ပူးတွဲကျခံရသော တရားခံတင်ရွှေ(၅၃နှစ်)သည် သရက်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေရာက ရဲဘက်စခန်းမှ ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီး ကံမမြို့ အမှတ်(၂) ရပ်ကွက် ကျောင်းကုန်းရပ်ရှိ ၎င်း၏နေအိမ်တွင် နေထိုင်နေစဉ် မြို့မရဲစခန်းမှ ရဲအုပ်ထွန်းစံအောင်နှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲက ဖမ်းဆီးရမိခဲ့သည်။ အဆိုပါ တရားခံကို သရက်မြို့ အကျဉ်းထောင်သို့ ဆက်လက်ပို့ဆောင်အပ်နှံခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဖခင်၏ ဆိုဆုံးမမှုကိုမကျေနပ်၍ သားဖြစ်သူက ဓားဖြင့်ခုတ်

**တောင်တွင်းကြီး ဒီဇင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကုက္ကိုကုန်းရဲစခန်းပိုင်နယ်မြေတွင် သားဖြစ်သူက ဖခင်ဖြစ်သူကို လယ်ယာသုံးဓားမဖြင့်ခုတ်သတ်မှုဖြစ်ပွားကြောင်း သိရသည်။

ဒီဇင်ဘာ ၁၅ ရက် နံနက် ၆ နာရီခန့်က တောင်တွင်းကြီးမြို့နယ် ကုက္ကိုကုန်းနယ်မြေရဲစခန်းပိုင် ရဲစခန်းအနောက်တောင်ဘက် ခြောက်မိုင်ခန့်အကွာကြို့ချောင်းအလယ်စုရွာနေ မတင်တင်မြင့်(၁၈ နှစ်) တောင်သူလုပ်ကိုင်သူသည် ဖခင်ဖြစ်သူ ဦးအောင်သာနှင့်အတူ မီးလှုံနေစဉ် တစ်ဝိုင်းတည်း အိမ်တောင်ဘက်ကပ်လျက်ရှိ နေအိမ်တွင် တစ်ဦးတည်းနေထိုင်သော အစ်ကိုအရင်းဖြစ်သူ ကိုမြင့်ဇော်(၃၇ နှစ်)သည် ဖခင်၏ဆိုဆုံးမမှုတို့ကိုမကျေနပ်၍ နေအိမ်ပေါ်မှ ဆင်းလာပြီး လက်ထဲ၌အသင့်ပါလာသော ဝါးရိုးတပ် အရိုး အသွား ၂၂ လက်မရှိ တောင်သူသုံးဓားမဖြင့် ဖခင်ဖြစ်သူကိုခုတ်ရာ စိုးရိမ်ဒဏ်ရာများ ရရှိသဖြင့် သမီးဖြစ်သူမတင်တင်မြင့်က ပတ်ဝန်းကျင်အား အော်ဟစ်အကူအညီ တောင်းခံရာ အိမ်နီးချင်းများရောက်ရှိလာစဉ် မြင့်ဇော်မှာ အခင်းဖြစ်နေရာမှ ထွက်သွားခဲ့သည်။

ဒဏ်ရာရရှိသူဖခင်အား ကုက္ကိုကုန်းတိုက်နယ်ဆေးရုံသို့ပို့ဆောင်ခဲ့သည်။ ထို့နောက် ဖခင်ဖြစ်သူအား နာကျင်ဒဏ်ရာရရှိအောင် ဓားဖြင့်ခုတ်သူကို ဥပဒေအရ အရေးယူပေးပါရန် သမီးဖြစ်သူ မတင်တင်မြင့်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် ကုက္ကိုကုန်းရဲစခန်းက အမှုဖွင့်၍ ဒုရဲအုပ်နိုင်ထူးက စစ်ဆေးနေစဉ် ဓားဖြင့်ခုတ်ခံရသူ ဦးအောင်သာမှာ ယင်းနေ့ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရရှိဒဏ်ရာများဖြင့် ကုက္ကိုကုန်းတိုက်နယ်ဆေးရုံ၌ သေဆုံးသွားခဲ့သည်။ အမှုစစ်စခန်းမှူးရဲအုပ်ဝင်းဌေးက အမှုကို ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိပြီး သက်ဆိုင်ရာတရားရုံးသို့ အမြန်တရားစွဲတင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟသ်ာ(တောင်တွင်းကြီး)**

## ရွှေ့ပြောင်းသယ်ဆောင်လာသော ရွှေကျင်းသုံးဆက်စပ်ပစ္စည်းများ သယ်ဆောင်လာသည့် ထော်လာဂျီယာဉ် တိမ်းမှောက်မှုဖြစ်ပွား

**မော်လူး ဒီဇင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ ညောင်ပင်ဆိပ်ကျေးရွာအနီး သစ်ထုတ်လုပ်ရေးတောင်ကျကွေ့တွင် ရွှေကျင်းသိမ်းရွှေ့ပြောင်းရာမှအပြန် ရွှေကျင်းသုံးပိုက်နှင့် ဆက်စပ်ပစ္စည်းများ သယ်ဆောင်လာသော ထော်လာဂျီ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**အရှိန်မထိန်းနိုင်**

အခင်းဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၃ ရက် နံနက် ၉ နာရီခွဲက အင်းတော်မြို့နယ် ကုန်းခါးကျေးရွာအုပ်စု ညောင်ပင်ဆိပ်ကျေးရွာအနောက်ဘက် နှစ်မိုင်ခန့်အကွာ မိုမင်တန်သစ်ထုတ်လုပ်ရေးကားလမ်း တောင်ကျကွေ့တွင် မံထုံ ရွာဘက်မှ ညောင်ပင်ဆိပ်ကျေးရွာဘက်သို့ ရွှေတွင်းသုံးပိုက်နှင့် ဆက်စပ်ပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်အမှတ်/... လန့်ကျင် အမျိုးအစား ထော်လာဂျီသည် တောင်အဆင်းတွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ တိမ်းမှောက်သွားသဖြင့် ယာဉ်ပေါ်လိုက်ပါလာသူ တင်လှိုင်(၄၆ နှစ်) နန့်စီးအောင်ရွာ ပင်လုံကျေးရွာအုပ်စု မိုးညှင်းမြို့နယ်နေသူမှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မော်လူးရဲစခန်းက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၁၄၉)**


## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**မြဝတီခရိုင်တရားမရုံးတော်၌**
**၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ်-၁၂**

ဒေါ်မိငွေခိုင် **နှင့်** ဒေါ်အေးအေးသိမ့်(ခ) ဒေါ်မိငယ်

**တရားနိုင်** **တရားရှုံး**

မြဝတီခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၈/၂၀၁၂ အမှုတွင်ရရှိခဲ့ သော အနိုင်ဒီကရီအရ တရားရှုံးပိုင် အောက်ဖော်ပြပါမရွှေ့မပြောင်းနိုင်သောပစ္စည်းကို မျက်မြင်အခြေအနေအတိုင်း၂၀၁၄ ခုနှစ် ဇန်နဝါရီ၂၃ရက် (၁၃၇၅ခုနှစ် ပြာသိုလပြည့်ကျော် ၈ ရက်)နံနက် ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာနေရာ၌ လေလံတင်ရောင်းချလိမ့်မည်။ ရောင်းချရာတွင် အများပြည်သူတို့က ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း လေလံတင်ဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

မြဝတီမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အကွက်အမှတ်(၉)၊ မင်းလမ်းမတောင်၊ ဦးပိုင်အမှတ်(၉၇)၊ မြေကွက်အမှတ်(၄၃၇)၊ ဧရိယာ ၀ဒသမ ၀၅၆ ဧကရှိ ဂရန်ရှိမြေမှ မျက်နှာစာအကျယ်ပေ ၄၀ မျက်နှာစာမှ နောက်ဘက်သို့ ပေ(၃၀)အကျယ်ရှိ မြေနှင့်ထိုမြေပေါ်တွင် ဆောက်လုပ် ထားသော အာရ်စီတစ်ထပ်တိုက် (ဆောက်လုပ်ဆဲ)အဆောက်အအုံ။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၁၀၀(ကျပ်သိန်းတစ်ထောင့်တစ်ရာတိတိ)။**

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်ဘက်က တရားရုံးတော်သို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းကွဲလွဲချက်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချရာတွင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲ ဝယ်သူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုကဲ့သို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလလံတင်ရောင်းချခြင်းကို ရောင်းချသူအရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့် ရှိသည်။
၆။ လေလံကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက် မြောက်သောနေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ရက်မြောက်သောနေ့တွင် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်ပြန်၍လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသော လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးလိုက်သည်။

**(ဖြိုးဖြိုး)**
**ခရိုင်တရားသူကြီး**
**မြဝတီခရိုင်တရားရုံး**



## လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားလွှာ

လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၃ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ထူးချွန်ဆုပေးပွဲကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ရာ အသက်(၈၀)နှင့်အထက် သက်ကြီးအသင်းဝင်များ၊ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဂုဏ်ထူးရအသင်းဝင် သားသမီးများသည် ၃၁-၁၂-၂၀၁၃ ခုနှစ် နောက်ဆုံးထား၍ အထောက်အထားများဖြင့် စာရင်းပေးသွင်းနိုင်ပြီး ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်အစီအစဉ်-**

| | |
|---|---|
| **နေ့ရက်** | - ၅-၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့) |
| **အချိန်** | - မွန်းလွဲ ၁း၀၀ နာရီ |
| **နေရာ** | - အောင်ဆန်းတောရတပ်ဦးကျောင်းတိုက် (မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ-၇၇) စဉ့်ဂူရပ်၊ အင်းစိန် |
| **ဆက်သွယ်ရန်** | **- ဦးတင်စိုး ဖုန်း-၀၁-၅၂၆၀၀၆၊ ဦးကြီးမြင့် ဖုန်း-၀၉-၅၀၈၀၈၅၅၊** |
| | **- ဦးနေဝင်း ဖုန်း-၀၁-၃၇၁၃၆၆၊ ဦးကျော်မြင့် ဖုန်း-၀၉-၅၄၀၁၀၉၆** |
| | **- ဦးမြင့်ဝေဖုန်း-၀၁-၆၈၉၅၇၅၊ဦးသိန်းဝင်း ဖုန်း-၀၉-၄၂၀၀၉၆၉၂၀** |



## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံ(၁)ရာထူးဝင်သင်တန်း

မြန်မာနိုင်ငံ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်းက ကြီးမှူး၍ စီမံ(၁)ရာထူးဝင်သင်တန်းကို အောက်ပါအတိုင်း ဖွင့်လှစ်မည်။

| | | |
|---|---|---|
| (က) | **စာရင်းပေးသွင်းရန်ကာလ** | - ၂၃-၁၂-၂၀၁၃ ရက်မှ ၂၈-၁၂-၂၀၁၃ရက်အထိ (နေ့စဉ် ၀၉း၀၀ နာရီမှ ၁၅း၀၀ နာရီအထိ) |
| (ခ) | **သင်တန်းဖွင့်လှစ်မည့်ရက်** | - ၁-၁-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) |
| (ဂ) | **သင်တန်းဖွင့်လှစ်မည့်နေရာ ဆက်သွယ်ရန်လိပ်စာ** | -အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဓမ္မာရုံ အမှတ် ၃၁၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ် |
| (ဃ) | **ဆက်သွယ်ရန်ဖုန်း** | **- ဖုန်း-၀၉-၅၁၅၂၈၂၉၊ ၀၉-၇၃၁၇၉၆၄၉** |



## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အနော်မာ၊ မြေကွက်အမှတ် ၂၃၈၊ မြေကွက်တည်နေရာအမှတ်၂၃၈/က၊ အနော်မာ ၆လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ် ဦးကျော်စိုးအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးကျော်စိုး(ဖခင်)နှင့် ဒေါ်တင်အေး(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော (၁)ဦးကျော်မြင့် ၁၂/သကတ(နိုင်)၁၀၆၉၈၇၊ (၂)ဒေါ်မာမာဝင်း၁၂/သကတ(နိုင်)၁၁၆၀၅၂၊(၃)ဒေါ်လှလှဝင်း၁၂/သကတ(နိုင်)၀၂၀၁၃၊(၄)ဒေါ်သန်းသန်းဝင်း၁၂/သကတ(နိုင်)၁၁၇၅၂၀၊(၅)ဒေါ်စိုးစိုးဝင်း ၁၂/သကတ(နိုင်)၀၄၈၆၂၆၊ (၆)ဦးကျော်ကျော်၁၂/သကတ(နိုင်)၀၁၆၉၇၈ တို့ကသေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း အထက်ရပ်ကွက်၊ သုဓမ္မာလမ်း၊ တိုက်အမှတ် ၁၂၊ ငါးလွှာ (ခြေရင်းခန်း)၊ ၁၂½ပေ×ပေ၅၀ရှိ တိုက်ခန်းကို တရားဝင်ပိုင်ဆိုင်သူ ဒေါ်သန်းသန်းမြင့် ၁၂/မဂတ(နိုင်)၀၄၀၆၅၁ထံမှ ကျွန်မဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း ကျွန်မထံသို့ စာချုပ်စာတမ်းအထောက်အထားနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ဒေါ်မလှဖြူ
ဖုန်း-၀၉-၇၃၁၉၇၇၄၂

# ပင်လယ်နှင့် မြစ်ချောင်းအင်းအိုင်ငါးများ လှိုင်လှိုင်ဝင် မွေးမြူရေးကန်ငါးများ ဈေးနှုန်းကျဆင်း

သတင်း - အဝယ်တော်ဖိုးထော်၊ ဓာတ်ပုံ - ကိုကြီးတင်

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ဈေးများအတွင်း မွေးမြူရေးကန်ငါးများဖြစ်သည့် ငါးကြင်း၊ ငါးမြစ်ချင်း၊ တီလားပီးယားငါးများထက် မြစ်ချောင်း၊ အင်းအိုင်များ၌ သဘာဝပေါက်ပွားလေ့ရှိသောငါးရံ့၊ ငါးကျည်း၊ ငါးခူ စသော ငါးများ၊ ပင်လယ်ပုစွန်နှင့် ငါးမျိုးစုံကို လှိုင်လှိုင် တွေ့လာရပြီ ဖြစ်သည်။ ဈေးနှုန်းအားဖြင့်လည်း ပြီးခဲ့သောလများထက် ပိုမိုကျဆင်းလာခဲ့သည်ကို တွေ့ရသည်။

ပင်လယ်ငါးဖမ်းလုပ်ငန်းလုပ်သားခေါင်းဆောင် တစ်ဦးဖြစ်သည့် ကိုဝင်းမင်းက "ဒီနှစ် အခုလငါးဖမ်းရာသီက ငါးအရ ပိုများလာတယ်၊ ငါးသလောက်နဲ့ အခြားငါးတွေက ပိဿာရာချီရနေတယ်"ဟု သတင်းအဖွဲ့၏ အမေးစကားကို ဖြေကြားသည်။

ငွေပယ်လယ်ကုမ္ပဏီသို့ မွေးမြူရေးငါးများဖြစ်သည့် ငါးမြစ်ချင်း၊ ငါးကြင်းများတင်သွင်းနေသူ ကြည့်မြင်တိုင်မှ ကိုကံထူးက "ကုမ္ပဏီကိုသွင်းရတဲ့ဈေးတွေက အတော့်ကိုကျလာတယ်။ ဒီအပတ်ထဲမှာဆို ငါးမြစ်ချင်းက R 24 up လို့ခေါ်တဲ့ ၁ပိဿာ၅၀ကျပ်သားခန့်ကငွေကျပ် ၂၃၅၀၊ R 2 upလို့ခေါ်တဲ့ ၁ပိဿာ ၆၀ ကျပ်သား ကျော်ကျော်ခန့်က ငွေကျပ် ၂၄၅၀၊ R 3 upလို့ ခေါ်တဲ့ ၂ပိဿာ၂၀ကျပ်သားခန့်က ငွေကျပ် ၃၀၀၀၊R 4 upလို့ခေါ်တဲ့ ၃ပိဿာ ၃၀ကျပ်သားခန့်က ငွေကျပ်၃၁၀၀ လောက်ပဲရှိတယ်။ ငါးကြင်းအနေနဲ့ M 1 up လို့ခေါ်တဲ့ ၁ ပိဿာခန့် အကောင်က ၃၂၀၀၊ M 2 up လို့ခေါ်တဲ့ ၁ ပိဿာ ၅၀ကျပ်သား အကောင်လောက်က ငွေကျပ် ၃၆၀၀၊ M 3 upလို့ခေါ်တဲ့ ၂ပိဿာ ကောင်လောက်က ငွေကျပ် ၃၈၀၀၊ M 4 upလို့ခေါ်တဲ့ ၃ပိဿာကောင်လောက်က ငွေကျပ် ၄၀၀၀၊ ပြီးခဲ့တဲ့လတွေကထက် ငါးကြင်း၊ငါးမြစ်ချင်း ကုမ္ပဏီပေါက်ဈေးက တစ်ဆိုက်ကို ငွေကျပ် ၃၅၀ ကနေ ကျပ် ၅၀၀ လောက်အထိ ပြုတ်ကျနေတယ်"ဟု ဆိုပါသည်။

ပြည်ပပို့ကုမ္ပဏီများ အနေဖြင့်လည်း ပင်လယ်ငါးသလောက်များကိုသာ ဦးစားပေးဝယ်ယူလျက်ရှိပြီး ပြည်တွင်းမွေးမြူရေးကန်များ အဝယ်တန့်လျက်ရှိနေကြောင်း သိရသည်။

တွံတေးငါးကန်များ လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ကိုနိုင်ဝင်းက "အခုဆို ပင်လယ်ငါး အဝယ်လိုက်နေတဲ့အတွက် မွေးမြူရေးငါး အသွင်းတန့်နေတယ်။ အစာဈေးကတော့ ပုံမှန်အတိုင်းပါပဲ။ ဖွဲ့တစ်ပိဿာကို ၁၁၈ ကျပ်လောက်ရှိတယ်" ဟု ဆိုသည်။

ဗဟိုစံပြငါးဈေးအတွင်း ရောင်းချနေသည့် ငါးခြစ်သားအရွယ် ငါးမြစ်ချင်း၃၀ကျပ်သားခန့်မှ ၅၀ ကျပ်သားခန့် တစ်ပိဿာလျှင် ကျပ် ၂၀၀၀မှ၁၈၀၀ဈေးအထိ ကျဆင်းနေကြောင်း လေ့လာတွေ့ရှိရသည်။

ထီးတန်းဈေးအတွင်းမှ အိမ်ရှင်မတစ်ဦးက"ငါးမြစ်ချင်း၊ငါးကြင်းတွေ ဈေးကျလာတယ်ဆိုပေမယ့်ဒီရာသီက သဘာဝငါးဖြစ်တဲ့ ငါးရံ့၊ ငါးခူ၊ ငါးကျည်းပေါတဲ့လလေ၊ဈေးကလည်း အများကြီးကျလာတယ်။ ဒါကြောင့် အခုလိုအချိန်မှာငါးမြစ်ချင်း၊ငါးကြင်းတွေဘက်မလှည့်သေးဘူး"ဟုဆိုသည်ကိုပြည်တွင်းငါးဈေးသတင်းတစ်ပုဒ်အဖြစ် ဖော်ပြလိုက်ရပါသည်။ ။

## စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြော

**လားရှိုး ဒီဇင်ဘာ ၁၇**

လားရှိုးမြို့နယ် စာရေးဆရာအသင်းနှင့် စာပေမြတ်နိုးသူများအဖွဲ့ ပူးပေါင်းစီစဉ်ကျင်းပသောစာဆိုတော်နေ့အခမ်းအနားကိုလားရှိုးမြို့မြို့တော်ခန်းမတွင် ဒီဇင်ဘာ ၁၄ရက် ညနေ ၃ နာရီက ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် လားရှိုးမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌကောင်းညွန့်ဝေ (ရေစကြို)က နှုတ်ခွန်းဆက်စကားပြောကြားပြီး အမှုဆောင် နေမျိုးနွယ်က မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)မှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် အဖွဲ့ဝင် ကျော်လင်းထွန်း (ချောင်းဦး)က အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးသူများအား ကျေးဇူးတင်စကား ပြောကြားသည်။

စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် စာအုပ်ဈေးရောင်းပွဲတော်ပြုလုပ်ခဲ့ပြီး ဒီဇင်ဘာ၁၄ရက်က စာရေးဆရာ လင်းသိုက်ညွန့်(မြန်မာ့မြေ)က အောင်မြင်သောနိုင်ငံ၊အောင်မြင်သောလူမျိုး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒီဇင်ဘာ၁၅ရက်က စာရေးဆရာမဂျူးက ရသစာပေများ ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြကြောင်း သိရသည်။ **နေမျိုးနွယ်**

## ဒိုက်ဦး၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းပညာပေးဟောပြော

**ဒိုက်ဦး ဒီဇင်ဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ အမှတ်(၇)စက်ကွင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲ၁နာရီကကျင်းပရာ မြို့နယ်သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး မြို့နယ်လဝကဦးစီးအရာရှိ ဦးဇော်နိုင်မင်း၊ ရပ်ကွက်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦး၊ ရပ်ကွက်သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး မြို့နယ်လက်ထောက်လဝကမှူးဦးကျော်ကျော်လင်းနှင့် ရပ်မိရပ်ဖ စုစုပေါင်း ၇၅ ဦးခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး မြို့နယ်လဝကဦးစီးအရာရှိဦးဇော်နိုင်မင်းနှင့် ရပ်ကွက်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး မြို့နယ်လက်ထောက်လဝကမှူးဦးကျော်ကျော်လင်းတို့က ၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာအကြောင်းများကို အသေးစိတ်ရှင်းလင်းပြောကြားကြောင်း သိရသည်။ **ကျော်ကျော်(ဒိုက်ဦး)**

## သုံးခွမြို့တွင် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုး လုပ်ဆောင်ပေး

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင် (သန်လျင်) ကညနမှ ဝန်ထမ်းများသည် ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီမှစ၍ သုံးခွမြို့အားကစားခန်းမဆောင်၌ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းများကို ပြုလုပ်ပေးခဲ့သည်။

ထို့ပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသိရှိနားလည် သဘောပေါက်စေရန်နှင့် ယာဉ်တိုက်မှုလျော့နည်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမများ မသုံးရ**

## မာလာတင်
## အမျိုးသမီးကိုယ်ကာယအလှသင်တန်း

| | |
|---|---|
| စာရင်းလက်ခံပြီ | လူဦးရေကန့်သတ်သည် |
| ၂-၁-၂၀၁၄ ရက်စမည် | အမှတ် ၂၉၇၊ အခန်း ၆၊ |
| စုံစမ်းချိန်-နံနက် ၉ နာရီ | မဟာဗန္ဓုလပန်းခြံလမ်း၊ |
| မှ | ရန်ကုန်မြို့၊ |
| ညနေ ၃ နာရီအတွင်း | ဖုန်း-၃၈၄၉၂၄၊ ၃၇၉၇၃၅ |

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်/ဦးပိုင်အမှတ် ၁၅၇၀၊ ဧရိယာ ဝဒသမ ဝ၅၅ဧကရှိ ဦးသောင်းအမည်ဖြင့် ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဦးစိုးညွန့် ၁/မကန(နိုင်) ဝ၃၆၈၅ဝ(ဘ) ဦးအုံးမောင်က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်အမည်ပြောင်းသက်တမ်းတိုး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

**ကန့်ကွက်နိုင်ပါကြောင်း**

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ ပေါင်းလောင်း ၃၊ မြေကွက်/ဦးပိုင်အမှတ် ၁၅၀၉၊ ဧရိယာ ဝ ဒသမ ဝ၅၅ ဧကရှိ ဦးဝင်းညွန့် အမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဒေါ်မိုးမိုးညွန့် ၉/မရမ(နိုင်)ဝ၁၄၉၅ဝ (ဘ)ဦးမောင်မောင်ညွန့်ကပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အငှားဂရန်အမည်ပြောင်းသက်တမ်းတိုး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ သံသုမာလမ်း၊အမှတ်၂၆၆(ခ)ဂရန်အမည်ပေါက် ဒေါ်လှလှကြည်၊ မြေကွက်အကျယ်အဝန်းပေ (၁၀×၆၀)မြေကွက်နှင့်ယင်း မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လှအေးမေက ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မှဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် လူကိုယ်တိုင်ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**မမြင့်မြင့်မော်**
**L.1, ရွှေပုန်းညက်ရိပ်မွန်၊ ရွှေပုန်းညက်လမ်း၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၈၇၀၁၀၆၀၊ ၀၉-၂၅၀၄၃၁၆၁၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်- တောင်ပိုင်း၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ မြေကွက်အမှတ် ၅၈၇၊ ဧရိယာ ဝ ဒသမ ဝ၅၅ ဧကရှိ အမှတ် ၅၈၇၊ စည်ပင်လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၏ အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးစိုင်းဆန်လတ် ၁၃/လလန(နိုင်)၀၇၁၆၂၅ က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစိုးမင်းထိုက်** | **ဦးကျော်ဇေယျ** |
| **အထက်တန်းရှေ့နေ(စဉ်-၄၀၃၂၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၁၂၁)** |
| **ဖုန်း-၀၉-၄၂၀၁၇၇၆၈၅** | **ဖုန်း-၀၉-၅၀၀၇၈၄၉** |

**ဘီ-၁၊ အမှတ် ၁၀/၁၂၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ဦးခင်အောင်အောင်နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ခင်မြင့်၁၄/ပသရ(နိုင်)၀၄၂၈၈၉၊မင်္ဂလာဒုံမြို့နယ်၊ရန်ကုန်မြို့နေသူ၏ တရားဝင်လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ခင်မြင့် ၁၄/ပသန(နိုင်)၀၄၂၈၈၉နှင့် ဦးခင်အောင်အောင် ၁၂/ဒဂန(နိုင်)၀၁၀၄၃၄ တို့သည် အကြင်လင်မယားအဖြစ် ၁၉၉၀ခုနှစ်ကတည်းက ပေါင်းသင်းလာရာ သားသမီးလေးဦးထွန်းကားခဲ့ပါသည်။ ယခုအခါ ၎င်းသည် ကျွန်ုပ်တို့၏မိတ်ဆွေနှင့် သားသမီးများအား လုပ်ကိုင်ကျွေးမွေးခြင်း၊ တာဝန်ယူခြင်းမပြုတော့သည့်အပြင် ကျွန်ုပ်တို့၏မိတ်ဆွေအား ညှဉ်းပန်းနှိပ်စက်၍ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေနှင့် ဦးခင်အောင်အောင်တို့သည် ဤကြေညာသည့်ရက်မှစ၍ ခင်ပွန်းအဖြစ်မှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စရပ်များအားလုံး ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူဒေါ်ခင်ခင်မြင့်နှင့် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မြတ်အိဖြူ LL.B; L.L.M; D.B.L** | **ဒေါ်နီနီရည်ဝေ LL.B; C.B.L** |
| **စဉ်-၂၉၈၃၁** | **စဉ်-၃၅၈၀၁** |

**အထက်တန်းရှေ့နေများ**
**အမှတ် ၁၃၈ ခုနစ်လွှာ၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**

## ဌာနဆိုင်ရာနှင့်လူမှုရေး၊ စီးပွားရေးကြော်ငြာ

# ရန်ကုန်ပညာရေးတက္ကသိုလ် နှစ်(၅၀)ပြည့်ရွှေရတုအထိမ်းအမှတ် (၁၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

အမိရန်ကုန်ပညာရေးတက္ကသိုလ်နှင့် မြတ်ဆရာတို့၏ကျေးဇူးကို အထူးသိစွာဆပ်လိုကြသည့် တပည့်အပေါင်းက စုပေါင်း၍ (၁၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ၂၅-၁-၂၀၁၄ရက် (စနေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါ၍ ကျေးဇူးရှင်မြတ်ဆရာတို့နှင့် ကျောင်းနေဖက်ငယ်ပေါင်းမိတ်ဆွေများ ကြည်နူးပီတိဖြစ်ဖွယ်ရာ တစ်နှစ်တစ်ခါပြန်လည်တွေ့ဆုံကုသိုလ်ယူပွဲကို ကြွရောက်ပါရန် ကြိုတင်ဖိတ်ကြားနိုးဆော်အပ်ပါသည်။

မြတ်ဆရာပူဇော်ပွဲအတွက် ကုသိုလ်ပြုလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(၁) ပါမောက္ခဒေါက်တာဒေါ်အေးအေးမြင့် ရန်ကုန်ပညာရေးတက္ကသိုလ် ဖုန်း-၀၉-၅၁၅၇၁၄၆၊ (၂) ဦးအုန်းမြင့်(ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၁၇၆၀၇၉၊ (၃) ဦးကျော်သောင်း(ပန်းချီ) ဖုန်း-၀၉-၇၃၁၆၄၇၄၉၊ (၄) ဒေါ်တင်တင်ရှု(DEPT) ဖုန်း-၅၅၇၃၀၉၊ (၅) ဦးစိုးဝင်း ဒုချုပ်-ဦးစီး(၁) ဖုန်း-၀၉-၅၀၀၆၃၉၈၊ (၆) ဦးမျိုးသန့် ဒုချုပ်-ဦးစီး(၂) ဖုန်း-၀၉-၈၆၂၃၄၆၄၊ (၇) ဒေါ်ဆွေဆွေလှဲ့ လ/ညွှန်-ဦးစီး(၃) ဖုန်း-၀၉-၄၉၄၅၀၇၈၀၊ (၈) ဒေါ်ကြူကြူရွှေ(ဒု-ဥက္ကဋ္ဌ) ဖုန်း-၀၉-၅၀၀၂၈၇၄၊ (၉) ဦးရှိန်းလိန်းအောင်(အတွင်းရေးမှူး) ဖုန်း-၀၉-၅၁၉၃၈၅၀၊ (၁၀) ဒေါ်ရီရီဝင်း(ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၁၆၇၇၆၆၊ (၁၁) ဦးကျော်ဝင်း-ထက်/အုပ် ဖုန်း-၀၉-၇၃၀၀၉၁၄၃၊ (၁၂) ဦးစိုးမြင့်(New Shwesin) ဖုန်း-၀၉-၅၀၆၃၂၂၈

**ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့**

# တောင်ငူ အထက(၁) မြတ်ဆရာပူဇော်ပွဲ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ဆဋ္ဌမအကြိမ်မြောက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း နှစ်ပတ်လည်အခမ်းအနားကို ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် အထက(၁) နတ်သျှင်နောင်ခန်းမ၌ကျင်းပမည် ဖြစ်ပါသည်။

အပူဇော်ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများသည် ပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ကြပါရန်နှင့် အလှူငွေများလှူဒါန်းလိုပါက ဒေါ်ခင်စန်းယု ဖုန်း-၀၉-၅၃၅၀၅၄၉၊ ဦးအေးကျော် ဖုန်း-၀၉-၅၃၅၂၃၃၄၊ ဦးဇော်ဝင်းထွန်း ဖုန်း-၀၉-၅၃၅၁၄၃၈၊ ဦးတင်ဝင်း ဖုန်း-၀၉-၄၃၀၂၇၈၈၉၊ ဦးထွန်းသူရိန် ဖုန်း-၀၉-၅၃၅၁၃၂၂၊ ဦးမောင်မြ ဖုန်း-၀၉-၅၃၅၁၀၇၇၊ ဒေါ်ခင်ဌေး ဖုန်း-၀၉-၅၃၅၀၅၃၉၊ ဒေါ်မော်မော်ဝင်း (ရန်ကုန်) ဖုန်း-၀၉-၅၃၅၀၁၄၃၊ ဦးတင်မောင်မောင်(ရန်ကုန်) ဖုန်း-၀၉-၅၁၄၈၃၁၁နှင့်ဒေါ်သန်းသန်းဌေး CB Bank (ရန်ကုန်) ဖုန်း-၀၉-၄၃၁၈၉၈၁၃ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**မှတ်ချက်။** ။ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံညစာစားပွဲကို ၂၄-၁၂-၂၀၁၃ရက် ညနေ ၆း၃၀နာရီတွင် တောင်ငူ တော်ဝင်ကေတုမတီဟိုတယ် ဘုရင့်နောင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)
## မန္တလေးတက္ကသိုလ်
# အကြိမ်(၅၀)မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ မန္တလေးတက္ကသိုလ်က ကျင်းပခဲ့သည့် (ဘွဲ့)စာမေးပွဲနှင့် ဒီပလိုမာဘွဲ့စာမေးပွဲအသီးသီးကို ဖြေဆိုအောင်မြင်ခဲ့ပြီး၊ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူရန် လျှောက်ထားကြသူများအတွက် မန္တလေးတက္ကသိုလ် အကြိမ်(၅၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမကြီး၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်သည်။

**(က) ဘွဲ့နှင်းသဘင် ၁၈-၁-၂၀၁၄ ရက် (ပထမနေ့)**
**နံနက်ပိုင်းအစီအစဉ်၊ နံနက် ၉ နာရီ**

| | |
|---|---|
| ပါရဂူဘွဲ့ | - အင်္ဂလိပ်စာ၊သမိုင်း၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ ဓာတုဗေဒ၊ သင်္ချာ၊ ရုက္ခဗေဒအားလုံး |
| မဟာသုတေသနဘွဲ့ (၁၂-၁၃)ပညာသင်နှစ် | - ဥပဒေပညာ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒ အားလုံး |
| မဟာဝိဇ္ဇာဘွဲ့ (၂၀၀၆ အောင်) | - မြန်မာစာ၊ စိတ်ပညာအားလုံး |
| မဟာသိပ္ပံဘွဲ့ (၂၀၀၆ အောင်) | - ရူပဗေဒ၊ နျူကလီယရူပဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒ၊ အဏုဇီဝဗေဒအားလုံး |
| ဒီပလိုမာဘွဲ့ | - (Dip:E.L.T) အင်္ဂလိပ်စာသင်ကြားရေးဒီပလိုမာ အားလုံး |
| | - (DOS) အရှေ့တိုင်းပညာဘွဲ့လွန်ဒီပလိုမာ (၁/၂၀၁၂) အားလုံး |
| | - (DIR) နိုင်ငံတကာဆက်ဆံရေးပညာ ဘွဲ့လွန်ဒီပလိုမာ (၁/၂၀၁၂)အားလုံး |
| | - (DIL) အပြည်ပြည်ဆိုင်ရာ ဥပဒေဒီပလိုမာ (၁/၂၀၁၂) ခုံအမှတ် (DIL ၁ မှ ၁၂၈အထိ) |
| | - (DBL) စီးပွားရေးဥပဒေဒီပလိုမာ (၁၁/၂၀၁၂) ခုံအမှတ် (DBL-၁ မှ ၉၂ အထိ) |

**(ခ) ဘွဲ့နှင်းသဘင် ၁၉-၁-၂၀၁၄ ရက် (ဒုတိယနေ့)**
**နံနက်ပိုင်းအစီအစဉ်၊ နံနက် ၉ နာရီ**

| | |
|---|---|
| ပါရဂူဘွဲ့ | - မြန်မာစာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ဘူမိဗေဒ အားလုံး |
| မဟာသုတေသနဘွဲ့ (၁၂-၁၃) ပညာသင်နှစ် | - နိုင်ငံတကာဆက်ဆံရေးပညာ၊ ဓာတုဗေဒ၊ သင်္ချာ၊ အဏုဇီဝဗေဒအားလုံး |
| မဟာဝိဇ္ဇာဘွဲ့ (၂၀၀၆ အောင်) | - အင်္ဂလိပ်စာအားလုံး |
| မဟာသိပ္ပံဘွဲ့ (၂၀၀၆ အောင်) | - ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ၊ သင်္ချာ၊ စာရင်းအင်းပညာအားလုံး |
| မဟာဥပဒေဘွဲ့(၂၀၀၆ အောင်) | - ဥပဒေပညာအားလုံး |
| ဒီပလိုမာဘွဲ့ | - (DTSM) ခရီးသွားလုပ်ငန်းပညာနှင့် စီမံခန့်ခွဲမှုပညာဒီပလိုမာ (၂/၂၀၁၂)အားလုံး |
| | - (DIL) အပြည်ပြည်ဆိုင်ရာ ဥပဒေဒီပလိုမာ (၁/၂၀၁၂) ခုံအမှတ် (DIL-၁၂၉ မှ ၂၅၂ အထိ) |
| | - (DBL) စီးပွားရေး ဥပဒေဒီပလိုမာ (၁၁/၂၀၁၂) ခုံအမှတ်(DBL-၉၃ မှ ၁၅၇ အထိ) |

**အစမ်းလေ့ကျင့်ရက် ၁၇-၁-၂၀၁၄ ရက်၊ နံနက် ၉ နာရီ**

၂။ ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့်လက်မှတ်၊ ဧည့်လက်မှတ်များကို ၁၇-၁-၂၀၁၄ရက် ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ပွဲတွင် ထုတ်ပေးမည်ဖြစ်၍ **ဘွဲ့နှင်းသဘင် တက်ရောက်ဘွဲ့ယူကြမည့်သူများအားလုံး အစမ်းလေ့ကျင့်ပွဲကို မပျက်မကွက်(မပျက်မကွက်) တက်ရောက်ကြရမည်ဖြစ်ပါသည်။**

၃။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ဘွဲ့ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံများငှားရမ်းခွင့် ထောက်ခံစာနှင့် အစမ်းလေ့ကျင့်ပွဲတက်ရောက်ခွင့်ပြုသည့် လက်မှတ်များကို **၁၈-၁-၂၀၁၄ ရက်တွင် ဘွဲ့ယူသူများအတွက် ၁၄-၁-၂၀၁၄ ရက်မှစ၍လည်းကောင်း၊ ၁၉-၁-၂၀၁၄ရက်တွင် ဘွဲ့ယူသူများအတွက် ၁၅-၁-၂၀၁၄ရက်မှစ၍လည်းကောင်း၊** ဘွဲ့ကြေးငွေသွင်းပြေစာ/နိုင်ငံသား စိစစ်ရေးကတ်ပြားတင်ပြ၍ မန္တလေးတက္ကသိုလ်(ပင်မ)စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် ထုတ်ပေးမည်ဖြစ်ပါသည်။

၄။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်ဘွဲ့ယူမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြန်မာဝတ်စုံ (မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်ကိုက်ညီသည့် မြန်မာ့ထဘီ၊ အင်္ကျီ)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း (အမျိုးသား)ဝတ်စုံတို့ကို**(အပြည့်အစုံ)** ဝတ်ဆင်၍ တက်ရောက်ရပါမည်။

**(မြင့်မြင့်သန်း)**
**မော်ကွန်းထိန်းအဆင့်(၁)**
**စာမေးပွဲနှင့်ဘွဲ့နှင်းဌာန၊ မန္တလေးတက္ကသိုလ်**

**ရက်စွဲ၊ ၂၀၁၃ခုနှစ် ဒီဇင်ဘာ (၅)ရက်**

# ရောင်းရန်ကြော်ငြာစာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
## သာစည်မြို့နယ်တရားရုံး
## ၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-၄၀

| | | |
|---|---|---|
| မန်နေဂျာ | **နှင့်** | ၁။ ဦးခင်မောင်သိန်း |
| မြန်မာ့စီးပွားရေးဘဏ် | | ၂။ ဒေါ်သန်းအေး |
| သာစည်မြို့။ | | |
| **တရားနိုင်** | | **တရားရှုံးများ** |

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၁၃၇ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းများကို ၂၀၁၄ခုနှစ် ဇန်နဝါရီ ၃၀ရက် (၁၃၇၅ခုနှစ် ပြာသိုလကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**<u>လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း</u>**

သာစည်မြို့၊ ဟံဇား (၃)ရပ်ကွက်၊ ကွင်း ၁၆၈၃၊ ဦးပိုင် ၃၀၁၊ မြေကွက် ၃၀၁၊ ဧရိယာ ဝ.ဒသမ ၂၁၇ဧကရှိ မြေနှင့် ယင်းမြေပေါ်တွင် တည်ရှိသော ပေ(၃၆×၃၀)၊ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း၊ လူနေတစ်ထပ်တိုက်နှင့် ပေ(၂၇×၁၈) သွပ်မိုး၊ ထရံကာ၊ သမံတလင်းခင်း၊ ရက်ကန်းစက်ရုံ၊ အုတ်ကန်သုံးလုံးနှင့် စက်ပစ္စည်းများ။

**လေလံကြမ်းခင်းဈေး ကျပ် ၆၇သိန်း။**

**<u>လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ</u>**

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**သိန်းဟန်**
**မြို့နယ်တရားသူကြီး**
**သာစည်မြို့နယ်တရားရုံး**

# ရောင်းရန်ကြော်ငြာစာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
## သာစည်မြို့နယ်တရားရုံး
## ၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-၄၁

| | | |
|---|---|---|
| မန်နေဂျာ | **နှင့်** | ၁။ ဦးသန်းငွေ |
| မြန်မာ့စီးပွားရေးဘဏ် | | ၂။ ဒေါ်စောရွှေ |
| သာစည်မြို့။ | | |
| **တရားနိုင်** | | **တရားရှုံးများ** |

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၈၈ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းများကို ၂၀၁၄ခုနှစ် ဇန်နဝါရီ ၃၀ရက် (၁၃၇၅ခုနှစ် ပြာသိုလကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**<u>လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း</u>**

သာစည်မြို့၊ ကွမ်းခြံရိုးကျေးရွာ၊ ကွင်းအမှတ်(၁၈၂၈/ကွမ်းခြံရိုး)၊ ဦးပိုင်အမှတ် ၉၃၊ မြေကွက်အမှတ် ၁၁၉၉၊ ဧရိယာ ဝ.ဒသမ ၄၇၃ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၂၇×၂၄)ပေ၊ သွပ်မိုး၊ အောက်ထပ်အုတ်ကာ၊ အပေါ်ပျဉ်ကာ၊ လူနေနှစ်ထပ်အိမ် ပေ(၃၀×၂၇)ပေ၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ လူနေတစ်ထပ်တိုက်၊ ပေ(၄၀×၁၈)၊ သွပ်မိုး၊ ဂိုဒေါင်။

**လေလံကြမ်းခင်းဈေး ကျပ် ၇၇ သိန်း။**

**<u>လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ</u>**

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**သိန်းဟန်**
**မြို့နယ်တရားသူကြီး**
**သာစည်မြို့နယ်တရားရုံး**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၆၈

| | | |
|---|---|---|
| ဒေါ်ခတ္တာဝင့်ရှိန် | **နှင့်** | ဒေါ်မိမိ |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ အကွက် ခ-၂၊ အိမ်အမှတ် ၅၆၊ မဟာမြိုင်ရပ် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခတ္တာဝင့်ရှိန်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် စစ-၃၊ ဦးပိုင်အမှတ် ၄၂ ဂရန်မြေကွက်နှင့်ပတ်သက်၍ တရားလိုက တရားဝင်ပိုင်ဆိုင်ကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၇ရက် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁၀ရက်တွင် ဤရုံးတော်၏တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ဇင်နိုင်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

# ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ ကာယ ၁၀ လမ်း၊ မြေကွက်ကြီးအမှတ် ၁၇၈နေ ဦးမြင့်ရှိန်၏သား ဦးသိန်းဟံ ၆/ကသန(နိုင်)၀၀၇၈၄၆က ၎င်းလက်ရှိပိုင်ဆိုင်နေထိုင်ရောင်းချပိုင်ခွင့်ရှိသော မြေအကျယ်အဝန်းအနက်မှ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ ကာယ ၁၀လမ်း၊ မြေကွက်ကြီးအမှတ် ၁၇၈၊ ခြံအမှတ် ၁၄၉၊ မြေအကျယ်အဝန်းအနံ ၃၅ပေ×အလျားပေ ၅၀ ကို ဦးလှမော်၏သား ဦးကျော်သန်း ၁၂/မရက(နိုင်)၀၆၁၃၂၄အား ပြန်လည်ရောင်းချမည်ဖြစ်ကြောင်းကမ်းလှမ်းလာ၍ ကျွန်တော်၏မိတ်ဆွေက ယင်းပြန်လည်ရောင်းချမည့် မြေအကျယ်အဝန်းကို ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ရောင်းသူသို့ပေးချေထားပြီးဖြစ်ပါသည်။ ယင်းရောင်းချသည့် ခြံမြေအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူတို့သည် ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ခြံမြေအရောင်းအဝယ်ကိစ္စကို ဥပဒေဘောင်အတွင်းမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်သန်း** | **ဦးစိန်ကြီး (အထက်တန်းရှေ့နေ-၃၇၀၂၉)** |
| **၁၂/မရက(နိုင်)၀၆၁၃၂၄** | **B.A (Eco), D.A, R.L,DBL, DML, DIL** |
| | **M.A (Business Law P1), WIPO (Switzerland)** |
| | **အမှတ် ၄၈၇၊ ဒူးယား ၄လမ်း၊ (၅၀)ရပ်ကွက်၊** |
| | **ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊** |
| | **ဖုန်း-၀၉-၄၄၈၀၁၉၆၉၇** |

# ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒီဇင်ဘာဥယျာဉ်အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆၆)၊ မြေကွက်အမှတ်(၁၈၅/ခ)၊ ဧရိယာ ၀ဒသမ ၁၁၄ဧကခန့်ရှိ ဦးသက်လွင်အမည်ပေါက် မြေချပါမစ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ပါမစ်မိတ္တူမှန် ထုတ်ယူခွင့်ပြုပါရန် အမည်ပေါက်ထံမှ ဝယ်ယူထားသူ ဦးလှမြင့် DU-၀၀၀၄၉၅က လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့်အခွန်ဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**နေပြည်တော်**

# ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၁၀၅၂/က၊ မြေကွက်တည်နေရာ အမှတ် ၁၀၅၂/က၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးလှစိန်၊ ဒေါ်ခင်နုအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှစိန်ကွယ်လွန်သဖြင့် ဒေါ်ခင်နု ၁၂/ဥကတ(နိုင်)၁၀၈၅၉၁က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း(၃)၊ မြေကွက်/ဦးပိုင်အမှတ် ၁၅၁၀၊ ဧရိယာ ဝဒသမ ၀၅၅ဧကရှိ ဦးထွန်းကျော်အမည်ဖြင့်ပိုင်ဆိုင်သော အငှားဂရန်မြေကွက်အား ဒေါ်မိုးမိုးညွှန့် ၉/မရမ(နိုင်)၀၁၄၉၅၀ (ဘ) ဦးမောင်မောင်ညွှန့်က ပိုင်ဆိုင်ကြောင်းအထောက်အထားများတင်ပြပြီး အငှားဂရန် အမည်ပြောင်းသက်တမ်းတိုးလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀၊ မြေကွက်အမှတ် ၂၅၆၊ မြေကွက်တည်နေရာအမှတ် ၁၁၈၊ ဗိုလ်ဆွန်ပက်လမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဦးမောင်စံ LPN-၀၀၅၂၅၇ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမောင်စံကွယ်လွန်သဖြင့် ဒေါ်စန်းမြင့် ၁၂/အစန(နိုင်)၀၉၉၇၅၂က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၇၁၂၂/၁၃ (၁၃-၉-၁၃)ဖြင့် ကိုယ်စားလှယ်ရရှိသူ ဦးကျော်စိုးနိုင် ၁၂/ ဗတထ(နိုင်)၀၁၉၄၅၈က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လူမှုရေးနှင့်စီးပွားရေးကြော်ငြာ



## အထက (၅)၊ အထက (၄)၊ St.Michael's Diocesan School May Myo ကျောင်းတော်ကြီး (၁၁၁)နှစ်မြောက် အထိမ်းအမှတ်နှင့် စတုတ္ထအကြိမ် ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ နှိုးဆော်လွှာ

တစ်ချိန်က အမိကျောင်းတော်ကြီးမှာ ပညာရည်နို့ချို အတူသောက်စို့ခဲ့ကြတဲ့ သူငယ်ချင်း ကျောင်းသား ကျောင်းသူဟောင်းများ မြတ်ဆရာသခင်တို့၏ ကျေးဇူးမေတ္တာများကို သိတတ်နားလည်စွာဖြင့် စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၁၉-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် အမိကျောင်းတော်မြေ အထက (၄)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသောကြောင့် ကျန်ရှိနေသေးသော အသက် (၆၀)ပြည့်ပြီး ဆရာကြီး ဆရာမကြီးများအနေဖြင့် အမြန်ဆုံးဆက်သွယ်ပေးကြပါရန်နှင့် ပါဝင်လှူဒါန်းလိုကြသော ကျောင်းသား ကျောင်းသူများအနေဖြင့် အောက်ပါလိပ်စာများတွင် စုံစမ်းဆက်သွယ်လှူဒါန်းပေးနိုင်ကြပါရန် လေးစားစွာဖြင့် ဖိတ်ခေါ်နှိုးဆော်အပ်ပါသည်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

**ဆက်သွယ်လှူဒါန်းရန်-**

| | |
|---|---|
| ဦးသန်းနိုင် Sweety Land Hotel | ဖုန်း-၀၉-၂၀၄၄၁၅၄ |
| ဒေါ်အေးအေးမင်း (လဝကရုံး၊ ပြင်ဦးလွင်) | ဖုန်း-၀၉-၄၀၂၅၁၁၀၀၁ |
| ဦးကျော်ဇင်လတ် (ခ) ချစ်ကို-အား/ကာ တိုက်တန်း | ဖုန်း-၀၉-၂၀၄၄၆၉၃ |
| ဦးနေဝင်း (ခ) ကိုတိုး | |
| ဝင်းရတနာ Van ကားသင်း | ဖုန်း-၀၉-၄၇၁၃၁၁၈၂ |
| ဒေါ်စုစုငယ် (အထက-၄) | ဖုန်း-၀၉-၄၇၁၄၀၄၆၉ |
| ဒေါ်ခင်ပပထွန်း (မချို-မမီး ဆီဆိုင်) ပြင်ဦးလွင် | ဖုန်း-၀၉-၂၀၄၄၆၉၄ |
| ဒေါ်အေးနှင်းစိုး (ရန်ကုန်) | ဖုန်း-၀၉-၅၀၇၂၁၃၁ |
| ကိုတင်မိုး (ချန်လုံကျောက်မျက်) ရန်ကုန် | ဖုန်း-၀၉-၂၀၀၄၃၆၈ |

## မြစ်ကြီးနားကောလိပ် ၁၉၇၄-၇၅-၇၆ ပညာသင်နှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ နှိုးဆော်ဖိတ်ကြားလွှာ

၁၉၇၄ခုနှစ်မှ ၁၉၇၆ခုနှစ်အထိ မြစ်ကြီးနားကောလိပ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများတွေ့ဆုံပွဲအခမ်းအနားကို ၂၈-၁၂-၂၀၁၃ ရက် (စနေနေ့) ညနေ ၅ နာရီတွင် မန္တလေးမြို့ Oriental House ၌ ကျင်းပမည်ဖြစ်ပါ၍ ဂါရဝတရားအဓိကထား၍ စေတနာသဒ္ဓါထက်သန်စွာ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

၁။ ဦးတင်မောင်ချို (သချႋာ၊ ရန်ကုန်) ဖုန်း-၀၉-၅၀၁၈၃၅၆၊ ၂။ ဦးမျိုးမြင့် (သချႋာ၊ ရန်ကုန်) ဖုန်း-၀၉-၅၀၄၉၁၀၁၊ ၃။ ဦးမျိုးအောင် (သတ္တဗေဒ၊ မန္တလေး) ဖုန်း-၀၉-၂၀၀၄၆၇၀၊ ၄။ ဦးထွန်းဝင်းအောင် (ရုက္ခဗေဒ၊ မန္တလေး) ဖုန်း-၀၉-၂၀၁၅၈၉၅၊ ၅။ ဦးခင်မောင်ဝင်း (သချႋာ၊ မန္တလေး) ဖုန်း-၀၉-၉၁၀၁၄၉၈၅၊ ၆။ ဦးချိုတူး (သတ္တဗေဒ၊ မန္တလေး) ဖုန်း-၀၉-၉၁၀၀၉၀၂၆၊ ၇။ ဒေါ်ခင်သန်းဦး (ဓာတုဗေဒ၊ မန္တလေး) ဖုန်း-၀၉-၃၆၇၉၄၊ ၈။ ဒေါ်ခင်ဆွေမြင့် (ရုက္ခဗေဒ၊ မန္တလေး) ဖုန်း-၀၉-၂၀၀၉၄၉၄၊ ၉။ ဦးခင်မောင်တင့် (သမိုင်း၊ မန္တလေး) ဖုန်း-၀၉-၂၀၃၃၄၆၂၊ ၁၀။ ဦးတက်ဝင်း (ရူပဗေဒ၊ မုံရွာ) ဖုန်း-၀၉-၂၁၃၂၅၁၇၊ ၁၁။ ဦးတင်ငြိမ်း (သချႋာ၊ စစ်ကိုင်း) ဖုန်း-၀၉-၄၀၂၇၀၃၂၂၇၊ ၁၂။ ဒေါ်ကြင်မိ (ရူပဗေဒ၊ ရွှေဘို) ဖုန်း-၀၉-၂၁၀၀၇၀၂၊ ၁၃။ ဦးသိန်းဝင်း (ရူပဗေဒ၊ ကန့်ဘလူ) ဖုန်း-၀၇၅-၂၇၃၃၈၊ ၁၄။ ဦးသာဒွေး (ရုက္ခဗေဒ၊ မိုးညှင်း) ဖုန်း-၀၇၄-၆၀၃၇၆၊ ၁၅။ ဦးမြင့်ဆွေ (ရူပဗေဒ၊ ဗန်းမော်) ဖုန်း-၀၇၄-၅၀၀၃၀၊ ၁၆။ ဦးမြင့်ဝိန် (ဓာတုဗေဒ၊ မြစ်ကြီးနား) ဖုန်း-၀၇၄-၂၀၀၀၁၊ ၁၇။ ဦးကျော်မြင့်အောင် (သချႋာ၊ ကောလင်း) ဖုန်း-၀၇၅-၄၂၀၃၈။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/မြို့သစ်၊ မြေကွက်တည်နေရာ ဇေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ် မြို့သစ်ရောင်းဝယ်ရေးသမဝါယမလီမိတက်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်အသင်း(ကိုယ်စား)ဥက္ကဋ္ဌ ဦးရွှေ ၁၂/ဒပန(နိုင်)၀၀၂၅၂၀က ဂရန်ပျောက်ဆုံးပျက်စီးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာ၊ သမဝါယမအသင်းမှတ်ပုံတင်အမှတ် ၃-၂-စသ/ဒေါပုံ၊ ဦးရွှေအား တာဝန်ပေးအပ်ကြောင်း အစည်းအဝေးမှတ်တမ်းနှင့်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၁၁-၁၁-၂၀၁၃ ရက်စွဲပါစာအမှတ် က-၃/၁(၂၆၁) ဂရန်မိတ္တူလျှောက်ထားခြင်းအား ကန့်ကွက်ရန်မရှိကြောင်း ပြန်ကြားစာအရ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်းမကြီး၊ အမှတ် ၃၉၊ ရှစ်လွှာ -ဘီ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခိုင်ခိုင်မော် ၁၂/ကမန(နိုင်)၀၈၀၄၀၇ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | | | |
|---|---|---|---|---|
| **ဒေါ်သီတာမမ** | **ဒေါ်အိအိမိုး** | **ဒေါ်သဲသူဇာဝင်း** | **ဒေါ်ဝင်းလဲ့လဲ့နိုင်** | **ဒေါ်သွယ်သွယ်စိုး** |
| **(စဉ်-၇၂၂၆)** | **(စဉ်-၂၉၂၉၂)** | **(စဉ်-၃၉၆၅၆)** | **(စဉ်-၄၁၀၃၄)** | **(စဉ်-၃၁၁၆၁)** |
| **တရားလွှတ်တော်ရှေ့နေ** | | **အထက်တန်းရှေ့နေများ** | | |

**၄၄၊ ပထမထပ်၊ အခန်း ၁၀၊ ၃၆ လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၇၃၁၂၁၅၇၃**

## ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**
**သာစည်မြို့နယ်တရားရုံး**
**၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-၄၂**

| | | |
|---|---|---|
| မန်နေဂျာ | **နှင့်** | ၁။ ဦးတင်ရီ |
| မြန်မာ့စီးပွားရေးဘဏ် | | ၂။ ဒေါ်ညွန့်ရီ |
| သာစည်မြို့။ | | |
| **တရားနိုင်** | | **တရားရုံးများ** |

၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၁၃၆တွင် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါ ပစ္စည်းများကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃၀ ရက် (၁၃၇၅ ခုနှစ် ပြာသိုလကွယ်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**<u>လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း</u>**

သာစည်မြို့၊ ညောင်ရမ်း(မြို့မရွာ)၊ ကွင်းအမှတ် (၁၉၅၃/ညောင်ရမ်း)၊ မြေကွက်အမှတ် ၂၅၊ ဧရိယာ ၀ ဒသမ ၁၈ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၂၇×၂၄)ပေ၊ သွပ်မိုး၊ တစ်ထပ်တိုက်၊ သာစည်မြို့နယ်၊ ညောင်ရမ်းမြို့မရွာ၊ ကွင်းအမှတ် (၂၄)၊ ဧရိယာ ၀ ဒသမ ၁၁ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၂၄×၁၈)ပေ သွပ်မိုး၊ တစ်ထပ်တိုက်၊ (၂၃×၁၂)ပေ သွပ်မိုး၊ ပွဲရုံနှင့် ရေအုတ်ကန်။

**လေလံကြမ်းခင်းဈေး ကျပ် ၉၅သိန်း။**

**<u>လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ</u>**

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**သိန်းဟန်**
**မြို့နယ်တရားသူကြီး**
**သာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ကင်မွန်းခြံလမ်း၊ အမှတ် ၃၅ရှိနေအိမ်နှင့် မြေကွက်နံပါတ် ၃၅၊ ဦးပိုင်နံပါတ် ၁၉ အတွင်းရှိ အကွက်အမှတ် ၁၈ မြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ-

(၁)ဦးထွန်းကြည်၊ (၂) ဦးထွန်းစိန်၊ (၃) ဒေါ်မွေးလေး၊ (၄) ဒေါ်လှလှရီ၊ (၅)ဦးစိုးမြင့်သိန်းတို့ ငါးဦးထံမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ၁၄ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများတင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးသိန်းစိုး**
**အမှတ် ၇၀၈၊ ကန်ရိပ်မွန်ကွန်ဒို၊ ကန်လမ်း၊ လှိုင်မြို့နယ်၊**
**ဖုန်း-၀၉-၅၀၇၇၁၁၀၊ ၅၃၅၂၅၂**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၁၆)ရပ်ကွက်၊ အောင်ရတနာ ၁၄လမ်း၊ မြေကွက်အမှတ် ၁၇၈၊ မြေဧရိယာပေ (၃၅×၅၀)နှင့် မြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထား၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစိုးသန်း(ခ)ဦးသူရစိုးထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုး၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းရွှေ B.A, H.G.P, R.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၆၂၅)**
**တိုက် ၁၆၂/၃၊ ကမာကြည်လမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**ဖုန်း-၀၉-၇၃၀၀၅၂၆၇**

## တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှု ၁ လမ်း၊ အမှတ် ၁၁၂ နေ ဦးလှမြင့် MMN-၅၀၇၉၂၁ ကိုင်ဆောင်သူနှင့် အမှတ် A-4၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်နေ ဒေါက်တာစိုးလင်းအောင် ၇/ဖမန(နိုင်)၀၉၅၉၅၄ ကိုင်ဆောင်သူ ကန်ထရိုက်တာများနှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇) ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် ၁၁၇၇-က နေ ဦးတင်ထွန်း ၁၂/ဥကတ(နိုင်)၁၂၉၅၇၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ ဦးတင်ထွန်းသည် ကန်ထရိုက်တာဦးလှမြင့်၊ ဒေါက်တာစိုးလင်းအောင်တို့နှင့် တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် ၁၁၇၇-က မြေကွက်အား အခန်းပေးအခန်းယူ အလိုက်ပေးချေစနစ်ဖြင့် တိုက်ဆောက်လုပ်ရန် ၆-၁၁-၂၀၁၃ရက်တွင် စရန်ငွေပေးချေသည့် နှစ်ဦးသဘောတူစာချုပ်ချုပ်ဆို၍ စရန်ငွေ ၅၀၀၀၀၀၀/-(ကျပ်သိန်းငါးဆယ်တိတိ)ကို ပေးအပ်ပြီး ၃၀-၁၁-၂၀၁၃ရက်တွင် ဒုတိယအကြိမ် ငွေ ၆၅၀၀၀၀၀/-(ကျပ်သိန်းခြောက်ရာ့ငါးဆယ်တိတိ)အား ပေးချေရန် သဘောတူညီ၍ ကန်ထရိုက်တာဘက်မှပျက်ကွက်လျှင် ပေးထားသည့်စရန်ငွေအား အဆုံးရှုံးခံမည်ဖြစ်ကြောင်းနှင့် မြေရှင်ဘက်မှပျက်ကွက်လျှင် စရန်ငွေ(၂-ဆ)ကို ပေးချေမည်ဖြစ်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုခဲ့ကြပါသည်။ စာချုပ်ပါစည်းကမ်းချက်များအရ ၃၀-၁၁-၂၀၁၂ရက်တွင် ဒုတိယအကြိမ် ငွေပေးချေရန် ကန်ထရိုက်တာများဘက်မှ ပျက်ကွက်ခဲ့သည့်အတွက် မြေရှင်ဘက်မှ အချိန်ကာလတိုးချဲ့၍ ထပ်မံစောင့်ဆိုင်းခဲ့သော်လည်း ကန်ထရိုက်တာများဘက်မှ ယနေ့အချိန်အထိ ဒုတိယအကြိမ် ငွေပေးချေခြင်းမရှိသည့်အပြင် စာချုပ်ပါစည်းကမ်းဖြစ်သည့် ကန်ထရိုက်တာဘက်မှ ငွေဆက်လက်ပေးချေရန် ပျက်ကွက်သည့်အတွက် ကန်ထရိုက်တာများပေးအပ်ထားသည့် စရန်ငွေကျပ်သိန်း ၅၀၀၀၀၀၀/-(ကျပ်သိန်းငါးဆယ်တိတိ)မှာ ဆုံးရှုံးသွားပြီဖြစ်ကြောင်းနှင့် မြေရှင်ဦးတင်ထွန်းနှင့် အထက်ပါကန်ထရိုက်တာ ဦးလှမြင့်၊ ဒေါက်တာစိုးလင်းအောင်တို့ချုပ်ဆိုထားသည့် ၆-၁၁-၂၀၁၃ ရက်စွဲပါ စရန်ပေးကတိစာချုပ်သည် ပျက်ပြယ်သွားပြီဖြစ်ကြောင်းနှင့် ယနေ့မှစ၍ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန်ထရိုက်တာ ဦးလှမြင့်နှင့် ဒေါက်တာစိုးလင်းအောင်တို့သည် မည်သို့မျှပတ်သက်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးတင်ထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်ကျော်စိုး (စဉ်-၁၆၇၃၇)** | **ဒေါ်ဥမ္မာမြင့် (စဉ်-၈၃၅၁)** |
| **B.A (Hist:), M.A(Q) II, H.G.P,** | **LL.B, D.B.L** |
| **D.B.L, D.M.L, D.A.Psy, B.D.S 4/2001** | **တရားလွှတ်တော်ရှေ့နေ** |

**စီးပွားရေးနှင့် ဥပဒေရေးရာအကြံပေး**
**ဥပဒေအကျိုးဆောင်**

| | |
|---|---|
| **အိမ်-အမှတ် ၈၄၄-ခ၊ စာဂ ၁၆လမ်း၊** | **ရုံး-အမှတ် ၉၉၉၊ သစ္စာလမ်း (ဥပဒေရုံးအနီး)** |
| **(၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊** | **(၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊** |
| **ဖုန်း-၀၉-၇၃၂၀၈၅၁၃၊ ၀၉-၈၆၁၈၀၄၅** | **ရန်ကုန်မြို့** |

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ နွယ်ခွေကျေးရွာအုပ်စု၊ ဦးပိုင်အမှတ် ၆၊ကွင်းအမှတ် ၅၃၀-အေ၊ နွယ်ခွေကျေးရွာအုပ်စု၊ မြေဧရိယာ ၆ဧက၊ မြေအမျိုးအစား(လယ်ယာမြေ)သည် ဦးမောင်ဥလုပ်ကိုင်သည့် လယ်မြေပိုင်ဖြစ်ပါသည်။ ဦးမောင်ဥနှင့် ဦးစိုးတိုင်တို့သည် ၁၉၆၄/၆၅ ခုနှစ်မှစ၍ လယ်ယာမြေအကျိုးတူပြုလုပ်လာကြပါသည်။ ဦးမောင်ဥ ကွယ်လွန်၍ သားဖြစ်သူဦးဝင်းမောင်နှင့် ဦးဉာဏ်လင်း (ဘ)ဦးစိုးတိုင်တို့နှစ်ဦး အကျိုးတူဆက်လက်လုပ်ကိုင်လာကြပြီး ၂၀၀၇ ခုနှစ်တွင် ဦးဉာဏ်လင်းနှင့် ဦးဝင်းမောင်တို့သည် လယ်မြေအရောင်းအဝယ်ပြုလုပ်ချုပ်ဆို၍ ဦးဉာဏ်လင်းမှ အပြီးသတ်ဝယ်ယူပြီးဖြစ်သောကြောင့် ၂၀၁၁ ခုနှစ်တွင် လယ်ယာမြေမှာ အခြားမြေအဖြစ်အသုံးပြုရန် ရန်ကုန်တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၀၁၁ ခုနှစ် မတ် ၂၉ ရက်တွင် ဦးဉာဏ်လင်းအမည်ဖြင့် လ/န-၃၉ ချထားပေးပြီးဖြစ်သောကြောင့် အထက်ပါလယ်မြေအား ဆိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးဉာဏ်လင်း ၁၃/တကန(နိုင်)၀၆၆၀၆၈**

**အမှတ် ၉၃၊ ၄၉ လမ်းနှင့်ဗိုလ်ချုပ်လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၅၀၁၂၈၂**

## ကန့်ကွက်နိုင်ပါကြောင်း

### ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၁၁-၂၀၁၃ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၂)ပါ တရားလို ဦးဇာနည်ဝင်းမြင့်၏ ငြင်းချက်ထုတ်ရန် သမ္မန်စာကြော်ငြာတွင် ခင်စိုးဟန် တွဲဖက်ခရိုင်တရားသူကြီးအစား တွဲဖက်ခရိုင်တရားသူကြီး(၁) ဟု ပြင်ဆင်ဖတ်ရှုပါရန်။


01-685733,685734

## Ma Ga Manufacturing Co.,Ltd

09-73224585

- နိုဝင်၊ ထတ်ထား၊ ကျောက်ပြန် ၊ ထောထဲ ကာရည်ခံသော အရည်အသွေးမြင့် နည်းပညာသုံး ထုတ်လုပ်ဖြန့်ချိ
- မြန်မာနိုင်ငံတွင် ပထမဆုံး Precast , Prestressed ထုတ်လုပ်၍ ၊ တချိန်တည်းတွင် တည်ဆောက်ပေးနိုင်ပါသည်။

[illegible] MA GA နှင့် ဆက်သွယ်ပါ။

E-mail : magaengineering999@gmail.com Website : www.magamanufacturing.com


### တိုက်ခန်းရောင်းမည်

အမှတ်၄၉၊ ပုသိမ်လမ်း၊ စမ်းချောင်းမြို့နယ်ရှိ ၂၅ပေ× ပေ၅၀ အကျယ်အဝန်း၊ ရှစ်လွှာ တိုက်ခန်း၊ထပ်ခိုးအပြည့်ပါသည်။
**(အဆင့်မြင့်ပြင်ဆင်ထားပြီး)**
**စုံစမ်းရန် ဖုန်း-၀၉-၅၀၁၅၃၈၄၊ ၀၉-၃၁၂၉၄၇၃၃**

### ဝန်ထမ်းအလိုရှိသည်

- ယာဉ်မောင်းကျွမ်းကျင်သူ (၁) ဦး
- Marketing (၁) ဦး (ကျား/မ)
- အရောင်းဝန်ထမ်း (၁) ဦး (ကျား)

**B.S.N ကုန်မာနှင့် အထွေထွေဖြန့်ချိရေး**
**အမှတ်၇၀၊ ရွှေတိဂုံဘုရားလမ်း(အောက်ဘလောက်)**


## MCC Training Institute

3rd Year - B.Sc (Hons) Business IT, University of Greenwich, UK

2nd Year - Level 5 Diploma in Computing NCC, UK

1st Year - Level 4 Diploma in Computing NCC, UK

- [illegible]
- [illegible]

နေပြည်တော် Campus တွင်
- [illegible] Special Discount နှင့် Installment [illegible]

MCC.i(Yangon Campus) - 01-245762, 01-249152, 01-246634, 01-395512
MCC.i(Mandalay Campus) - 09-91024062, 09-402671562, 02-77930
MCC.i(Naypyitaw Campus) - 067-421637 Ext: 108, 067-421198
MCC.i(Yatanarpon Campus) - 02-5178112, 02-5178113, 02-5178132, 09-43104966

[illegible]


### "အရေးတွေ့တော်ချေးငွေ ဦးအောင်ကျော်မိ (စဉ်-၂၀၀၃) ဒေါ်ကြည်ကြည်ခိုင် (၁၂/၀၀၈ (နိုင်) ၀၀၀၉၀၃) တို့နှင့် အများသိစေရန်"

[illegible] LOT NO. 133-14 BLOCK NO.13 [illegible] CANTONMENT CIRCLE RANGOON [illegible]

[illegible]

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁၊ မြေကွက်အမှတ် ၅၂၊ မြေကွက်တည်နေရာ အမှတ်၅၂၊ လှော်ကားလမ်း၊ ၂၁ ရပ်ကွက်၊ ဒဂုံ(တောင်) ဦးကြီးမြင့် ၁၂/မဂတ(နိုင်)၀၆၈၅၄၉ အမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကြီးမြင့် ကွယ်လွန်သဖြင့် ဒေါ်အမာကြည် ၁၂/မဂတ(နိုင်)၀၆၈၄၆၆ က တရားဝင်ဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်သည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/၂၊ မြေကွက်အမှတ် ၈/၂၊ မြေကွက်တည်နေရာ အမှတ်၈/၂၊ ကျေးတမာလမ်း၊ ၁၄/၂ရပ်ကွက်၊ တ/ဥ ဒေါ်မြင့်မြင့်အမည်ပေါက်နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်မြင့်မြင့်နှင့် ခင်ပွန်းဦးကျော်သူကွယ်လွန်သဖြင့် ဦးထွန်းမြတ်သူ ၁၂/ဥကတ(နိုင်)၁၉၆၂၈၂၊ ဦးဝင်းမြတ်သူ ၁၂/ဥကတ(နိုင်)၁၀၆၉၃၀၊ ဦးအောင်မြတ်သူ ၁၂/ဥကတ(နိုင်)၁၀၂၆၅၆၊ ဦးကျော်မြတ်သူ ၁၂/ဥကတ(နိုင်)၁၃၃၂၀၀တို့က သားများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/မြောက်၊ မြေကွက်အမှတ် ၁၃၁/ခ၊ မြေကွက်တည်နေရာ အမှတ်၁၃၁/ခ၊ မြို့မ ၁၅ လမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် ဦးသိန်းရွှေ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးသိန်းရွှေ(ဖခင်)နှင့် ဒေါ်ခင်စန်း(မိခင်)တို့ ကွယ်လွန်သဖြင့် သား သမီးများဖြစ်ကြသော (၁)ဒေါ်စန်းမြင့် ၁၂/သကတ(နိုင်)၀၁၀၃၆၇၊ (၂)ဦးထွန်းထွန်းဦး ၁၂/သကတ(နိုင်)၀၀၁၅၀၆ တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၀၈၃၈/၂၀၁၃ ရရှိသူ ဒေါ်ဝင်းစန္ဒာစိုး ၁၄/ဟသတ(နိုင်)၂၁၈၄၅၀က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်မ ထွယ်ဆိုင်းဘူ ၉/ခအဇ(နိုင်) ၀၁၆၆၅၀၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၁၅၇၆၈၅၅**

## ပျောက်ဆုံးကြောင်း

ကျွန်မ မေရီဆိုင်းပန် ၉/ခမစ(နိုင်) ၀၃၀၂၂၈ ၏ နိုင်ငံကူးလက်မှတ် အမှတ် A-327430 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၅၁၄၆၇၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၄ရပ်ကွက်၊ သီဂီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ မြေကွက်အမှတ် ၁၃၀၊ မြေဧရိယာ ၀.၁၁၄၀.၀၅၅၈ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်သည် မြို့မြေစာရင်းတွင် ဦးကျော်မြင့် ၁၂/ပဇတ(နိုင်)၀၀၅၅၉၈ အမည်ပေါက် တည်ရှိပါသည်။ ၎င်းထံမှ ယခုရောင်းချသူ ဦးမျိုးထွန်းအောင် ၁၂/ဗဟန(နိုင်)၀၄၉၆၇၅က အရပ်ကတိစာချုပ်ဖြင့် တရားဝင်ပိုင်ဆိုင်ပြီး ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေက စရန်ငွေကျပ်တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားဂရန်မူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသာလှိုင်**
**အထက်တန်းရှေ့နေ**
**အမှတ် ၃၉၊ ၃၅လမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁-၄၉၇၆၃၊၀၉-၄၄၈၀၀၉၃၃၅**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၁၉လမ်း(အလယ်)၊ အမှတ် ၈၇/၉၁၊ အခန်းအမှတ် ၅/B (ငါးလွှာ)၊(၃၅'×၅၀')အကျယ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်တို့ကို တရား ဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟု အဆိုရှိသူ ဦးဆန်းဦး ၉/ပမန(နိုင်)၀၂၆၂၃၈ အမှတ် ၇၇၀ (လေးလွှာ)၊ဗိုလ်ချုပ်လမ်း၊ လမ်းမတော်မြို့နယ်နေသူထံမှ တိုက်ခန်းအပြီးအပိုင်ဝယ်ယူရန် စရန် ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားစာရွက်စာတမ်းအပြည့်အစုံဖြင့် ကျွန်ုပ်တို့ထံတရားဝင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင်ငွေချေတိုက်ခန်းလက်ရောက်ရယူ၍ အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်နီနီရည်ဝေ** | **ဒေါ်ထူးထူးလှိုင်** | **ဒေါ်အိအိမြင့်** |
| **စဉ်-၃၅၈၀၁** | **စဉ်-၃၁၅၃၅** | **စဉ်-၃၇၈၅၈** |

**အထက်တန်းရှေ့နေများ**
**အမှတ် ၂၀၃(သုံးလွှာ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## အမည်ပြောင်း

အလက(၉)အင်းစိန်၊ တတိယတန်းတွင် ပညာသင်ကြားနေသော မောင်ဒီပါမင်းထိုက်၏ ဖခင်အမည်မှန်မှာ ဦးလှိုင်မင်းအစား ဦးမင်းကိုဦး ၁၂/မဘန(နိုင်) ၁၂၇၁၃၇ ဖြစ်ပါကြောင်း။ **ဦးမင်းကိုဦး**



## ၁၂-၁၂-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ၁၀ နှင့် စာမျက်နှာ ၁၂ ပါ ဒေါ်သီသီဦးနှင့် သက်ဆိုင်သူများ သိရှိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၁ ရပ်ကွက်၊ သိမ်ချောင်းလမ်း၊ အိမ်အမှတ် ၁၃၄၈ တွင် နေထိုင်သူ ဒေါ်သီသီဦး ၁၂/ဒဂတ(နိုင်) ၀၀၃၄၂၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ ၁၂-၁၂-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်း သတင်းစာ၏ စာမျက်နှာ ၁၀ နှင့် စာမျက်နှာ ၁၂ ပါ ဒေါ်သီသီဦးနှင့် သက်ဆိုင်သူများသိရှိစေရန် ကြေညာခြင်းအပေါ် အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းအပ်ပါသည်။

၁။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီသီဦးအား ဦးနိုင်လင်း ၁၂/ဒဂတ(နိုင်)၀၂၃၀၅၈ မှ ၂၅-၇-၂၀၁၂ ရက်တွင် မြေတိုင်းရပ်ကွက်အမှတ် ၆၀၊ မြေကွက်အမှတ် ၁၅၇၀၊ အကျယ်အဝန်း ပေ(၆၀×၄၀) အား တန်ဖိုးငွေကျပ် ၆၈ သိန်းဖြင့် ရောင်းချခဲ့ပါသည်။

၂။ ထိုသို့ ရောင်းချရာတွင် ဦးနိုင်လင်းသည် မြေကွက်၏စလစ်မူရင်း ပျောက်ဆုံးနေ၍ အိုးအိမ်တွင် မြေချပါမစ်လျှောက်ထားဆဲဖြစ်ကြောင်း ပြောဆို၍ လျှောက်ထားသော စာရွက်စာတမ်းမိတ္တူများနှင့် ဦးနိုင်လင်းကိုယ်တိုင်နှင့် ဦးမြင့်ဆွေတို့ နှစ်ဦးသဘောတူ ၂၅-၇-၂၀၁၂ ရက်တွင် မြေကွက်အရောင်းအဝယ်ကတိစာချုပ် မူရင်းစာချုပ်တစ်စောင်အား ပေးအပ်ခဲ့ပါသည်။

၃။ မြေကွက်၏ စလစ်မူရင်း ပျောက်ဆုံးနေသည့်အတွက် ဦးနိုင်လင်းသည် ဒေါ်သီသီဦးမှ ၎င်းကို ပိုမိုယုံကြည်မှုရှိစေရန် ဦးမြင့်ဆွေကိုယ်တိုင်နှင့် တိုက်ရိုက် ဒေါ်သီသီဦးအား မြေကွက်အရောင်းအဝယ်စာချုပ် ထပ်မံချုပ်ဆိုပေးခဲ့ပါသည်။

၄။ လွန်ခဲ့သော ၅လ လောက်က ၎င်းမြေကွက်နှင့်ပတ်သက်၍ တရားဝင်မြေချပါမစ်အား အိုးအိမ်ဦးစီးဌာနတွင် မမြင့်နိုင်ဆိုသူနှင့် ဒေါ်သီသီဦးအား လက်မှတ်ရေးထိုးရောင်းချခဲ့သော ဦးမြင့်ဆွေတို့အတူ ထုတ်ယူသွားကြောင်းသိရှိရပါသည်။ ထိုအချိန်မှ ဒေါ်သီသီဦးသည် ဦးမြင့်ဆွေ၏ နေအိမ်သို့ သွားရောက်စုံစမ်းခဲ့ရာတွင် ၎င်းဦးမြင့်ဆွေသည် ရပ်ရှင်အစည်းအရုံးမှ မူလမြေကွက်ချထားပေးခံရသူ ဦးမြင့်ဆွေ မဟုတ်ဘဲ ဦးနိုင်လင်းမှ ဆေးဝါးကုသစရိတ်ပေးရန် ခေါ်ဆောင်ခဲ့သော လေဖြတ်နေသူ ဦးမြင့်ဆွေအတုဖြစ်ကြောင်း သိရှိရပါသည်။

၅။ ဆက်လက်၍ ရပ်ရှင်အစည်းအရုံးသို့ ဆက်လက်စုံစမ်းရာတွင် အမှန်တကယ် မြေကွက်ချထားပေးခြင်းခံရသူ ဦးမြင့်ဆွေသည် ၁၆-၉-၂၀၀၁ ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်သော ဒေါ်ခင်မာလွင် ၁၂/မဂဒ(နိုင်)၁၃၁၃၇၃ ၏ ခင်ပွန်းဖြစ်ကြောင်း သိရှိရပါသည်။

၆။ ဒေါ်သီသီဦးမှ ဒေါ်ခင်မာလွင်နှင့် တွေ့ဆုံပြီး အိုးအိမ်ဦးစီးဌာနတွင် မြေချပါမစ်အား ဦးမြင့်ဆွေအတုဖြင့် ထုတ်ယူသွားကြောင်း ဒေါ်ခင်မာလွင်မှ သိရှိရပြီး ဒေါ်ခင်မာလွင်သည် ဒေါ်သီသီဦးအား အကူအညီတောင်းခံ၍ ညွှန်ကြားချက်အရ ၁၄-၉-၂၀၁၃ ရက်တွင် ဒေါ်သီသီဦး၏ ရှေ့နေမှ တစ်ဆင့် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၄ တွင် အများသိစေရန် ထည့်သွင်းကြေညာခဲ့ခြင်းဖြစ်သည်ကို ဒေါ်ခင်မာလွင် အသိပင်ဖြစ်ပါသည်။

၇။ ဦးနိုင်လင်းသည် ၁၃-၈-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၈ တွင် ကြေညာသော ၎င်းသည် ၂၅-၇-၂၀၁၃ ရက်တွင် ဦးမြင့်ဆွေထံမှ အချင်းဖြစ် မြေကွက်ကို ဝယ်ယူထားကြောင်း၊ မြေနှင့်ပတ်သက်၍ မူရင်းစလစ်နှင့် စာရွက်စာတမ်းများ ပျောက်ဆုံးနေကြောင်း အများသိစေရန် ကြေညာနေခဲ့ခြင်းမှာ ဦးနိုင်လင်းသည် မမြင့်နိုင်အား ထပ်မံရောင်းချပြီး အိုးအိမ်ဦးစီးဌာနတွင် မြေချပါမစ်ကို ပုဂ္ဂိုလ်အတုဖြင့် ထုတ်ယူပြီးနောက်ပိုင်း ကြေညာခဲ့ခြင်းဖြစ်ပါသည်။

၈။ ထို့ကြောင့် ဦးနိုင်လင်းသည် ၎င်း ၁၃-၈-၂၀၁၃ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၈ တွင် ၂၅-၇-၂၀၁၂ ရက်တွင် ဦးမြင့်ဆွေထံမှ အချင်းဖြစ်မြေကွက်အား ဝယ်ယူထားကြောင်း ကြေညာပြီး ၁၂-၁၂-၂၀၁၃ ရက် မြန်မာ့အလင်းသတင်း စာ စာမျက်နှာ ၁၀၊ ၁၂ တွင် ကွယ်လွန်သူ ဦးမြင့်ဆွေ ဇနီး ဒေါ်ခင်မာလွင်ထံမှ ၂၁-၅-၂၀၀၆ ရက်တွင် ဝယ်ယူထားသည်ဟု ကြေညာခြင်းမှာ သက်ဆိုင်ရာဌာနမှ ဦးနိုင်လင်းအနေဖြင့် ဦးမြင့်ဆွေအတုဖြင့် တရားဝင်မြေချပါမစ်ထုတ်ယူထားခြင်းကို ဖုံးကွယ်ထားလို၍လည်းကောင်း၊ လိမ်လည်လို၍လည်းကောင်း ထည့်သွင်းကြေညာခဲ့ခြင်းသာ ဖြစ်ပါသည်။

၉။ ဦးနိုင်လင်းသည် ဒေါ်ခင်မာလွင်၏ ၁၄-၉-၂၀၁၃ ရက် ကြေညာချက်ပါရှိပြီး နောက်ပိုင်းမှ ဒေါ်ခင်မာလွင်၏ လိပ်စာအတိုင်းသွားရောက်၍ ၎င်းသည် ဦးမြင့်ဆွေထံမှ ဝယ်ယူထားကြောင်း ယုံကြည်အောင်ပြောဆို၍လည်းကောင်း၊ သွေးဆောင် ဖြားယောင်း၍လည်းကောင်း ဒေါ်ခင်မာလွင်ကို ၂၂-၁၁-၂၀၁၃ ရက်တွင် သတင်းစာတိုက်သို့ သွားမည်ဟုအကြောင်းပြ၍ ခေါ်ယူကာ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာရယူခြင်း၊ ပန်းဘဲတန်းတရားရုံးတွင် ကျမ်းကျိန်လွှာပြုလုပ်ခြင်း၊ သက်ဆိုင်ရာဌာနတွင် ဝန်ထမ်းတစ်ဦးအား လျှောက်လွှာစာရွက်အလွတ်ပေါ်တွင် လက်မှတ်ရေးထိုးစေခဲ့ခြင်းများကို ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

၁၀။ ထိုသို့ပြုလုပ်ခဲ့ခြင်းမှာ ဦးနိုင်လင်းသည် ဦးမြင့်ဆွေအတုဖြင့် သက်ဆိုင်ရာဌာနတွင် လူပုဂ္ဂိုလ်အတုဖြင့် ထုတ်ယူသွားသော တရားဝင်မြေချပါမစ်အား အတုပြုလုပ်သည်ကို ဖုံးကွယ်လို၍လည်းကောင်း၊ ဒေါ်သီသီဦးအား ရောင်းချပြီးသော မြေကွက်ကို အခြားသူတစ်ဦး မမြင့်နိုင်ဆိုသူအား ထပ်မံလိမ်လည် ရောင်းချထားခြင်းကို ကွယ်ဝှက်လို၍လည်းကောင်း၊ ပြစ်မှုမကင်းသော လုပ်ဆောင်ချက်များ လုပ်ဆောင်ထားခြင်းများကို ရှောင်လွှဲလို၍လည်းကောင်း ၁၂-၁၂-၂၀၁၃ ရက်တွင် ဒေါ်ခင်မာလွင်၏ ညွှန်ကြားချက်အနေဖြင့် ထည့်သွင်းကြေညာခဲ့ခြင်းသာဖြစ်ပါသည်။

၁၁။ သို့ဖြစ်ပါ၍ ပြစ်မှုမကင်းသော ကြေညာချက်များအား ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် လူပုဂ္ဂိုလ်အတုဖြင့် ထုတ်ယူထားသော မြေချပါမစ်အား နောက်တစ်ဦးကို လိမ်လည်ရောင်းချခြင်းများကို ပြေလည်အောင်ဖြေရှင်းပေးရန်နှင့် ထိုသို့ ဆောင်ရွက်ခြင်းမပြုလုပ်ပါက တည်ဆဲတရားဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **အိမ်-အမှတ် ၇၇၆၊ ၂ လမ်း၊** | **ဦးသိန်းဟန်** |
| **ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊** | **LL.B,DML,DA Psy,DIL,DBL** |
| **ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၃၀၈၇၃** | **စာပေဗိမာန်(အငြိမ်းစား)** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၄၁)** |

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂၊ မြေကွက်အမှတ် ၁၉၈ ကို မူလအမည်ပေါက် ဒုတိယဗိုလ်မှူးကြီး စံရွှေအောင် ကိုယ်စား ဦးစိုးမြင့်က မြေပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် မြေချပါမစ်(အိမ်ရာဆောက်လုပ်ခွင့်၊ မှီခိုသူစာရင်း)ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**မြေယာရုံးခွဲ(၅)၊ မြောက်ဥက္ကလာပမြို့နယ်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၁/၁၊ မြေကွက်အမှတ် ၂၉၁ ကို မူလအမည်ပေါက် ဒုတကဝင်းငြိမ်း ကိုယ်စား ဒေါ်စန်းမျိုးသူက မြေပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် မြေချပါမစ် (အိမ်ရာဆောက်လုပ်ခွင့်၊ မှီခိုသူစာရင်း)ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**မြေယာရုံးခွဲ(၅)၊ မြောက်ဥက္ကလာပမြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်(၈/ဝါဆို)၊ မြေကွက်အမှတ် ၂၆၅၊ မြေကွက်တည်နေရာ အမှတ် ၃၆၊ မဏ္ဍိုင်လမ်း၊ ဝါဆိုရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးရီနွတ်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးရီနွတ်(ဖခင်) နှင့် ဒေါ်လှကြည်(မိခင်)တို့ ကွယ်လွန်သဖြင့် ဦးယဉ်ထွေး ၁၂/သလန(နိုင်)၁၂၉၃၁၁ က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၇၊ မြေကွက်အမှတ် ၄၁၅ အမည်ပေါက် ဦးလှသောင်း ၁၂/သလန(နိုင်) ၀၃၂၃၆၂ ထံမှ ဝယ်ယူထားသူ ဒေါ်စန်းယုလွင် ၁၂/တမန(နိုင်)၀၇၆၉၀၅ က မြေချပါမစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက မြေချပါမစ်မိတ္တူမှန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေနှင့် အခွန်ဌာနခွဲ**
**မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅CG၊ မြေကွက်အမှတ် ၅၈၇၊ မြေကွက်တည်နေရာအမှတ် ၁၁၇၊ သုခမလမ်း၊ ဗဟန်းမြို့နယ် ဒေါ်ကြည်ညွှန့် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြင့်ဆွေ(ဖခင်)၊ ဒေါ်ကြည်ညွှန့်(မိခင်)ကွယ်လွန်သဖြင့် ဒေါ်ဆွေဆွေညွှန့် ၁၂/ဗဟန(နိုင်)၀၄၃၀၇၃၊ ဒေါ်နီနီညွှန့် ၁၂/ဗဟန(နိုင်)၀၄၁၆၁၉၊ ဦးဝင်းညွှန့် ၁၂/ဗဟန(နိုင်)၀၂၄၀၆၈တို့က သား သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း ဦးမြင့်ဆွေ သေဆုံးသည်မှာမှန်ကန်ကြောင်းရပ်ကွက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာ၊ ဂရန်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံစာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀ A၊ မြေကွက်အမှတ် ၄တီ/၁၊ မြေကွက်တည်နေရာအမှတ် ၂၊ သံလွင်လမ်း၊ဇောတိရိပ်သာ၊ ဗဟန်းမြို့နယ် ဦးမောင်မောင်ဆင်၊ ဒေါ်ခင်စောရီ အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ(ခင်ပွန်း) ဦးမောင်မောင်ဆင် ကွယ်လွန်သဖြင့် ဒေါ်ခင်စောရီ ၁၂/ဗဟန(နိုင်)၀၄၇၀၁၄ က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၈၂၈/၂၉-၇-၂၀၁၃ ရရှိသူ ဦးဉာဏ်လင်းထက် ၁၂/သဃက(နိုင်)၁၆၉၇၈၂က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း၊ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အမှားပြင်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ လူနေရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ် ၃၄၉၊ ပေ(၄၀×၆၀) အကျယ်ရှိ ဒေါ်အေးကြည်+ဒေါ်ဒေါင်း အမည်ပေါက် နှစ် ၆၀ဂရန်မြေ(အမှတ် ၃၄၉၊ မာန်ပြေ ၈လမ်း၊ ၃ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့)၏ ဒေါ်အေးကြည် အမည်ပေါက် ဘက်အခြမ်းမှ ပေ(၁၀×၆၀) အကျယ်မြေနှင့် အိမ်၊ မီတာအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မြင့်မြင့်ကြူ ၁၂/ဥကမ(နိုင်)၁၀၈၉၃၇ မှ ၎င်းကိုယ်တိုင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ကတိပြုပြောဆိုရောင်းချသဖြင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်သည်။ ဤအရောင်းအဝယ်ကိစ္စအတွက် အကျိုးသက်ဆိုင်သည့် မည်သူမဆို ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းများနှင့်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အထက်ပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဖြိုးလတ်** LL.B အထက်တန်းရှေ့နေ (စဉ်-၃၃၀၆၃)

**ဦးအောင်စိုး(တရားလွှတ်တော်ရှေ့နေ)** (စဉ်-၂၁၈၂) B.A, R.L, D.B.L, D.M.L, D.I.L

**ဒေါ်သီသီဟန်** LL.B အထက်တန်းရှေ့နေ (စဉ်-၃၉၂၃၃)

**AUNG SOE & ACE TOP INTELLECTUAL PROPERTY SERVICE**
**အမှတ် ၁၅၃၊ ဒုတိယထပ်၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၃၂၂၄၁၄၃၊E-mail:aung-soe.u @ gmail.com**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ နတ်ချောင်း ၂လမ်း၊ တိုက်အမှတ် ၂၄၊ နှစ်ခန်းတွဲ၊ ခြောက်ထပ်တိုက်အဆောက်အအုံ၏(လေးလွှာ/ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ပေ×ပေ ၅၀)ရှိ တိုက်ခန်းအဆောက်အအုံ၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ၉-၄-၂၀၁၀ ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိသော တိုက်ခန်းဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ညိုညိုလှိုင် ၁၂/ဗဟန(နိုင်)၀၂၂၉၅၈ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မျိုးသူ(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၇၃၇/၇၄၁၊ (ပထမထပ်)၊ အခန်းအမှတ် ၁၀၆၊ မာလာနွယ်လမ်း၊**
**မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၀၉၃၈၉၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၂၊ မြေကွက်အမှတ် ၁၄၆ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၅၊ မြေကွက်အမှတ် ၅၆၇ ဟုခေါ်တွင်သော မြေအကျယ်အဝန်းပေ (၄၀×၆၀)ရှိမြေနှင့် ၎င်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သဥ္ဇာနှင်းအောင် ၁၂/လသန(နိုင်)၀၀၂၀၉၈ က အပြီးပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၇ ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**Social Justice LAW FARM**

**ဦးဇော်မျိုးအောင်** LL.B,D.I.L အထက်တန်းရှေ့နေ(စဉ်-၂၄၂၈၆)

**ဒေါ်အိမျိုးသွဲ့** LL.B,D.I.L,D.B.L အထက်တန်းရှေ့နေ(စဉ်-၃၄၃၈၁)

**တိုက် ၁၀/၁၂၊ အခန်း ၁၀၃/C၊ (ဝဲ)(ပထမထပ်)၊ ၃၅ လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၁၀၉၄၁၊ ၀၉-၄၂၀၂၆၆၀၆၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ် ၅၃၊ သုခမြိုင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃/၈၇၈၊ မြေအကျယ်အဝန်းပေ(၂၀×၆၀) (ခေါင်းရင်းခြမ်း) ပါမစ်မြေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူ (ဘ)ဦးဘွန်တိတ်၏သား ဦးကျင်ပို့ LMDW-၀၀၁၅၈၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေအချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင် ပါသည်။ ထိုနေ့ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အထက်ပါ အိမ်ခြံမြေအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သဥ္ဇာဦး**
**၁၂/ဒဂတ(နိုင်)၀၇၉၅၂၇**
**အမှတ် ၅၀၊ လောင်းလုံလမ်း၊ ၂၅ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

**ဦးစိန်ကြီး**
**(အထက်တန်းရှေ့နေ-၃၇၀၂၉)**
**B.A (Eco),D.A,R.L,DBL,DML,**
**DIL,M.A (Business Law P1),**
**WIPO (Switzerland) အမှတ် ၄၈၇၊**
**ဒူးယား ၄ လမ်း၊ ၅၀ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၄၈၀၁၉၆၉၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၆ ရပ်ကွက်၊ ကုန်းဘောင် ၁၄ လမ်း၊ အမှတ် ၁၁၇၀၊ အလျားပေ ၆၀×အနံပေ ၄၀၊ ဧရိယာ ပေ ၂၄၀၀ရှိ မြေနှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်ချိုချိုမြိုင် ၁၂/တမန(နိုင်)၀၄၇၄၉၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ၁၁-၁၂-၂၀၁၃ ရက်တွင် စရန်ငွေပေးကတိစာချုပ်ဖြင့် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း မူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဇာလွင်**
**အထက်တန်းရှေ့နေ(စဉ်-၃၃၉၁၇)**
**အမှတ် ၇၁၀၊ ၂၅ လမ်း၊ ၅ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၈၆၂၂၃၂၇၊ ၀၉-၄၂၁၀၈၂၄၇၄၊ ၀၁-၅၇၁၁၅၄**

## ကန့်ကွက်ရန် ရှိ၊ မရှိ အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ယခုအခေါ်အရှေ့ဒဂုံ)ရှိ မြေကွက်အမှတ် ၆၅၃၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ အကျယ်ပေ၄၀×၆၀ ရှိ မြေကွက်တည်ရှိရာ အရှေ့ဒဂုံမြို့နယ်၊ ၆ ရပ်ကွက်၊ မေယုလမ်း၊ အမှတ် ၆၅၃ ဟု ခေါ်တွင်သော မြေကွက်အား ပါမစ်အမည်ပေါက် ဦးလှတင် CK-၀၀၈၂၇၈ ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရောက်ရရှိပိုင်ဆိုင် အကျိုးခံစားလျက်ရှိသူ ဦးအောင်ကို ၁၂/အစန(နိုင်)၁၈၉၅၁ က ရောင်းချမည်ဖြစ်ပါ၍ ကျွန်ုပ်ဦးကျော်ဝင်း(ခ)ဦးလောဆန်က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မြေကွက်အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ဝင်း(ခ)ဦးလောဆန်**
**၁၃/လရန(နိုင်)၀၉၈၇၂၇**
**အမှတ် ၁၃၂၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅ အီး?၊ မြေကွက်အမှတ် V ၁၆၊ မြေကွက်တည်နေရာအမှတ် ၁၂၊ ဆေးရုံးတန်းလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးတင်ငွေ အမည်ပေါက်နှစ် ၉၀ မြေငှားဂရန်မြေအား ဒေါ်ကြည်ကြည်လတ် ၁၂/လမတ(နိုင်)၀၁၉၈၂၆ က ရန်ကုန်တိုင်းတရားရုံး၊ ၁၉၉၉ ခုနှစ် တရားမကြီးမှုအမှတ် ၁၄/၉၉ နှင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ် ၂၇၆/၁၁ တို့အရ လေလံဝယ်ယူရရှိသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ရောင်းကြောင်းလက်မှတ်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၉၄) မြေတွင်ဆိုင်ရာဆိုင်ခွင့်ကို လွှဲပြောင်းကြောင်း မှတ်တမ်းတို့ကိုတင်ပြ၍ အမည်ပြောင်းလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သက်ဆိုင်သူနှင့်အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မအူပင်မြို့၊ ၄ ရပ်ကွက်၊ ဘုရားလမ်း၊ ၄၄/ကနေ ဦးလှစိန်(ဘ)ဦးဖိုးဝင်ပိုင်ဆိုင်သည့် မအူပင်မြို့နယ်၊ ၂ ရပ်ကွက်၊ သူဌေးကုန်း ၃ လမ်း၊ အမှတ် ၄၃ဟု ခေါ်တွင်သော အကျယ် (၂၆×၇၀)ပေ မြေကွက်ပေါ်ရှိ နှစ်ထပ်သစ်အိမ်အား ကိုအောင်ကိုဝင်း ၁၄/မအပ(နိုင်)၂၅၆၈၇၆ ကို မူလ ငှားရမ်းခဲ့ရာ အငှားကာလကုန်ဆုံးသော ၂၀၁၃ ခုနှစ်၊ မတ်လကုန်တွင် မေတ္တာဖြင့် အခမဲ့နေထိုင်ခွင့်ပြုခဲ့ပါသည်။ ထို့နောက်ပိုင်းခွင့်ပြုချက်ရုပ်သိမ်းခဲ့ရာ ကိုအောင်ကိုဝင်းက ဥပစာအား စွန့်လွှတ်၍ ထွက်ခွာသွားသည်မှာ ကြာမြင့်ပြီဖြစ်ပါသည်။ ထို့ကြောင့် ယခုကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကျွန်ုပ်မိတ်ဆွေနှင့် ဆက် သွယ်၍ ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန်နှင့် ဆက်လက်ပျက်ကွက်နေပါက မိမိပိုင်ဥပစာကို အသိသက်သေများ၊ လူကြီးများအထောက်အထားပြု၍ ထိန်းသိမ်းဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း သက်ဆိုင်သူနှင့် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်စိန်ဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၁၂၂)**
**အမှတ် ၄၀၊ ၅ လွှာ၊ သာစုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၆ယ/၆၈၆၄၃ Honda Wave NF-125 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဝင်း ၁၄/ဟသတ(နိုင်)၀၆၁၃၀၉က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ ၊ မြေတိုင်း ရပ်ကွက်အမှတ် ၄၁/ကံဘဲ့၊ မြေကွက်အမှတ်၄/၄၈/B၊ မြေကွက်တည်နေရာ အမှတ် ၆၅၈၊ စပွါယ်ရုံလမ်း၊ ၈ရပ်ကွက်၊ ရန်ကင်းမြို့နယ် ဗိုလ်မှူးကြီးတင်ဦး (ကွယ်လွန်) အမည်ပေါက်နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဗိုလ်မှူးကြီးတင်ဦး ၁၂/ရကန(နိုင်)၀၂၉၇၁၅ နှင့် ဇနီးဖြစ်သူ ဒေါ်လှလှခင်တို့ ကွယ်လွန်သဖြင့် (၁)ဒေါ်ခင်မေဦး ၁၂/ရကန(နိုင်)၀၂၈၇၁၄၊ (၂)ဦးခင်မောင်ဦး ၁၂/ရကန(နိုင်)၀၂၉၅၈၄၊ (၃)ဒေါ်ရွှေဇင်ဦး ၁၂/ရကန(နိုင်)၀၂၉၆၆၇၊ (၄)ဒေါ်တင်နွယ်ဦး ၁၂/ရကန(နိုင်)၀၂၈၇၁၃ တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်သည်။
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးစိုးမိုး ၆/ထဝန(နိုင်)၀၆၂၈၀၉၊ အမှတ် ၈၆၆၊ မင်္ဂလာသီတာလမ်း၊ ဝဲကျန်းသျောင်ရမ်းရပ်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ဦးရဲနောင် ၆/ထဝန(နိုင်)၀၁၄၂၀၅၊ အမှတ် ၁၆၅၊ နွယ်သာဂီလမ်း၊ ဉာဏရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာမြိုင် ၁ လမ်း၊ အမှတ် ၄ နေ ဦးတေဇာစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

လူကြီးမင်းတို့သည် ကျွန်ုပ်၏မိတ်ဆွေ ဦးတေဇာစိုးနှင့် ခင်မင်ရင်းနှီးမှုကို အခွင့်ကောင်းယူ၍ လူကြီးမင်းတို့၏ တိုက်တွန်းနှိုးဆော်ချက်ကို ယုံကြည်ပြီး ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်နှင့် မေတ္တာမြို့နယ်ခွဲတို့တွင် မြေလွတ်မြေရိုင်းများရှိကြောင်း၊ ရော်ဘာစိုက်ပျိုး၍ရကြောင်း၊ မြေစာရင်းဦးစီးဌာနတွင် တရားဝင်လျှောက်ထားဝယ်နိုင်ကြောင်း၊ လူကြီးမင်းတို့မှ ကူညီပေးမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးခဲ့သည်ဟု ကျွန်ုပ်၏မိတ်ဆွေမှ ပြောပြချက်အရ သိရှိရပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် လူကြီးမင်းတို့၏ အကြိမ်ကြိမ်ပြောဆိုစည်းရုံးမှုကို ယုံကြည်၍ ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှစ၍ လူကြီးမင်းထံသို့ ထိုမြေလွတ်မြေရိုင်းများ ဝယ်ယူရရှိနိုင်ရန် ငွေအလီလီပေးပို့ခဲ့ရာ စုစုပေါင်းငွေကျပ်သိန်း ၂၈၀ ကို လူကြီးမင်းတို့မှ လက်ခံရရှိကြောင်း အထောက်အထားစာရွက်စာတမ်းအပြည့်အစုံ ကျွန်ုပ်၏ မိတ်ဆွေထံတွင် ရှိနေကြောင်း၊ ထိုကိစ္စကို လူကြီးမင်းတို့ ငြင်းကွယ်မည်မဟုတ်ကြောင်းလည်း ကျွန်ုပ်၏မိတ်ဆွေမှ ပြောပြခဲ့ပါသည်။

ကျွန်ုပ်၏မိတ်ဆွေက လူကြီးမင်းတို့ပြောဆိုသည့်အတိုင်း မြေလွတ်မြေရိုင်းများရရှိမည်ဟု ပြောသော်လည်း တစ်နှစ်ကျော်ကြာသည့်တိုင် အကြောင်းမထူး၍ ၂၄-၄-၂၀၁၂ ရက်စွဲဖြင့် လူကြီးမင်းတို့ထံ တရားလွှတ်တော်ရှေ့နေကြီး ဦးဝင်းဆွေဦးမှ တစ်ဆင့်အကြောင်းကြားစာပေးပို့ခဲ့သော်လည်း လူကြီးမင်းတို့ဘက်မှ အကြောင်းတစ်စုံတစ်ရာ ပြန်ကြားခြင်းမရှိသဖြင့် ထိုအကြောင်းကြားစာကို ဝန်ခံရာရောက်ကြောင်း မှတ်ယူပါသည်။

လူကြီးမင်းတို့သည် ကျွန်ုပ်၏မိတ်ဆွေထံမှ ထိုမြေလွတ်မြေရိုင်းများရရှိရန် ဆောင်ရွက်ပေးမည်ဟု ပြောဆိုရယူထားသည့် စာချုပ်စာတမ်း၊ လူကြီးမင်းတို့၏ လက်ရေးစာသားများ၊ မှတ်တမ်းဓာတ်ပုံများ၊ အထင်အရှား ကျွန်ုပ်မိတ်ဆွေ၏ လက်ဝယ်တွင်ရှိနေပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းတို့သည် ကျွန်ုပ်၏မိတ်ဆွေထံမှ ယူထားသည့် ငွေကျပ်သိန်း ၂၈၀ နှင့် နစ်နာကြေးများကို ဤကြော်ငြာစာပါပြီး ခုနစ်ရက်အတွင်း ကျွန်ုပ်၏မိတ်ဆွေထံမပျက်မကွက် တစ်လုံးတစ်ခဲတည်း ပြန်လည်ပေးအပ်ရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း၊ ကုန်ကျစရိတ်များမှာ လူကြီးမင်းတို့၏ တာဝန်သာဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဦးတေဇာစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၀၀)**
**အမှတ် ၆၂၀၊ မဟာဆွေလမ်း၊ ၁၃ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၄၈၀၄၉၉၅၄**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/၂၊ မြေကွက်အမှတ် ၁၆၉/၁၊ မြေကွက်တည်နေရာ အမှတ်၁၆၉/၁၊ ရွှေပြည်စိုးလမ်း၊ ၁၄/၂ရပ်ကွက်၊ တ/ဥ ဒေါ်ညိုညိုသိန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ညိုညိုသိန်းနှင့် ခင်ပွန်း ဦးတင်ထွန်း ကွယ်လွန်သဖြင့် ဦးဝင်းထွန်း ၁၂/စခန(နိုင်)၀၀၄၉၀၂၊ ဦးကံထွန်း ၁၂/အလန(နိုင်)၀၀၇၀၀၂၊ ဦးတင်မောင်ထွန်း ၁၂/ဥကတ(နိုင်)၁၀၁၃၇၁၊ ဦးထွန်းထွန်း ၁၀/မဒန(နိုင်)၀၁၀၈၃၃၊ ဒေါ်ရီရီထွန်း ၁၂/ဥကတ(နိုင်)၁၀၁၆၄၉၊ ဦးငွေထွန်း ၁၂/ဥကတ(နိုင်)၁၀၇၆၈၀၊ ဒေါ်ခင်ခင်ထွန်း ၁၂/ဥကတ(နိုင်)၁၀၂၁၄၂၊ ဒေါ်သီတာထွန်း ၁၂/ဥကတ(နိုင်)၁၀၁၄၇၇ တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၇၅၁ (၂-၁၀-၁၃)၊ ၁၉၈၃၈(၁၅-၁၀-၁၃)တို့ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဦးငွေထွန်း ၁၂/ဥကတ(နိုင်)၁၀၇၆၈၀နှင့် ဦးကံထွန်း ၁၂/ အလန(နိုင်)၀၀၇၀၀၂ တို့က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၁၄၂(၂၄-၁၀-၁၃)၊ ၁၄၁(၂၄-၁၀-၁၃)တို့တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်သည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

မြန်မာ့အလင်း

27th SEA GAMES MYANMAR 2013 NAY PYI TAW

<၂၇>ကြိမ်မြောက်
အရှေ့တောင်အာရှ
အားကစားပြိုင်ပွဲ
အထူးကဏ္ဍ

27th SEA Games Special

2013, December 18, Wednesday

# အမျိုးသမီးမီတာ ၅၀၀၀ ပြေးပွဲ ဖြူဝါသက်က အိမ်ရှင်မြန်မာအတွက် ရွှေတံဆိပ်ဆုဆွတ်ခူးပေး

**နေပြည်တော်　ဒီဇင်ဘာ　၁၇**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း)များကို ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းက ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပသော အမျိုးသမီး မီတာ ၅၀၀၀ ပြေးပွဲတွင် အိမ်ရှင်မြန်မာက ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိသွားသည်။

အဆိုပါပြိုင်ပွဲတွင် ဖြူဝါသက်က အင်ဒိုနီးရှား၊ လာအိုတို့မှ အပြေးမယ်များနှင့် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ပြီး မီတာ ၅၀၀၀ ပြေးပွဲတွင် မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆုဆွတ်ခူးပေးလိုက်ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အင်ဒိုနီးရှားနိုင်ငံမှ Triyaningsih Triyaningsih က ဒုတိယ ငွေတံဆိပ်ဆု ဆွတ်ခူးရရှိသွားခဲ့သည်။ ၄င်းအမျိုးသမီး မီတာ ၅၀၀၀ ပြေးပွဲတွင် ခင်မာဆယ်က တတိယကြေးတံဆိပ်ဆု ဆွတ်ခူးပေးနိုင်ခဲ့သည်။

အမျိုးသားမီတာ ၅၀၀၀ ပြေးပွဲတွင် ဗီယက်နမ်နိုင်ငံမှ Van Lai Nguyen က စံချိန် ၁၄ မိနစ် ၁၉ ဒသမ ၃၅ စက္ကန့်ဖြင့် ပထမ ရွှေတံဆိပ်ဆုဆွတ်ခူးသွားခဲ့သည်။ ယင်းပြိုင်ပွဲတွင် ထိုင်းမှ Boonthung Srisung က ငွေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံမှ Ridwan Ridwan က ကြေးတံဆိပ်ဆွတ်ခူးခဲ့သည်။ မီတာ ၅၀၀၀ ပြေးပွဲ အမျိုးသားပြိုင်ပွဲတွင် အိမ်ရှင်မြန်မာနိုင်ငံမှ စိုးမင်းသူနှင့် မောင်ချက်တို့က နံပါတ်(၆)နှင့် နံပါတ်(၇)သာချိတ်နိုင်ခဲ့သည်။

အိမ်ရှင်မြန်မာနိုင်ငံက ပြေးခုန်ပစ်အားကစားနည်းတွင် ယမန်နေ့က အမျိုးသမီးကီလိုမီတာ ၂၀ ဗိုလ်စွဲခဲ့ပြီးနောက် ယခုဗိုလ်စွဲနိုင်ခဲ့ခြင်းမှာ ဒုတိယမြောက် ရွှေတံဆိပ်ဆု ဆွတ်ခူးပေးလိုက်ခြင်းဖြစ်သည်။ ယမန်နေ့က မာရသွန်ပြိုင်ပွဲများတွင် အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲနှစ်မျိုးစလုံး ဝင်ရောက်ယှဉ်ပြိုင်စဉ် အိမ်ရှင်မြန်မာက ငွေတံဆိပ်ဆုနှစ်ဆု ဆွတ်ခူးပေးနိုင်ခဲ့သည်။ မာရသွန်ပြိုင်ပွဲတွင် သောင်းအေးက အမျိုးသားပြိုင်ပွဲ၌လည်းကောင်း၊ မြင့်မြင့်အေးက အမျိုးသမီးပြိုင်ပွဲ၌လည်းကောင်း ငွေတံဆိပ်ဆုများ ဆွတ်ခူးပေးခဲ့ကြသည်။ အမျိုးသမီးမာရသွန်တွင် ပပက အိမ်ရှင်အတွက် ကြေးတံဆိပ်ဆု ဆွတ်ခူးပေးနိုင်ခဲ့သည်။

ပြေးခုန်ပစ်အားကစားပွဲများကို ဒီဇင်ဘာ ၁၅ ရက်မှ စတင်ယှဉ်ပြိုင်ကစားလျက်ရှိရာ ၁၆ ရက်နေ့ ပြိုင်ပွဲများအပြီး ထိုင်းကရွှေတံဆိပ်ဆု ခုနစ်ဆုဆွတ်ခူးပြီး ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ မြန်မာ၊ ဖိလစ်ပိုင်နှင့် စင်ကာပူတို့က ရွှေတံဆိပ်နှစ်ဆုစီ ဆွတ်ခူးထားသည်။ ယင်းပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ၄၆ ခု ပေးမည်ဖြစ်သည်။ ဒီဇင်ဘာ ၁၈ ရက်တွင် အမြင့်ခုန်၊ မီတာ ၃၀၀၊ မီတာ ၂၀၀၊ ဆယ်မျိုးစုံ၊ လှံတံပစ်၊ အလျားခုန်ပြိုင်ပွဲများ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ဒီဇင်ဘာ ၁၉ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-မောင်ကျော်ကြီး**

## ဗိုဗီနမ်ပြိုင်ပွဲ ယနေ့စတင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ရွှေတံဆိပ် ၁၈ ခုပေးအပ်မည်

**သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-ဇူလိုင်မိုး**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းအားကစားပြိုင်ပွဲ ဗိုဗီနမ်ပြိုင်ပွဲ ပွဲစဉ်များကို ဒီဇင်ဘာ ၁၈ ရက်တွင် နေပြည်တော်ရှိ ဇေယျာသီရိအားကစားရုံအတွင်း ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအသင်းအောင်မြင်မှုရရှိရေး လေ့ကျင့်မှုများ အားရကျေနပ်ဖွယ်ရှိကြောင်း မြန်မာဗိုဗီနမ်အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူက ပြောကြားသည်။

ဗိုဗီနမ်အားကစားနည်းအတွက် ပြည်တွင်းပြည်ပပူးတွဲလေ့ကျင့်မှုများအပြင် ဆီးဂိမ်းအကြိုသရုပ်ပြပွဲနှင့် ပြိုင်ပွဲများလည်း ကျင်းပခဲ့ပြီး ကစားသမားများကို လေ့ကျင့်ပေးထားကြောင်းသိရသည်။

ဆီးဂိမ်းပြိုင်ပွဲ ဗိုဗီနမ်ပွဲစဉ်များကို ဒီဇင်ဘာ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအသင်းက ဆီးဂိမ်းတွင်ပေးအပ်မည့် ဗိုဗီနမ်အားကစားမှ ရွှေတံဆိပ် ၁၈ ခုအနက် အနည်းဆုံးသုံးဆုမျှော်မှန်းထားပြီး ထပ်မံရရှိနိုင်ရေး ကြိုးစားယှဉ်ပြိုင်မည်ဖြစ်သည်။

"ကျွန်တော်တို့အကောင်းဆုံး ပြင်ဆင်ထားပါတယ်။ ဗိုဗီနမ်က ကျွန်တော်တို့တိုင်းပြည်ရဲ့ ရိုးရာအားကစားနည်းမဟုတ်တဲ့အတွက် အားနည်းချက်တွေတော့ အများကြီးရှိနိုင်မှာဖြစ်ပါတယ်။ ဒါပေမယ့် ဆီးဂိမ်းမတိုင်ခင် တစ်နှစ်ကျော်ကတည်းက **စာမျက်နှာ ၄ »**

# ငွေဆောင်ကမ်းခြေတွင် သက်ငယ်တန်းအပွဲ့လိုက် ရွက်လှေပြိုင်ပွဲများကျင်းပ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ငွေဆောင်ပင်လယ်ကမ်းခြေတွင် ကျင်းပလျက်ရှိသည့်ရွက်လှေပြိုင်ပွဲတွင် သတင်းယူကြသည့်မီဒီယာများအတွက် သီးသန့်ဘုတ်စီစဉ်ပေးထားကြောင်း သိရသည်။

ရွက်လှေအားကစားနည်းသည် အခြားသောအားကစားနည်းများကဲ့သို့ တစ်နေရာတည်းတွင် ယှဉ်ပြိုင်ကြရသည့် အားကစားနည်းမျိုးမဟုတ်ဘဲ ကမ်းခြေမှရေမိုင် ၁၀ မိုင်၊ ၁၅ မိုင်ခန့်အတွင်း သွားရောက်ယှဉ်ပြိုင်ကြရသည့် ကစားနည်းဖြစ်သောကြောင့် သတင်းယူသည့် မီဒီယာများအနီးကပ်ကြည့်ရှု သတင်းများရယူနိုင်အောင် သီးသန့်ဘုတ်စီစဉ်ပေးထားကြောင်း သိရသည်။

(၂၇)ကြိမ်မြောက် ငွေဆောင်ဆီးဂိမ်းရွက်လှေပြိုင်ပွဲကို ဒီဇင်ဘာ ၁၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၅ ရက်တွင်စတင်ကျင်းပလာခဲ့ရာယနေ့တွင် တတိယမြောက်နေ့ပြိုင်ပွဲများကျင်းပခဲ့ပြီးဖြစ်သည်။

အဆိုပါရွက်လှေပြိုင်ပွဲများကျင်းပစဉ်တွင် ပြည်တွင်းမီဒီယာများအနေဖြင့် သတ်မှတ်ပေးထားသည့် ရေမိုင်အထိ သီးသန့်ဘုတ်များဖြင့် သွားရောက်သတင်းများရယူနိုင်ခဲ့ကြသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ရွက်လှေပြိုင်ပွဲများကို အိမ်ရှင်အဖြစ် ၁၉၆၁ ခုနှစ်တွင် ရန်ကုန်မြို့ အင်းလျားကန်တွင်လည်းကောင်း၊ ၁၉၆၉ ခုနှစ်တွင် ရခိုင်ပြည်နယ် ငပလီကမ်းခြေတွင်လည်းကောင်း ကျင်းပနိုင်ခဲ့ပြီး၊ ယခု ၄၄ နှစ်အကြာ ၂၀၁၃ခုနှစ် ဒီဇင်ဘာလတွင် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ပင်လယ်ကမ်းခြေတွင် ကျင်းပလျက်ရှိကြောင်း သိရသည်။ **သတင်း-သူဇာနွယ်(ဖျာပုံ)၊ ဓာတ်ပုံ-အောင်မင်း**

# အမျိုးသမီးအားကစားပစ္စတိုသေနတ်ပစ်ပြိုင်ပွဲပြီးဆုံး ဗီယက်နမ်မှ ရွှေတံဆိပ်ခုနစ်ခုဆွတ်ခူးရရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

အမျိုးသမီးအားကစား ပစ္စတိုသေနတ်ပစ်ပြိုင်ပွဲ 25M Sport Pistol Women ၏ အမြန်ပစ်ခတ်စဉ် ပွဲစဉ်များကိုယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ သေနတ်ပစ် အားကစားကွင်း၌ ပြိုင်ပွဲဝင်များမှ ဝင်ရောက်ယှဉ်ပြိုင်ကြရာ ပထမစီးရီးပစ်ခတ်စဉ်တွင် နိုင်ငံအလိုက် သေနတ်ပစ်ကစားသမား ၁၂ ဦးမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဒုတိယစီးရီးပစ်ခတ်စဉ်တွင် နိုင်ငံအလိုက် သေနတ်ပစ်အားကစားသမား ခြောက်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကာ အဆိုပါ နိုင်ငံအလိုက် သေနတ်ပစ်အားကစားသမား ၁၈ ဦးတို့မှ တစ်စီးရီးတွင် ကျည်အတောင့်ရေ ငါးတောင့်ပါ ခြောက်စီးရီးဖြင့် ကျည်အတောင့် ၃၀ကို ပစ်ခတ်ပြိုင်ပွဲဝင်ခဲ့ကြသည်။

ထို့နောက် ဒီဇင်ဘာ ၁၆ ရက်က အမျိုးသမီးအားကစားပစ္စတိုသေနတ်ပစ်ပြိုင်ပွဲ 25M Sport Pistol Women မှ ယှဉ်ပြိုင်ခဲ့ကြသော စုစုပေါင်းရရှိအမှတ်များနှင့် ယနေ့ အမြန်ပစ်ခတ်စဉ် ပွဲစဉ်များ၏ စုစုပေါင်းရမှတ်များမှ ရလဒ်များတွင် အမျိုးသမီးအားကစား ပစ္စတိုသေနတ်ပစ်ပြိုင်ပွဲအသင်းလိုက်ပွဲစဉ်များတွင် ဗီယက်နမ်အသင်းမှ စုစုပေါင်းရမှတ် ၁၇၀၆ ဒသမ ၄၀ မှတ်ဖြင့် ပထမဆု (ရွှေတံဆိပ်)၊ စင်ကာပူအသင်းမှ စုစုပေါင်းရမှတ် ၁၆၉၉ ဒသမ ၃၄ မှတ်ဖြင့် ဒုတိယဆု(ငွေတံဆိပ်)၊ ထိုင်းအသင်းမှ စုစုပေါင်းရမှတ် ၁၆၉၅ဒသမ ၃၉ မှတ်ဖြင့် တတိယဆု (ကြေးတံဆိပ်) တို့ဖြင့် အသီးသီးဆွတ်ခူးခဲ့ကြသည်။

ယင်းနောက် နိုင်ငံအလိုက် သေနတ်ပစ် အားကစားသမားများထဲမှ အနေး၊ အမြန် ပစ်ခတ်ပွဲစဉ်များတွင် အမှတ်အများဆုံးရရှိသူ ရှစ်ဦးကို ရွေးချယ်ခဲ့ကာ Final Shooting တစ်ဦးချင်းအလိုက် 25M Sport Pistol Women အမျိုးသမီးအားကစားပစ္စတို သေနတ်ပစ်အားကစားပြိုင်ပွဲကို နံနက် ၁၁ နာရီခွဲတွင် ကျင်းပသည်။ Final Shooting တစ်ဦးချင်းအလိုက် 25M Sport Pistol Women အမျိုးသမီးအားကစား ပစ္စတိုသေနတ်ပစ်အားကစားပြိုင်ပွဲတွင် အမှတ်အရေအတွက်နည်းသော လေးဦးမှာ ထွက်ရပြီး ကျန်အမှတ်အရေအတွက်များသော လေးဦးထဲမှ စတုတ္ထနှင့်တတိယရရှိသောသူသည် ကြေးတံဆိပ်လုယူရမည်ဖြစ်ကာ ပထမနှင့် ဒုတိယနေရာတွင်ရှိသောသူသည် ပထမဆု(ရွှေတံဆိပ်)လုယူရမည်ဖြစ်သည်။ ထိုကဲ့သို့ ဆုတံဆိပ်လုယူကြရာတွင် ပြိုင်ပွဲဝင်နှစ်ဦးထဲမှ အမှတ် ၇ မှတ်အရင်ရရှိသောသူသည် ပထမဆု(ရွှေတံဆိပ်)ကို အနိုင်ရရှိမည်ဖြစ်ပြီး အမှတ် ၇ မှတ် မည်သည့်ရမှတ်မဆို တူညီပါက အနိုင်အရှုံးပေါ်သည်အထိ ပစ်ခတ်ရမည်ဖြစ်သည်။

တတိယဆု(ကြေးတံဆိပ်)လုယူရာတွင်လည်း ဗီယက်နမ်မှ ၉ မှတ်၊ မလေးရှားမှ ၇ မှတ်ဖြင့် ဗီယက်နမ်မှ တတိယဆု(ကြေးတံဆိပ်)ကို ဆွတ်ခူးရရှိခဲ့ခြင်းလည်းဖြစ်ပြီး ပထမဆု (ရွှေတံဆိပ်)လုယူရာတွင် စင်ကာပူမှ

အမှတ် ၇ မှတ်၊ မလေးရှားမှ အမှတ် ၅မှတ်ဖြင့် စင်ကာပူမှ ပထမဆု(ရွှေတံဆိပ်)ရရှိသွားခြင်းဖြစ်ကာ မလေးရှားမှ ဒုတိယဆု(ငွေတံဆိပ်)ကို ဆွတ်ခူးရရှိသွားခြင်းလည်းဖြစ်သည်။

ယနေ့ ပြီးဆုံးခဲ့သော ဆီးဂိမ်း သေနတ်ပစ်အားကစားပြိုင်ပွဲအမှတ်စာရင်းများအရ မြန်မာနိုင်ငံက ပထမဆု(ရွှေတံဆိပ်)တစ်ဆု၊ ဒုတိယဆု (ငွေတံဆိပ်)နှစ်ဆု၊ တတိယဆု (ကြေးတံဆိပ်)တစ်ဆုကို လည်းကောင်း၊ မလေးရှားနိုင်ငံကပထမဆု (ရွှေတံဆိပ်)တစ်ဆု၊ ဒုတိယဆု (ငွေတံဆိပ်) သုံးဆု၊ တတိယဆု (ကြေးတံဆိပ်) လေးဆုကိုလည်းကောင်း၊ စင်ကာပူနိုင်ငံက ပထမဆု (ရွှေတံဆိပ်)တစ်ဆု၊ ဒုတိယဆု (ငွေတံဆိပ်)လေးဆု၊ တတိယဆု (ကြေးတံဆိပ်) သုံးဆုကိုလည်းကောင်း၊ ထိုင်းနိုင်ငံက ပထမဆု(ရွှေတံဆိပ်) နှစ်ဆု၊ ဒုတိယဆု(ငွေတံဆိပ်)နှစ်ဆု၊ တတိယဆု (ကြေးတံဆိပ်) နှစ်ဆုကိုလည်းကောင်း၊ ဗီယက်နမ်နိုင်ငံက ပထမဆု(ရွှေတံဆိပ်)ခုနစ်ဆု၊ ဒုတိယဆု (ငွေတံဆိပ်)တစ်ဆု၊ တတိယဆု (ကြေးတံဆိပ်) နှစ်ဆုကိုလည်းကောင်း အသီးသီးဆွတ်ခူးရရှိထားကြောင်း မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်မှ ထုတ်ပြန်ချက်အရ သိရသည်။

**သတင်း-စိုးဝင်း(SP)**
**ဓာတ်ပုံ**
**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဂျူဒိုအားကစားပြိုင်ပွဲ လာအိုအသင်း လေ့ကျင့်ကွင်းဆင်းလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှဆီးဂိမ်းပြိုင်ပွဲ၏ ဂျူဒိုအားကစားပြိုင်ပွဲအတွက် လာအိုနိုင်ငံမှ အားကစားသမားများသည် ယနေ့ နံနက်ပိုင်းတွင် ဇေယျာသီရိ အားကစားရုံ(C)တွင် လေ့ကျင့်ကွင်းဆင်းလျက်ရှိသည်။

ဂျူဒိုအားကစားပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံပေါင်း ကိုးနိုင်ငံရှိပြီး လာအိုအသင်းမှ ဂျူဒိုကစားနည်းတွင် ကုမိ (အတိုက်) နှင့် ခတ (အပြ) ဟူ၍ နှစ်မျိုးရှိပြီး လာအိုအသင်းအနေဖြင့် ခတတွင် အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး ပါဝင် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ကုမိ တွင် ၁၂ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး စုစုပေါင်း ၁၆ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး**

# အင်ဒိုနီးရှားကို မြန်မာအမျိုးသမီးဟော်ကီအသင်း အနိုင်ရ

**ရန်ကုန် ဒီဇင်ဘာ ၁၇**

ရန်ကုန်မြို့ သိမ်ဖြူအားကစားကွင်း၌ ကျင်းပလျက်ရှိသော အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး၏ အားကစားနည်းတစ်ရပ်ဖြစ်သည့် ဟော်ကီပြိုင်ပွဲကို ဆက်လက်ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက် နံနက် ၁၁ နာရီတွင် ကမ္ဘောဒီးယားနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ရာ စင်ကာပူမှ ၁၆ ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူခဲ့ပြီး မွန်းလွဲ ၁ နာရီပွဲစဉ်တွင် ပရိသတ်များ စိတ်ဝင်တစား သောင်းသောင်းဖြဖြ အားပေးခဲ့သည့် မြန်မာအမျိုးသမီးအသင်းနှင့် အင်ဒိုနီးရှားအမျိုးသမီးအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။

ပထမပိုင်းတွင် အင်ဒိုနီးရှားအသင်း၏ တိုက်စစ်ကို ဂိုးသမားနှင့်အတူ အသင်းသားအားလုံးဂိုးမပေးရရေး အနာခံကာကွယ်နိုင်ခဲ့၍ ပြိုင်ဘက် အသင်းအတွက် ဂိုးသွင်းခွင့်များ ပျောက်ကွယ်ခဲ့ရသည်။

ဒုတိယပိုင်းပွဲစဉ် စလျှင်စချင်းမြန်မာအသင်းမှဖိ၍တိုက်စစ်၊ ခံစစ်ဖြင့် တစ်သင်းလုံးတက်၊ ဆင်းကစားခဲ့ရာ ၂၃မိနစ် ၃၃ စက္ကန့်တွင် ကျောနံပါတ် (၈)အေးအေးမာ၏ လျှပ်တစ်ပြက် ရိုက်ချက်ဖြင့် မြန်မာအသင်း အဖွင့် ဂိုးရရှိခဲ့ရာ ကွင်းလုံးပြည့်ဟိန်းသော ဩဘာသံဖြင့် ကစားကွင်းကို ဖုံးလွှမ်းစေခဲ့သည်။ ၁၉၈၀ ခုနှစ်မှစ၍ဟော်ကီအသင်းကို တည်ထောင်ခဲ့သော အင်ဒိုနီးရှားအမျိုးသမီးအသင်းကို ရှစ်လတာစခန်းသွင်း၍ အားကစားနည်းသစ် တစ်မျိုးကို ယှဉ်ပြိုင်ကစားခဲ့ရသော မြန်မာအမျိုးသမီးဟော်ကီအသင်းအား ပွဲကြည့်ပရိသတ်က ကောင်းချီးဩဘာပေးသံများဖြင့် ပြည့်လျှံစေခဲ့သည်။

"ကျွန်တော်တို့ စင်ကာပူနဲ့ တတိယနေရာလုရမယ်၊ ထိုင်းနဲ့ မလေးရှားက ပထမနေရာလုရမယ်။ ၂၀ ရက်နေ့ ဗိုလ်လုပွဲကစားမှာပါ။ မနေ့က ဘောလုံးအသင်း ရှုံးပွဲကို အကြွေးဆပ်ပေးလိုက်တဲ့သဘောပါ။ ပရိသတ်ရဲ့ မျက်ဝန်းတွေမှာလည်း အားရကျေနပ်တဲ့အရိပ်အယောင်တွေမြင်တွေ့ရတဲ့အတွက် ကျွန်တော်နဲ့အတူ တစ်သင်းလုံး ပျော်ရွှင်နေကြပါတယ်" ဟု မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးစောလုလုထော်က ပြောကြားခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ**
**သန်းထိုက်(လှိုင်သာယာ)**

အဖွဲ့လိုက် အမျိုးသမီးတာဝေး စက်ဘီးစီးပြိုင်ပွဲများ ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက ဆက်လက်ကျင်းပရာ ပျဉ်းမနားမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအနီးတွင် ဦးဆောင်နင်းလာသည့် ဗီယက်နမ်နိုင်ငံမှ အမျိုးသမီး စက်ဘီးစီးအဖွဲ့နှင့် ပြိုင်ပွဲဝင်စက်ဘီးစီးအားကစားသမားများအား ဒေသခံပြည်သူများက ဝိုင်းဝန်းအားပေးစဉ်။

ချမ်းသာ(မိတ္ထီလာ)

# မြင်းစီးပြိုင်ပွဲ မြန်မာအဖွဲ့ ငွေတံဆိပ်ဆွတ်ခူး အင်ဒိုနီးရှားရွှေဆုရဖိုလ်စွဲ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ဆီးဂိမ်းပြိုင်ပွဲကြီး၏ အမျိုးသားအဖွဲ့လိုက် အလှခုန်မြင်းစီးပြိုင်ပွဲ 2nd Verteinary inspecting ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းရှိ မြင်းစီးကွင်း၌ ဒီဇင်ဘာ ၁၇ ရက် နံနက်ကကျင်းပရာ မြန်မာမြင်းစီးအားကစားသမားများဖြစ်ကြသော ထွန်းအောင်ဖြိုး၊ အောင်သူထွန်း၊ ဇော်ဝေနှင့်စောမောင်တို့အဖွဲ့ ငွေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြင်းစီးပြိုင်ပွဲအတွင်း အင်ဒိုနီးရှားနိုင်ငံမှ အက်ဂျန်ဒရီပန်နှင့်အဖွဲ့က ပထမဆုရွှေတံဆိပ်ဆုကိုလည်းကောင်း၊ မြန်မာနိုင်ငံမှ ထွန်းအောင်ဖြိုးနှင့်အဖွဲ့က ဒုတိယဆုငွေတံဆိပ်ဆုကိုလည်းကောင်း၊ မလေးရှားနိုင်ငံသား ရဒ်ဂျန်ဟန်နှင့်အဖွဲ့က တတိယဆုကြေးတံဆိပ်ဆုကိုလည်းကောင်း ဆွတ်ခူးသွားနိုင်ခဲ့သည်။ မြင်းစီးပွဲစဉ်များကို ဒီဇင်ဘာ ၁၈ ရက်အထိ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-ကိုကိုနေ**

# မြားပစ် Recurve ပြိုင်ပွဲတွင် အမျိုးသမီးအသင်းမှ ကြေးဆုရယူပေး

**နေပြည်တော် ဒီဇင်ဘာ ၁၇**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသား၊ အမျိုးသမီး မြားပစ်ပြိုင်ပွဲ Recurve ပွဲစဉ်များ၏ ဗိုလ်လုပွဲများကို ဒီဇင်ဘာ ၁၇ ရက် နံနက်က နေပြည်တော်ရှိ မြားပစ်ကွင်းအတွင်း ယှဉ်ပြိုင်ကြရာ အမျိုးသမီးအဖွဲ့လိုက် ပြိုင်ပွဲတွင် မြန်မာအသင်းက ကြေးတံဆိပ်ဆုရရှိခဲ့ကြောင်း သိရသည်။

အမျိုးသမီးပွဲစဉ်များကို စတင်ယှဉ်ပြိုင်ရာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရရှိခဲ့သည့် အင်ဒိုနီးရှားအသင်းနှင့် ထိုင်းအသင်း၊ ဗီယက်နမ်နှင့် မြန်မာအသင်းများ ယှဉ်ပြိုင်ကြပြီး အနိုင်ရယူခဲ့သည့်အင်ဒိုနီးရှားမြားပစ်မယ်များနှင့် ဗီယက်နမ်မြားပစ်မယ်များ ယှဉ်ပြိုင်ကစားရာ အင်ဒိုနီးရှားမှ Ika Yuliana Rochmawatiနှင့်အဖွဲ့က ရွှေတံဆိပ်ဆုရယူခဲ့ကြပြီး ဗီယက်နမ်မြားပစ်အားကစားမယ်များဖြစ်ကြသည့် Loc Thi Dao နှင့်အဖွဲ့က ဒုတိယ ငွေတံဆိပ်နှင့် မြန်မာနိုင်ငံ၏ မြားပစ်အားကစားမယ်များဖြစ်ကြသော သင်းသင်းခိုင်၊ စမ်းယုထွေး၊ သဇင်အောင်တို့မှာ တတိယ ကြေးတံဆိပ်ဆုများ ဆွတ်ခူးပေးခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားပွဲစဉ်များယှဉ်ပြိုင်ကစားရာ ဆီမီးဖိုင်နယ်သို့ မလေးရှားနှင့်မြန်မာ၊ အင်ဒိုနီးရှားနှင့် ထိုင်းအသင်းတို့တက်ရောက်ခဲ့ပြီး ယှဉ်ပြိုင်ရာ အနိုင်ရရှိသည့်မလေးရှားနှင့်ထိုင်းအသင်းမှာ ၂၁၃-၂၁၂ မှတ်ရရှိကာ တစ်မှတ်အသာဖြင့် မလေးရှားအသင်းက ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ပြီး ထိုင်းအသင်းမှာ တစ်မှတ်ဖြင့် ဒုတိယဆုကိုသာရရှိခဲ့သည်။ တတိယဆုနေရာလုပွဲတွင်လည်း မြန်မာအသင်းက အင်ဒိုနီးရှားအသင်းကို ၁၉၈-၂၀၂ ရမှတ်ဖြင့် လေးမှတ်အသာပေးခဲ့ရကာ ကြေးတံဆိပ်ဆုနှင့် လွဲချော်ခဲ့ရသည်။

**ခင်ရတနာ**

# အမျိုးသမီးတစ်ဦးချင်း စက်ဘီးပြိုင်ပွဲတွင် ထိုင်းနိုင်ငံမှ ရွှေတံဆိပ်ဆုအပါအဝင် နှစ်ခုဆွတ်ခူး

**နေပြည်တော် ဒီဇင်ဘာ ၁၇**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အမျိုးသမီးတစ်ဦးချင်း(128km) ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် လိန်းလီတံတားမှ တာလွှတ်ယှဉ်ပြိုင်ကစားခဲ့သည်။ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ တီမော၊ ဗီယက်နမ်၊ မြန်မာနိုင်ငံတို့မှ ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲကို ဂျပန်နိုင်ငံမှ ဒိုင် Matsuku Ra-NobuhIro က တာဝန်ထမ်းဆောင်သည်။

ပြိုင်ပွဲကျင်းပရာ လမ်းကြောင်းပေါ်ရှိ မြို့အသီးသီးမှ ပရိသတ်များစွာ အားပေးခဲ့ကြသည်။ လိန်းလီတံတားမှ ကင်းသာလမ်းဆုံကို ကျော်ဖြတ်ပြီး၊ ရန်ကုန်-မန္တလေး လမ်းဟောင်းအတိုင်း စီးနင်းပြီး ပျဉ်းမနားမြို့သို့ ဖြတ်ကျော်ကာ နေပြည်တော် လယ်ဝေးမြို့တွင် ပန်းဝင်ခဲ့ကြသည်။ ပြိုင်ပွဲတွင် ထိုင်းနိုင်ငံမှ No(71) KUNLAPHA Wilalwan က(၄း၁၁း၁၇) စံချိန်ဖြင့် ပထမဆုရွှေတံဆိပ် ဆွတ်ခူးခဲ့သည်။ ဆက်လက်၍ ထိုင်းနိုင်ငံမှ No(72)MANEEPHAN Jutatip က (၄း၁၅း၀၇) ဖြင့် ဒုတိယဆုရယူခဲ့ပြီး ဗီယက်နမ်နိုင်ငံမှ No (87) NGUYEN Thi That က (၄း၁၅း၀၇) ဖြင့် တတိယဆု အသီးသီး ရယူခဲ့သည်။ ပြိုင်ပွဲယှဉ်ပြိုင်ရာတွင် မြန်မာနိုင်ငံမှ No (46)Naing Kake Khaneက ရှစ်ဦးမြောက်နေရာမှ ပန်းဝင်ခဲ့သည်။

ပြိုင်ပွဲကို မြန်မာနိုင်ငံ စက်ဘီးစီးအဖွဲ့ချုပ်မှ ဥက္ကဋ္ဌ ဦးသာဌေးက ဆုတံဆိပ်များ ချီးမြှင့်ခဲ့ကာ ဇနီး ဒေါ်ကြည်ခင်က အထိမ်းအမှတ်အရုပ်များအား ဆုရရှိသူများထံ ပေးအပ်ချီးမြှင့်ခဲ့ကာ အခမ်းအနားကို လယ်ဝေးမြို့၌ ပရိသတ်ပြည်သူများနှင့် စည်ကားအောင်မြင်စွာ ပြီးဆုံးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ကိုမျိုး(ရွှေပေါက်ကံ)**

# ခုနစ်ထွေအားကစားဆိုသည်မှာ...

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ဆီးဂိမ်းပြိုင်ပွဲ ပြေးခုန်ပစ်အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပလျက်ရှိရာ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပသော ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီးခုနစ်ထွေအားကစား Women ,Heptathlon ပြိုင်ပွဲတွင် ထိုင်းမှ Wassana Winatho က ၅၅၅၆မှတ်ဖြင့် ပထမရွှေတံဆိပ်ဆု ဆွတ်ခူးသွားခဲ့သည်။

ဖိလစ်ပိုင်မှ Narcisa Atienza က အမှတ် ၅၂၄၁ မှတ်ဖြင့် ငွေတံဆိပ်၊ ထိုင်းမှ Khotsee mueang က ၅၁၅၂ မှတ်ဖြင့် ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ အဆိုပါ ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာ နိုင်ငံမှ နော်ရီရီသန်းက ၃၇၅၆ မှတ်ဖြင့် စတုတ္ထရသည်။ ၄င်းပြိုင်ပွဲတွင် ချောချောက ၃၅၂၁ မှတ်ဖြင့် ပဉ္စမနေရာမှ လိုက်နိုင်ခဲ့သည်။

### ဗိုလ်စွဲ

ခုနစ်မျိုးစုံ အားကစားဟုခေါ်သည့် ခုနစ်ထွေအားကစားပြိုင်ပွဲတွင် မီတာ ၁၀၀ တန်းကျော်၊ အမြင့်ခုန်၊ သံလုံးပစ်၊ မီတာ ၂၀၀ ပြေးပွဲ၊ အလျားခုန်၊ လှံတံပစ်နှင့် မီတာ ၅၀၀ ပြေးပွဲများ ပါဝင်သည်။ ယင်းပြိုင်ပွဲအမျိုးအစားခုနစ်မျိုး ရမှတ်များကိုပေါင်းပြီး အမှတ်အများဆုံးကစားသမားသည် ဗိုလ်စွဲခြင်းဖြစ်သည်။

အဆိုပါ ခုနစ်ထွေအားကစားနည်းသည် ပြေးခုန်ပစ်ဆိုသည့်အတိုင်း အပြေး၊ အခုန်၊ အပစ်စုံလင်အောင်ပါဝင်သော အားကစားနည်းဖြစ်သည်။ ပြေးခုန်ပစ်အားကစားသမားတစ်ဦးအနေဖြင့် စုံလင်အောင်ဘက်စုံကစားနေသော အားကစားနည်းလည်း ဖြစ်သည်။

မြန်မာ အားကစားသမားများအနေဖြင့် ယင်းပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေး မရခဲ့သော်လည်း အတွေ့အကြုံကောင်းများ ရယူနိုင်ခဲ့သည်။

**သတင်း-မောင်ရွှေရိုး**

**ဓာတ်ပုံ-ကျော်သူဝင်း**

# မြန်မာဘော်လီဘော အမျိုးသားအသင်း ထိုင်းအသင်းကို ဂိုးပြတ်ဖြင့်အနိုင်ရ

**နေပြည်တော် ဒီဇင်ဘာ ၁၇**

ဆီးဂိမ်းပြိုင်ပွဲ၏ ဘော်လီဘောပြိုင်ပွဲ ပွဲစဉ်များကို ဒီဇင်ဘာ ၁၇ ရက်က နေပြည်တော် ဇေယျာသီရိအားကစားကွင်းအတွင်း ဆက်လက်ကျင်းပရာ အမျိုးသား အာဆီယံပတ်လည်ပြိုင်ပွဲ မြန်မာနှင့်ထိုင်းအသင်း ယှဉ်ပြိုင်ကစားကြရာတွင် မြန်မာအသင်းက ထိုင်းအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရှိရသည်။

ယနေ့တွင် အမျိုးသမီးပွဲစဉ်များ၌ မလေးရှားနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဗီယက်နမ်အသင်းက မလေးရှားအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဘော်လီဘောပြိုင်ပွဲ၏ ဗိုလ်လုပွဲစဉ်နှင့် အကြိုဗိုလ်လုပွဲများ နီးကပ်လာသည့်အတွက် အမျိုးသမီးနှင့် အမျိုးသား ဘော်လီဘောအသင်းများ အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင်လျက်ရှိသည်။

**ကိုကိုနေ**

# ကမ်ပိုအားကစားပြိုင်ပွဲ အမျိုးသားအုပ်စု အသင်းလိုက်အပြပြိုင်ပွဲတွင်

# မြန်မာအသင်းက ပွဲဦးထွက် ရွှေတံဆိပ်ဆွတ်ခူး

**ရန်ကုန်　ဒီဇင်ဘာ　၁၇**

ယနေ့ နံနက် ၉ နာရီက စတင်ကျင်းပသော (၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်ကြီး၏ ကမ်ပိုအားကစားပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး အုပ်စုအသင်းလိုက် အပြပြိုင်ပွဲကို စတင်ကျင်းပရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်ကြည့်ရှုအားပေးပြီး နိုင်ငံ့ဂုဏ်ဆောင် မြန်မာအမျိုးသားအသင်းက ပွဲဦးထွက် ရွှေတံဆိပ်ဆွတ်ခူး ပေးလိုက်သည်။ အဆိုပါကမ်ပိုအားကစားပြိုင်ပွဲများအတွင်း တီမောလက်စ်တေ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနိုင်ငံတို့မှ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အမျိုးသားအသင်းလိုက် လေးယောက်အုပ်စု အပြပြိုင်ပွဲ၌ မြန်မာအသင်းမှ စိုးမိုးလွင်၊ သန်းတိုးအောင်၊ တင်ဝင်းထွန်း၊ ဇော်ထက်နိုင်တို့ ပါဝင်သောအသင်းက ပထမဆု (ရွှေတံဆိပ်)၊ အင်ဒိုနီးရှား အသင်းမှ ဒုတိယဆု(ငွေတံဆိပ်)နှင့် လာအိုအသင်းမှ တတိယဆု(ကြေးတံဆိပ်) ဆွတ်ခူးရရှိခဲ့ပြီး အမျိုးသမီးအသင်း လိုက် လေးယောက်အုပ်စု အပြပြိုင်ပွဲ၌ တီမောလက်စ်တေအသင်းမှ ပထမဆု (ရွှေတံဆိပ်)ကိုလည်းကောင်း၊ လာအို အသင်းမှ ဒုတိယဆု(ငွေတံဆိပ်)နှင့် အင်ဒိုနီးရှားအသင်းက တတိယဆု(ကြေးတံဆိပ်)တို့ ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**စိုးဝင်း(SP)**

**(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ကမ်ပိုအားကစား အမျိုးသားအသင်းလိုက် လေးယောက် အုပ်စု အပြပြိုင်ပွဲ၌ မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်စဉ်။**

ဓာတ်ပုံ - မျိုးမင်းသိန်း(မရမ်းကုန်း)

# တိုက်ကွမ်ဒိုပြိုင်ပွဲ ယနေ့ကစားမည် မြန်မာတိုက်ကွမ်ဒို ရွှေလေးခုမျှော်မှန်း

**နေပြည်တော်　ဒီဇင်ဘာ　၁၇**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၁၈ ရက် ယနေ့ စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် အပြနှင့်အတိုက်ရှိပြီး ပြိုင်ပွဲများကို အရှေ့တောင်အာရှနိုင်ငံပေါင်း ၁၁ နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း တိုက်ကွမ်ဒိုအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

"အခုတိုက်ကွမ်ဒိုပြိုင်ပွဲကို ဒီဇင်ဘာ ၁၈ ရက် နံနက်မှာ စတင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဖွင့်ပွဲကိုတော့ မွန်းလွဲ ၂ နာရီမှာ ကျင်းပမှာဖြစ်ပါတယ်။ အားကစားသမားတွေကိုလည်း အစွမ်းကုန်လေ့ကျင့်ထားပါတယ်။ အားလည်းရပါတယ်။ ဒီပြိုင်ပွဲမှာ အနည်းဆုံး ရွှေလေးခုလောက်မှန်းထားပါတယ်။ အမျိုးအစားနှစ်မျိုးပါဝင်မှာဖြစ်ပြီး အပြနဲ့အတိုက်ဖြစ်ပါတယ်"ဟု မြန်မာတိုက်ကွမ်ဒိုနည်းပြချုပ် ဦးကျော်သန်းဦးက ပြောပြသည်။

တိုက်ကွမ်ဒိုပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်း Indoor Stadium(A) ၌ ယနေ့ နံနက်ပိုင်းတွင် စတင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ - ကျော်သူဝင်း**

» စာမျက်နှာ ၁ မှ

အောင်နိုင်ရေးအတွက် အစွမ်းကုန်ပြင်ဆင်ခဲ့ပါတယ်။ အဲဒီအတွက် ရွှေဆု အနည်းဆုံးသုံးဆုကတော့ ကျိန်းသေပါတယ်။ ဖွင့်ပွဲကို ဒီဇင်ဘာ ၁၈ ရက်မှာ ကျင်းပမှာဖြစ်ပြီး မြန်မာ့ရိုးရာ ဗန်တိုကိုယ်ခံသိုင်းပညာကို သရုပ်ပြပြီး အခမ်းအနားကို ဖွင့်လှစ်သွားမှာဖြစ်ပါတယ်"ဟု မြန်မာဗိုဗီနမ် အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူကရှင်းပြသည်။

ဗိုဗီနမ်အားကစားနည်းမှာ ဗီယက်နမ်နိုင်ငံ၏ ကိုယ်ခံအားကစားနည်းတစ်မျိုးဖြစ်ကာ မြန်မာ့သိုင်းနှင့်အနည်းငယ်ဆင်တူသည့်အတွက် မြန်မာ့သိုင်းအဖွဲ့ချုပ်က သိုင်းအားကစားသမားများကို နည်းစနစ်များ စတင်သင်ကြားပေးခဲ့ပြီး ဆီးဂိမ်းမစတင်မီကာလအတွင်းကပင် အခုန်အတိုက် လှပသည့်တိုက်ကွက်များကြောင့် ကြည့်ရှုသူနှင့် ဝါသနာရှင်များ စိတ်ဝင်စားခဲ့ကြသည်။